# သတိပဋ္ဌာနဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝုစ္စတေ သတိပဋ္ဌာနေတိ ဝိနိစ္ဆယော အယာစိတေန၊ ပကတိယာတိ ပဋိညာတကရဏံ။

## ကာလိက ၄-ပါးကို ပြခြင်း

အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိပစ္စယေ ပရိဘုဉ္ဇတိ။ ။

ဝိကာလဘောဇန သိက္ခာပဒ အနာပတ္တိဝါရ။

ဝိကာလေ၊ နေလွဲသော ကာလ၌၊ ယာမကာလိကံ၊ ယာမကာလိကကိုရင်း။ သတ္တာဟကာလိကံ၊ သတ္တာဟ ကာလိကကိုရင်း။ ယာဝဇီဝိကံ၊ ယာဝဇီဝိကကိုရင်း။ သတိပစ္စယေ၊ သတိဖြင့်ဆင်ခြင်လျက်၊ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။

အနာပတ္တိ ယာဝကာလိကံ ယာဝကာလေ နိဒဟိတွာ ဘုဉ္ဇတိ၊ ယာမကာလိကံ ယာမေ နိဒဟိတွာ ဘုဉ္ဇတိ၊ သတ္တာဟကာလိကံ သတ္တာဟံ နိဒဟိတွာ ဘုဉ္ဇတိ၊ ယာဝဇီဝိကံ သတိပစ္စယေ ပရိဘုဉ္ဇတိ။ ။

သန္နိဓိကာရက သိက္ခာပဒ အနာပတ္တိဝါရ။

ယာဝကာလိကံ၊ ယာဝကာလိကကို။ ယာဝကာလေ၊ နံနက်ကာလပတ်လုံး။ နိဒဟိတွာ၊ သိုမှီး၍၊ ဘုဉ္ဇတိ၊ သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ယာမကာလိကံ၊ ယာမကာလိကကို။ ယာမေ၊ နေ့ညဉ့်ယာမ်ပတ်လုံး။ နိဒဟိတွာ၊ သိုမှီး၍။ သတိပစ္စယေ၊ သတိဖြင့်ဆင်ခြင်လျက်၊ ဘုဉ္ဇတိ၊ သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။ သတ္တာဟ

ကာလိကံ၊သတ္တာဟကာလိကကို။သတ္တာဟံ၊ခုနစ်ရက်ပတ်လုံး။ နိဒဟိတွာ၊ သိုမှီး၍။ သတိပစ္စယာ၊ သတိဖြင့် ဆင်ခြင်လျက်။ ဘုဉ္ဇတိ၊သုံးဆောင်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ယာဝဇီဝိကံ၊ယာဝဇီဝိကကို။ သတိပစ္စယာ၊ သတိဖြင့်ဆင်ခြင်လျက်။ပရိဘုဉ္ဇတိ၊၏။ အနာပတ္တိ၊ မသင့်။

အနုဇာနာမိ ဘိက္ခဝေ ပဏ္ဏာနိ ဘေသဇ္ဇာနိ၊ နိမ္ဗပဏ္ဏံ။ ပ။ ယာနိ ဝါ ပနညာနိ အတ္ထိ၊ ပဏ္ဏာနိ ဘေသဇ္ဇာနိ နေဝ ခါဒနီယေ ခါဒနီယတ္ထံ ဖရန္တိ၊ န ဘောဇနီယေ ဘောဇနီယတ္ထံ ဖရန္တိ၊ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ၊ သတိ ပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိ ပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ။ ။ဘေသဇ္ဇခန္ဓက။

ဘိက္ခဝေ၊ ရဟန်းတို့။ပဏ္ဏာနိ၊ အရွက်ဖြစ်ကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကို။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ နိမ္ဗပဏ္ဏံ၊ တမာရွက်။ပ။ အညာနိ၊တမာရွက်စသည်မှ တပါးဖြစ်ကုန်သော။ပဏ္ဏာနိ၊ အရွက်ဖြစ်ကုန်သော။ယာနိဝါပန ဘေသဇ္ဇာနိ၊အကြင်ဆေးတို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။တာနိ ပဏ္ဏဘေသဇ္ဇာနိ၊ထိုအရွက်ဖြစ်သောဆေးတို့ကို။ပဋိဂ္ဂဟေတွာ၊အကပ်ခံ၍။ယာဝဇီဝံ၊အသက်ထက်ဆုံး။ ပရိဟရိတုံ၊ အခန့်သင့်ဆောင်ထားခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ အသတိပစ္စယေ၊ သတိဖြင့် မဆင်ခြင်ဘဲ။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ၊ဖြစ်၏။

တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ၊-ဟူသောပါဠိဖြင့်၊ ဂေလည အကြောင်းမရှိဘဲ ဆေးကိုအကပ်ခံလျှင်၊ ဒုက္ကဋ် အာပတ်သင့်၏ဟူသော အယူကို ပယ်သည်။

သတိပစ္စယေ ပရိဘုဉ္ဇိတုံ၊-ဟူသော ပါဠိဖြင့်၊ ဂေလည အကြောင်းမရှိဘဲ ဆေးကိုသုံးဆောင်လျှင်၊ ဒုက္ကဋ် အာပတ်သင့်၏ ဟူ

သော အယူကို ပယ်သည်။ ထို့အတူ၊ ဂေလညာ, ဆာတ, ပိပါသ အကြောင်းမရှိဘဲ၊ အကပ်ခံရာ သုံးဆောင်ရာ၊ ဒုက္ကဋ် အာပတ်သင့်၏ ဟူသော အယူကို ပယ်သည်။

သတ္တာဟံ နိဓဟိတွာ ဘုဉ္ဇတိ၊-ဟူသော ပါဌ်ဖြင့်၊ ဂေလညာ, ဆာတ အကြောင်းမရှိဘဲ၊ သတ္တာဟကာလိကကို အကပ်ခံလျှင် သုံးဆောင်လျှင်၊ ဒုက္ကဋ်အာပတ်သင့်၏ ဟူသော အယူကို ပယ်သည်။

ယာမေ နိဓဟိတွာ ဘုဉ္ဇတိ၊-ဟူသောပါဌ်ဖြင့်၊ ပိပါသ, ဆာတ, ဂေလညာ အကြောင်းမရှိဘဲ၊ ယာမကာလိကကို အကပ်ခံလျှင် သုံးဆောင်လျှင်၊ ဒုက္ကဋ်အာပတ်သင့်၏ ဟူသော အယူကိုပယ်သည်။

ထို့ကြောင့်၊ ပါဠိ၌ပင်တိုက်ရိုက် ဂေလညာ အကြောင်း, ဆာတ အကြောင်း,ပိပါသအကြောင်း မပါမလာ၊ တိုက်ရိုက် သတိပစ္စယေ— ဟူ၍သာ လာချေသည်။ သတိပစ္စယေ- ဟူသော ပုဒ်သည်လည်း၊ သတိ-ပုဒ်, ပစ္စယေ-ပုဒ် မဟုတ်၊ သတိပစ္စယေ-ဟု တပုဒ်ထည်းတည်း။ သတိ-သဒ္ဒါသည်လည်း၊ ဝိဇ္ဇမာနအနက်ကိုမဟော၊ အောက်မေ့ခြင်း သတိတရားကို ဟောသည်။ ပစ္စယ-သဒ္ဒါသည်လည်း၊ အကြောင်းအနက်ကိုမဟော၊ ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာ အနက်ကို ဟောသည်။ ထို့ကြောင့်၊ ရူပိယ သိက္ခာပဒ အဋ္ဌကထာ၌၊.....

> ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ။ ဧဝံ သန္တေပိ ပဋိဂ္ဂဟဏေ သတိံ ကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ၊ ပဋိဂ္ဂဟဏေ ပန သတိံ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။- ဟုမိန့်ပြီ။

ဘေသဇ္ဇဿ၊ ဆေးကို၊ ပဋိဂ္ဂဟဏေပိ၊ အကပ်ခံရာ၌၎င်း။ ပရိဘောဂေပိ၊ သုံးဆောင်ရာ၌၎င်း။ သတိပစ္စယတာ၊ သတိဖြင့် ဆင်ခြင်သည်၏အဖြစ်သည်။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံသန္တေပိ၊ ဤသို့ပင် အပ်သည်ဖြစ်သော်လည်း။ ပဋိဂ္ဂဟဏေ၊ အကပ်ခံရာ၌။ သတိံကတွာ၊ သတိပြု၍၊ ပရိဘောဂေ၊ သုံးဆောင်ရာ၌။ အကရောန္တဿေဝ၊ သတိမပြုသောရဟန်းအားသာလျှင်၊ အာပတ္တိ၊ အာပတ်သင့်၏။ ပဋိဂ္ဂဟဏေ ပန၊ အ

ကပ်ခံရာ၌ကား၊ သတိအကတ္တွာ၊ သတိမပြုမူ၍။ ပရိဘောဂေ၊ သုံးဆောင်ရာ၌၊ ကရောန္တဿ၊ သတိပြုသော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ။အဋ္ဌကထာအနက်။

ပဋိဘယတိ ဂန္တုံ ပစ္စဝေက္ခတီတိ ပစ္စယော၊ ပစ္စယဿ ဘာဝေါ ပစ္စယတာ၊ သတိယာ ပစ္စယတာ သတိပစ္စယတာ။ -ဟုဝိဂြိုဟ်ပြု။

ဤသို့ သတိပစ္စယေ-ပုဒ်၏ အရ၊ ဂေလည, ဆာတ, ပိပါသ အကြောင်းကိုဖွင့်ပြတော်မမူ၊ ပစ္စဝေက္ခဏာ သတိကိုသာ ဖွင့်ပြတော်မူချေသည်။ ထို့ကြောင့်၊ သတိပစ္စယတာ၌၊ ပစ္စယတာ ပစ္စယဘာဝေါ၊ ဂေလည,ဆာတ,ပိပါသ-ဟူသော အကြောင်းရှိသည်၏ အဖြစ်သည်၊ သတိ၊ ရှိသော်-ဟု ပါဠိတော် သတိပစ္စယေ သဒ္ဒါရိပ်ကို မလိုက်အောင်၊ ထေရသကဏ္ဍိကာ မဟာဋီကာ၌၊........

သတိပစ္စယတာတိ သတိယာ ပစ္စယဘာဝေါ၊ ပဋိဂ္ဂဟဏဿစ ပရိဘောဂဿစ ပစ္စဝေက္ခဏာ သတိယာ ပစ္စယဘာဝေါ ယုတ္တတိ။ ပစ္စဝေက္ခိတွာဝ ပဋိဂ္ဂဟေတဗ္ဗံ ပရိဘုဉ္ဇိတဗ္ဗဉ္စာတိ အတ္ထော။ တေနာဟ သတိံ ကတွာတိ အာဒိ၊ ဝေံ သန္တေပီတိ ယဒိပိ ဥဂ္ဂိသုပိ ဠာနေသု ပစ္စဝေက္ခဏာ ယုတ္တာ။ ဝေံ သန္တေပိ။-ဟု မိန့်ကုန်ပြီ။

သတိပစ္စယတာတိ၊ သတိပစ္စယတာ-ဟူသည်ကား။ သတိယာ၊ သတိဖြင့်။ ပစ္စယဘာဝေါ၊ ဆင်ခြင်သည်၏အဖြစ်သည်၊ ယုတ္တတိ၊ သင့်၏။ ပဋိဂ္ဂဟဏဿစ၊ အကပ်ခံခြင်းကိုရင်း၊ ပရိဘောဂဿစ၊ သုံးဆောင်ခြင်းကိုရင်း။ ပစ္စဝေက္ခဏာ သတိယာ၊ ဆင်ခြင်သော သတိဖြင့်။ ပစ္စယဘာဝေါ၊ ဆင်ခြင်သည်၏အဖြစ်သည်။ ယုတ္တတိ၊ သင့်၏။ ပစ္စဝေက္ခိတွာဝ၊ ဆင်ခြင်၍သာလျှင်။ ပဋိဂ္ဂဟေတဗ္ဗဉ္စ၊ အကပ်ခံလည်းခံအပ်၏။ ပရိဘုဉ္ဇိတဗ္ဗဉ္စ၊ သုံးဆောင်လည်း သုံးဆောင်အပ်၏။ ဣတိ အယံအတ္ထော၊ ဤကား အနက်။ တေန၊ ထို့ကြောင့်။ သတိံ ကတွာတိ အာဒိဝစနံ၊ သတိံ ကတွာ ဤသို့အစရှိသော စကား

ကို။ အာဝုသော၊ မိန့်ပြီ။ ဇေဝံ သန္တေပိတိ၊ ဇေဝံ သန္တေပိ - ဟူသည်ကား။ ဒွိသုပိ ဌာနေသု၊ အာကပ်ခံရာ,သုံးဆောင်ရာ ၂-ဌာနတို့၌၊ ပစ္စဝေက္ခဏာ၊ ဆင်ခြင်ခြင်းသည်၊ ယဒိပိ ယုတ္တာ၊ တကယ်တည်း သင့်ပါ၏ ရှင့်၊ ဇေဝံ သန္တေပိ၊ ဤသို့ပင် သင့်သော်လည်း။ (အဋ္ဌကထာမှာစပ်)။ ။ တေရသကဏ်ဋီကာ,မဟာဋီကာ အနက်။

ဤသို့လျှင် ပါဠိ,အဋ္ဌကထာ,ဋီကာ တို့၌လာသောအတိုင်း၊ ယာမကာလိက,သတ္တာဟကာလိက,ယာဝဇီဝိက - ဟူသောဆေးကို၊ ဂေလည,ဆာတ,ပိပါသ အကြောင်းမရှိသော်လည်း၊ သတိဖြင့်ဆင်ခြင်၍ သုံးဆောင်လျှင် အပ်၏။ ဂေလည,ဆာတ,ပိပါသ အကြောင်းရှိသော်လည်း၊ သတိဖြင့်မဆင်ခြင်ဘဲ သုံးဆောင်လျှင် မအပ်ဟု မှတ်ရမည်။

## ကင်္ခါဋီကာသစ်,ခုဒ္ဒသိက္ခာဋီကာသစ် တို့၏ အလိုကို ပြခြင်း

သတိပစ္စယေတိ ပိပါသာဒိကာရဏေ ဝိဇ္ဇမာနေ။ - ဟူသော ကင်္ခါဋီကာသစ်။ သတိပစ္စယေတိ ပိပါသာဒိကာရဏေ ဇဝ သတိ။-ဟူသော ခုဒ္ဒသိက္ခာဋီကာသစ်တို့အလိုအားဖြင့်၊ ဂေလည,ဆာတ,ပိပါသ အကြောင်းရှိမှသာလျှင်၊ ယာမကာလိက,သတ္တာဟကာလိက,ယာဝဇီဝိက-ဟူသော ဆေးကို သုံးဆောင်ခြင်း၌အပ်သည်၊ ဆင်ခြင်ကာမျှနှင့် ဆေးကိုသုံးဆောင်ခြင်း၌ မအပ်ချေ။ ဆင်ခြင်ခြင်းသည်လည်း၊ ပစ္စယ သန္နိဿိတ သီလ အလို့ငှါသာဆင်ခြင်သည်၊ ပါတိမောက္ခ သံဝရသီလ အလို့ငှါ ဆင်ခြင်သည်မဟုတ်။ ဂေလည,ဆာတ,ပိပါသ အကြောင်းရှိက၊ ဆေးကို သုံးဆောင်ခြင်းသည်သာလျှင်၊ ပါတိမောက္ခ သံဝရသီလ ဖြစ်သည်ဟုလို။

ဤသို့ပင်ဆိုသော်လည်း၊ ပါဠိ,အဋ္ဌကထာ,ဋီကာကြီးတို့၌၊ ဂေလည,ဆာတ,ပိပါသအကြောင်း အရိပ်အမြွက်မျှမထင်၊ ပယ်အပ်သော ကေစိဝါဒ,ဧကေဝါဒ,အပရေဝါဒတို့၌သာ၊ ဂေလည,ဆာတ, ပိပါသ အကြောင်းထင်ချေသည်။

အပရေပနာဟု သတိပစ္စယတာတိ သတိ ဘေသဇ္ဇ
ပရိဘောဂဿ ပစ္စယဘာဝေ ပစ္စယေတိ အတ္ထော။ ဧဝံ
သန္တေပီတိ ပစ္စယေ သတိပီတိ၊ တံ တေသံ မတိမတ္တံ။
တထာဟိ ပစ္စယသန္နိဿိတသီလံ ပစ္စဝေက္ခဏာယ ဝိ
သုဇ္ဈတိ န ပစ္စယသဗ္ဘာဝမတ္တေန။ ။တေရသကဏ္ဍဋီကာ။

သတိပစ္စယတာတိ၊ သတိပစ္စယတာ – ဟူသည်ကား၊ ဘေသဇ္ဇ ပရိဘောဂဿ၊ ဆေးကိုသုံးဆောင်ခြင်း၏။ ပစ္စယ ဘာဝေပစ္စယေ၊ ဂေလည,ဆာတ,ပိပါသ အကြောင်းသည်၊ သတိ၊ ရှိသော်။ ဣတိ အတ္ထော၊ ဤကား အနက်။ ဧဝံ သန္တေပီတိ၊ ဧဝံ သန္တေပိ – ဟူသည်ကား။ ပစ္စယေ၊ ဂေလည,ဆာတ,ပိပါသ အကြောင်းသည်၊ သတိပိ၊ ရှိသော်လည်း။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ အပရေပန၊ တပါးသော ဆရာတို့သည်ကား။ အာဟု၊ ဆိုကြကုန်၏။ တံ ဝစနံ၊ ထိုစကားသည်။ တေသံ၊ ထိုအပရေ ဆရာတို့၏။ မတိမတ္တံ၊ အလိုမျှသာတည်း။ တထာဟိ တတောဧဝ၊ ထို့ကြောင့်သာလျှင်။ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတ သီလသည်။ ပစ္စဝေက္ခဏာယ၊ ဆင်ခြင်သဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ပစ္စယသဗ္ဘာဝမတ္တေန၊ ဂေလည,ဆာတ,ပိပါသ အကြောင်းရှိသည်၏ အဖြစ်မျှဖြင့်။ န ဝိသုဇ္ဈတိ၊ မစင်ကြယ်။ ။တေရသကဏ္ဍဋီကာ နက်။

ဆေးကိုသုံးဆောင်ရာ၊ ဂေလည,ဆာတ,ပိပါသ အကြောင်းရှိသည်ကား၊ ပါတိမောက္ခ သံဝရသီလ၏ ပြည့်စုံကြောင်း။ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းသည်ကား၊ ပစ္စယသန္နိဿိတသီလ၏ ပြည့်စုံကြောင်းတည်းဟု အကြောင်း ၂-ပါး တခြားစီမဟုတ်၊ ဆေးကိုသုံးဆောင်ရာ ဆင်ခြင်သော ပစ္စဝေက္ခဏာတပါးတည်းသည်ပင်၊ ပါတိမောက္ခ သံဝရသီလ,ပစ္စယ သန္နိဿိတသီလ ၂-ပါးစုံ တပြိုင်နက် ပြည့်စုံခြင်း အကြောင်းဖြစ်၏။ ဆေးကို မဆင်ခြင်ဘဲ သုံးဆောင်၍ သီလပျက်ခဲ့သော်၊ သုံးဆောင်ဆဲခဏ ပါတိမောက္ခ သံဝရသီလပျက်၏။ သုံးဆောင်သည်မှနောက် နက်ဖန်အရုဏ်တက်သည်တိုင်အောင်

သော အကြားကာလ၌၊ တရံတဆစ်မျှ မဆင်ခြင်မိမှ ပစ္စယသန္နိဿိတသီလပျက်၏။ ။သန္နိဋ္ဌာန်ချက်။

ဂိလာနပစ္စယေ ပန ယထာ ဝတိံ ကတွာ ရုက္ခမူလေ ဂေါပိတေ တဿ ဖလာနိပိ ရက္ခိတာနိယေဝ ဟောန္တိ။ ဧဝမေဝ ပစ္စဝေက္ခဏာယ ပစ္စယသန္နိဿိတသီလေ ရက္ခိတေ တပ္ပဋိဗဒ္ဓံ ပါတိမောက္ခ သံဝရသီလံပိ နိပ္ဖန္နံ နာမ ဟောတိ။ ဂိလာနပစ္စယံ အပစ္စဝေက္ခိတွာ ပရိဘုဉ္ဇန္တဿ သီလံ ဘိဇ္ဇမာနံ ပါတိမောက္ခသံဝရ သီလမေဝ ဘိဇ္ဇတိ။ ပစ္စယသန္နိဿိတသီလံ ပန ပစ္ဆာဘတ္တ ပုရိမယာမာဒိသု ယာဝ အရုဏုဂ္ဂမနာ အပစ္စဝေက္ခန္တဿေဝ ဘိဇ္ဇတိ။ ။တေရသကဏ္ဍိကာ။

ဂိလာနပစ္စယေ ပန၊ အနာ၏တဘက် ဆေးပစ္စည်း၌ကား၊ ဝတိံ ကတွာ၊ စည်းစောင်ရန်းပြု၍၊ ရုက္ခမူလေ၊ အပင်ရင်းကို၊ ရက္ခိတေ၊ စောင့်ရှောက်အပ်သည်ရှိသော်၊ တဿ၊ ထိုအပင်၏၊ ဖလာနိပိ၊ အသီးတို့သည်လည်း၊ ရက္ခိတာနိ ယေဝ၊ စောင့်ရှောက်အပ်ကုန်သည်သာလျှင်၊ ဟောန္တိယထာ၊ ဖြစ်ကုန်၏သို့၊ ဧဝမေဝ၊ ဤအတူသာလျှင်၊ ပစ္စဝေက္ခဏာယ၊ ဆင်ခြင်သဖြင့်၊ ပစ္စယသန္နိဿိတသီလေ၊ ပစ္စယ သန္နိဿိတ သီလကို၊ ရက္ခိတေ၊ စောင့်ရှောက်အပ်သည်ရှိသော်၊ တပ္ပဋိဗဒ္ဓံ၊ ထိုပစ္စယ သန္နိဿိတသီလနှင့် စပ်သော၊ ပါတိမောက္ခ သံဝရသီလံ၊ ပါတိမောက္ခ သံဝရသီလသည်၊ နိပ္ဖန္နံ နာမ၊ ပြီးသည်မည်သည်၊ ဟောတိ၊ ဖြစ်၏။ ဂိလာန ပစ္စယံ၊ အနာ၏ တဘက် ဆေးပစ္စည်းကို၊ အပစ္စဝေက္ခိတွာ၊ မဆင်ခြင်ဘဲ၊ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား၊ သီလံ ဘိဇ္ဇမာနံ၊ သီလပျက်သည်ရှိသော်၊ ပါတိမောက္ခ သံဝရသီလမေဝ၊ ပါတိမောက္ခသံဝရ သီလသည်သာလျှင်၊ ဘိဇ္ဇတိ၊ ပျက်၏။ ပစ္စယသန္နိဿိတသီလံပန၊ ပစ္စယသန္နိဿိတသီလသည်ကား၊ ပစ္ဆာဘတ္တ ပုရိမယာမာဒိသု၊ ညနေချမ်း,ညဦးယာမ်စသည်တို့၌၊ ယာဝ အရုဏုဂ္ဂမနာ၊ အရုဏ်တက်သည်တိုင်

အောင်၊ အပစ္စဝေက္ခဏ်ဘဲသော၊ မသင့်မြင်သော ရဟန်းအား သာလျှင်။ ဘိက္ခုတိ၊ ပျက်၏။ ။တေရသကဏ္ဍဋီကာနက်။

## သူနာ၏ ဆေးပစ္စည်းမဟုတ်ဘဲ၊ အနာ၏ တဘက်ဆေးကို ပြခြင်း

ဂိလာနပစ္စယံ-အရ၊ သူနာတို့၏ ဆေးပစ္စည်း မဟုတ်ဘဲ၊ အနာ၏ တဘက် ဆေးပစ္စည်း အဘယ့်ကြောင့် ဟူလေဘိသနည်း၊ မဟုတ်ရာပြီ။

**ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရန္တိ ဧတ္ထ ရောဂဿ ပစ္စနီကဘာဝေန ပစ္စယော၊ ပစ္စနီက ဂမန ဋ္ဌေနာတိ အတ္ထော။ ယဿကဿစိ သပ္ပါယဿေတံ အဓိဝစနံ၊ ဘိသက္ကဿ ကမ္မံ တေန အနုညာတတ္တာတိ ဘေသဇ္ဇံ၊ ဂိလာန ပစ္စယောဝ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ။ ယံကိဉ္စိ ဂိလာနဿ သပ္ပါယံ ဘိသက္ကကမ္မံ တေလမဓုဖာဏိတာဒီတိ ဝုတ္တံ ဟောတိ။** ။ဝိသုဒ္ဓိမဂ်ပစ္စဝေက္ခဏာဘွင့်ကို ရှု။

ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရန္တိ ဧတ္ထ၊ ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ-ဟူသော ဤပုဒ်၌။ ဝိဂ္ဂဟော၊ ဝိဂြိုဟ်ကို။ ဝေံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရောဂဿ၊ အနာ၏။ ပစ္စနီကဘာဝေန၊ တဖက်သို့ ရောက်သော အနက်ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ပစ္စနီက ဂမနဋ္ဌေန၊ ဆန့်ကျင်ဘက်သို့ ရောက်သော အနက်ကြောင့်။ ဣတိ အယံ အတ္ထော၊ ဤသို့အနက်။ ဧတံ ဂိလာနပစ္စယ နာမံ၊ ထိုအနာ၏ တဖက် ဆန့်ကျင်ဘက်ဟူသော အမည်သည်။ ယဿကဿစိ သပ္ပါယဿ၊ တစုံတခုသော သပ္ပါယ၏။ အဓိဝစနံ၊ အမည်တည်း။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသည်။ အနုညာတတ္တာ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဘိသက္ကဿ၊ မြတ်စွာဘုရား၏၊ ကမ္မံ၊ အမှုတည်း။ ဘေသဇ္ဇံ၊ မြတ်စွာဘုရား၏အမှု။ ဂိလာန ပစ္စယောဝ၊ အနာ၏ တဖက်သည် သာလျှင်။ ဘေသဇ္ဇံ၊ မြတ်စွာဘုရား၏ အမှုတည်း။ ဂိလာနပစ္စယ ဘေသဇ္ဇံ၊ အနာ၏တဖက်သည်သာလျှင် မြတ်စွာဘုရား၏ အမှု။ ယံကိဉ္စိ၊ တစုံတခုသော။ ဂိလာနဿ၊ အနာအား။ သပ္ပါယံ၊

ပျောက်ပတ်သော။ ဘိသက္ကကမ္မံ၊ မြတ်စွာဘုရား၏အမှုသည်။ တေလမဓုဖာဏိတာဒိ၊ ဆီ,ပျား,တင်လဲ အစရှိသည့်တည်း။ (အာဒိသဒ္ဒါဖြင့်၊ ကွမ်း,ဆေး,ဆေးလိပ် စသော သရုပ်အားဖြင့် မသင့်ရှားသမျှ ဆေးအပေါင်းကို ယူလေ။ အနာ၏တဖက် မြတ်စွာဘုရား အမှုဖြစ်သော၊ ကွမ်း,ဆေး, ဆေးလိပ် စသော ဆေးကုသမှုသည်၊ မြတ်စွာဘုရားက ကုစားသောအားဖြင့် ပေးတော်မူ၍၊ နာ, မနာ မထူးမခြား မပိုင်းခြားဘဲ၊ ရဟန်းအပေါင်းအား အပ်သည်ဟု ဆိုလိုသည်။) ဣတိ ဣဒံဝစနံ၊ ဤသို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏ အနက်။

ဤသို့ အဋ္ဌကထာ နိသျည်း အစဉ်မြဲသဖြင့်၊ ဂိလာန ပစ္စယံ အရ- အနာ၏တဘက်ဟူပေသည်။ ရောဂါ ရန်းကာမဆိုပါ။

## ပါဠိ အဋ္ဌကထာ ဋီကာကြီးတို့၌၊ ကေစိ, ဧကေ,အပရေဝါဒ ပြခြင်း

ပါဠိ အဋ္ဌကထာ ဋီကာကြီးတို့၌၊ ဂေလည,ဆာတ,ပိပါသ အကြောင်း အရိပ်အမြွက်မျှမထင်၊ ပယ်အပ်သော ကေစိ ဝါဒ,ဧကေ ဝါဒ, အပရေဝါဒ တို့၌သာ ထင်တိုင်းထုတ်ဆောင်၍၊ တေရသ ကဏ်ဋီကာလာ ပြချင်ရာပြသည့် မဟုတ် ဟူပေ။

ပယ်အပ်သော ကေစိဝါဒ,ဧကေဝါဒ, အပရေဝါဒ တို့၌သာ၊ ထင်တိုင်းထုတ်ဆောင်၍ပြသော တေရသကဏ်ဋီကာလာ၊ ပြချင်ရာပြသည့် မဟုတ်ခဲ့ပါလျှင်၊........

> သတိပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ ပိပါသစ္ဆေဒနတ္ထံ၊ သတ္တာဟကာလိကံ ယာဝဇီဝိကဥ္စ တေန တေန ဥပသမေတဗ္ဗကေ အာဗာဓေ သတိ တဿ ဥပသမနတ္ထံ ပရိဘုဥ္ဇတော အနာပတ္တိ။- ဟုလာသော၊

ပဌမ ပါရာဇိက သိက္ခာပဒ အနာပတ္တိဝါရ၊ သတိပစ္စယေ-ပုဒ်၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၏ စကားသည်၊ ကေစိ,ဧကေ, အပရေ

ဝါဒဖြစ်၍ ပယ်အပ်သောစကားသည်ပင် ဖြစ်ရာသည်မဟုတ်လော။ မပယ်အပ်လျှင်လည်း၊ ပြချင်ရာပြသည် ဖြစ်ရာသည်မဟုတ်လော ဟူပြားအံ့၊ မဟုတ်။ အဘယ်ကြောင့်နည်း၊ ဆင်ခြင်အပ်သော သတိပစ္စယတာ ကာလမဟုတ်သောကြောင့်တည်း။

သတိပစ္စယေတိ၊ သတိပစ္စယေ-ဟူသည်ကား။ ပိပါသာယ၊ မွတ်သိပ်ခြင်းသည်။ သတိ၊ ရှိသော်။ ပိပါသဝေဒနဋ္ဋံ၊ အမွတ် အသိပ်ကိုဖျက်ခြင်း အကျိုးငှါ။ ယာမကာလိကံ၊ ယာမကာလိကကို။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ တေနတေန၊ ထိုထိုဆေးသည်။ ဥပသမေတဗ္ဗော၊ ငြိမ်းစေအပ်သော။ အာဗာဓေ၊ အနာသည်။ သတိ၊ ရှိသော်။ တဿ၊ ထိုအနာကို။ ဥပသမနတ္ထံ၊ ငြိမ်းစေခြင်းအကျိုးငှါ။ သတ္တာဟကာလိကဉ္စ၊ သတ္တာဟကာလိကကိုရင်း။ ယာဝဇီဝိကဉ္စ၊ ယာဝဇီဝိကကိုရင်း။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ။

ပဌမ ပဝါရဏာ သိက္ခာပဒ အဋ္ဌကထာ အနာပတ္တိဝါရဖွင့်အနက်။

## သတိ-တပုဒ်, ပစ္စယေ-တပုဒ် ၂-ပုဒ်ဖြစ်ပုံပြခြင်း။

ဆင်ခြင်အပ်သော သတိပစ္စယတာ ကာလမဟုတ်ဟု ဆိုအပ်ပြီးသောစကားအရ၊ ဤပဌမပဝါရဏာ သိက္ခာပဒ အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်သည်၊ ဆိုအပ်ပြီးသော သတိပစ္စယေ-ပုဒ်နှင့်မတူ၊ သတိ-ပုဒ်, ပစ္စယေ-ပုဒ် ၂-ပုဒ်ဖြစ်၏၊ တပုဒ်တည်းမဟုတ်။ သတိ-ပုဒ်သည်လည်း၊ ဝိဇ္ဇမာနံ အနက်ကိုဟော၏။ ပစ္စယေ-ပုဒ်သည်လည်း၊ ကာရဏ အနက်ကိုဟော၏။ သတိ-ပုဒ်, ပစ္စယေ-ပုဒ်တို့သည်၊ ဝိဇ္ဇမာနံ အနက်, ကာရဏံအနက်ကိုဟောသောကြောင့်၊ ဆင်ခြင်အပ်သော သတိပစ္စယတာ ကာလမဟုတ်ဘဲလျက်၊ နံနက်အခါကာလမှာပင် သတိပစ္စယေ-ဟု ထား ပြန်သည်မှာ၊ ပဝါရိတ်သင့်သောရဟန်းသည်၊ အတိရိတ် ဝိနည်းကံ မပြုဘဲ၊ ကာလအားဖြင့် နံနက် အခါပင် ဖြစ်သော်လည်း၊ ဂေလည, ဆာတ, ပိပါသ အကြောင်း တပါးပါးရှိမှသာ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို သုံးဆောင်ခြင်းငှါအပ်၏။ အကြောင်းမရှိသော် မအပ်။ ပဝါ

ရိတ်မသင့်ပါမူကား၊ နံနက်အခါကာလမှာ၊ နာသောရဟန်း, မနာသောရဟန်း ခပ်သိမ်းဥသျှို အလုံးစုံသော ရဟန်းသည် မဆင်ခြင်ဘဲ၊ ဂေလည, ဆာတ,ပိပါသ အကြောင်းမရှိဘဲ၊ ဘယ်ကာလိကမဆို သုံးဆောင်လျှင် အပ်သည်ချည်းပင်တည်း။ နေလွဲသော ကာလမှာကား၊ ယာဝကာလိကမှတပါး သုံးပါးသော ကာလိကကို၊ ဆင်ခြင်၍သုံးဆောင်လျှင် အပ်သည် ချည်းပင်တည်း။

**သဗ္ဗကာလိက သမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။**
**သတိပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ။ ။**

ခုဒ္ဒသိက္ခာ။

ကာလေ၊ နံနက်၌။ သဗ္ဗကာလိ သမ္ဘောဂေါ၊ အလုံးစုံသော ကာလိကကို သုံးဆောင် ခြင်းသည်၊ သဗ္ဗဿ ဘိက္ခုနော၊ အလုံးစုံသော နာသော,မနာသော ရဟန်းအား၊ ကပ္ပတိ၊ အပ်၏။ ဝိကာလေ၊ နေလွဲ၌။သတိပစ္စယေ၊သတိဖြင့် ဆင်ခြင်လျက်။သဗ္ဗဿ ဘိက္ခုနော၊ အလုံးစုံ နာသော, မနာသော ရဟန်းအား။ကာလိကတ္တယံ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက သုံးပါးတို့၏ အပေါင်းသည်။ ကပ္ပတေ၊ သုံးဆောင်အပ်၏။ ။လိုရာဆွဲပေးသည့် မဟာသင့်၊ပုဒ်ရှိတိုင်း အနက်ပေးသည်။

ဤခုဒ္ဒသိက္ခာ ဂါထာအလို၊ နံနက်အခါမှာ ဆင်ခြင် သော်ရင်း, မဆင် ခြင်သော်ရင်း၊ အလုံးစုံသော ကာလိကကို သုံးဆောင်ခြင်း၌၊ နာသော, မနာသော ရဟန်းအား အပ်သည်၊ ပါဠိနှင့် အညီပင်တည်း။ ။ကာလိက ရောယှက်ပုံကိုရှု။

သဗ္ဗဝိဓံ ဟိ ဒြဗ္ဗံ နာမ ဗျာဓိဒြဗ္ဗံ ပုဂ္ဂလော ဒြဗ္ဗံ ကာလော ဒြဗ္ဗံ သမယော ဒြဗ္ဗံ ဓေဓော ဒြဗ္ဗံ ဝဓေသော ဒြဗ္ဗံ ဘေသတ္တော ဒြဗ္ဗံ။ ပ။ ဘေသတ္တော ဒြဗ္ဗံ နာမ အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ တိဝံ ဘေသဇ္ဇ နာမေန အနုညာတာနိ အဟာရတ္တံ ဖရိတုံ သမတ္ထာနိ သပ္ပိနဝနီတံ တေလံ မဓု ဖာဏိတန္တိ ဣမာ

နီပဏ္ဍ။ တာနိ ပဋိဂ္ဂဟေတွာ တဒဟုပုရေဘတ္တံ ယထာသု
ခံ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတိပစ္စယေ ဝုတ္တနယေနေဝ
သတ္တာဟံ ပရိဘုဉ္ဇိတဗ္ဗာနိ။ ။ဘေသဇ္ဇသိက္ခာပဒ အဋ္ဌကထာ။

၇-ပါးသော ဩဒိဿတို့တွင်၊ ဘေသဇ္ဇောဒိဿမှတပါး၊ ၆-ပါးသော ဩဒိဿတို့ကို၊ သာဓကနှင့်တကွ အဓိပ္ပါယ် အကျယ်ကို အလိုရှိပါက၊ ၎င်းဘေသဇ္ဇသိက္ခာပုဒ် အဖွင့် အဋ္ဌကထာမှ ယူကြပါကုန်၊ အရာမဟုတ်၍ မဆိုပြီ။

## အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ-
## စသော အဋ္ဌကထာပြခြင်း

အနုဇာနာမိ ဘိက္ခဝေ ပဉ္စ ဘေသဇ္ဇာနီတိ၊ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ ဘေသဇ္ဇာနိ-ဟူ၍။ ဧဝံ၊ ဤသို့။ ဘေသဇ္ဇနာမေန၊ ဆေးအမည်ဖြင့်။ အနုညာတာနိ၊ ခွင့်ပြုအပ်ကုန်သော။ အာဟာရတ္ထံ၊ အာဟာရအကျိုးကို။ ဖရိတုံ သာဓေတုံ၊ ပြီးစေခြင်းငှါ။ သမတ္ထာနိ၊ စွမ်းနိုင်ကုန်သော။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ။ ဣတိ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့သည်။ ဘေသဇ္ဇောဒိသံ နာမ၊ ဘေသဇ္ဇောဒိဿမည်၏။ တာနိ ပဉ္စဘေသဇ္ဇာနိ၊ ထိုဆေး ၅ ပါးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ တဒဟု ပုရေဘတ္တံ၊ ထိုအကပ်ခံသောနေ့ နံနက်အခါ၌။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ ပစ္ဆာဘတ္တတော၊ ထိုအကပ်ခံသောနေ့ နေလွဲသောကာလမှ။ ပဋ္ဌာယ၊ စ၍။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။ ဝုတ္တနယေနေဝ၊ ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ-ဟု ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်။ သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ ။အနက်။

ဤဘေသဇ္ဇောဒိဿ-အရ အဋ္ဌကထာဆရာအလို၊ ထောပတ်,ဆီဦး, ဆီ, ပျား, တင်လဲ-ဤဆေး ၅-ပါးတို့ကို အာဟာရ ကိစ္စပြီး စေခြင်းငှါ၊ ဆေးကိုရည်၍ ခွင့်ပြုခြင်းကြောင့်၊ ထိုအကပ်ခံသောနေ့ နံနက် မ

ဆင်ခြင်ဘဲဖြစ်စေ၊ တပါးသော ကာလိကတို့နှင့် ရောနှောသည်ဖြစ်စေ၊ နာသည်ဖြစ်စေ, မနာသည်ဖြစ်စေ၊ အလိုရှိတိုင်း သုံးဆောင်အပ်ကုန်၏။ အကပ်ခံသောနေ့ နေလွဲသော ကာလမှစ၍၊ ၇-ရက်ပတ်လုံးကာလ, ဝိကာလ မဆိုဆင်ခြင်၍သာ၊ နာသော, မနာသော ရဟန်း၊ မသင့်သော ကာလိကတို့နှင့် မရောနှောဘဲ သုံးဆောင်အပ်ကုန်၏။

မနာသောရဟန်း နေလွဲသောကာလ ဆင်ခြင်ကာမျှ၊ အဘယ်မှာ သုံးဆောင်ခြင်း၌ အပ်ပါမည်နည်း၊ မဟုသင့်။ ထို့ကြောင့်၊........

**တာနိ ပဋိဂ္ဂဟေတွာ တိ။ ပ။ သတ္တာဟံ ပန အနုတိက္ကာ မေတွာ ဂိလာနေနပိ အဂိလာနေနပိ ယွတ္တနယေနေဝ ယထာသုခံ ပရိဘုဥ္ဇိတဗ္ဗာနိ၊-**ဟုဝင်းအဋ္ဌကထာ ဆောက် ကမိန့်ပြီ။

တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ပ။ သတ္တာဟံ၊ ၇-ရက်ကို။ အနုတိက္ကာ မေတွာ၊ မလွန်စေဘဲ။ ဂိလာနေနပိ၊ နာသောရဟန်းသည်၎င်း။ အဂိလာနေနပိ၊ မနာသော ရဟန်းသည်၎င်း။ ယွတ္တနယေနေဝ၊ တေသဇ္ဇာသာ ပဋိဂ္ဂဟာဏောပိ ပရိဘောဂေပိ သတိပဋ္ဌာပယတော ဝဋ္ဋတိ-ဟု ဆိုခဲ့ပြီး သောနည်းဖြင့်သာလျှင်။ ယထာသုခံ၊ လိုရှိတိုင်း။ ပရိဘုဥ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ ။

အဋ္ဌကထာ၏အနက်။

ဤသို့လျှင် ပဥ္စမ ပဝါရဏာသိက္ခာပဒ အဋ္ဌကထာဆရာ၏စကား ဖြစ်သော၊ အနာပတ္တိဝါရ သတိပဋ္ဌာန-ပုဒ်၏အဖွင့်သည်၊ ပယ်အပ်သော ကေစိ, ဧကေ, အပရေဝါဒလည်းမဟုတ်၊ ဆင်ခြင်အပ်သော သတိပဋ္ဌာယတော နေလွဲသောကာလလည်းမဟုတ်၊ အကပ်ခံသောနေ့မှ ၆-ရက်စသည်လည်း မဟုတ်၊ ထိုအကပ်ခံသောနေ့ နံနက်ကာလမှာပင်၊ ပဝါရိတ်သင့်သော ရဟန်းအတိရိတ်ဝိနည်းကံမပြုဘဲ၊ ဂေလည, ဆာတ, ပိပါသအကြောင်းရှိက၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို သုံးဆောင်သော် အာပတ်မသင့်၊ အကြောင်း မရှိဘဲ သုံးဆောင်သော် ဒုက္ကဋ်အာပတ်သင့်၏။ ပဝါရိတ်လည်း မ

သင့်ဘဲ၊ ဂေလည, ဆာတ, ပိပါသ အကြောင်းလည်းမရှိဘဲ၊ နံနက် အခါကာလမှာ အလုံးစုံသော ကာလိက လေးပါး လုံးကိုပင်၊ နာသောရဟန်း, မနာသောရဟန်း သုံးဆောင်ခြင်းငှါအခပ်၏ဟူလျက်၊ ဘယ်အတွက် ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ၃-ပါးမှု၊ မအပ်ဘဲ ရှိပါအံ့နည်း။အကြောင်းကင်းက ပဝါရိတ်သင့်၍သာ မအပ်သည်။

## ပဝါရိတ်သင့်သော အင်္ဂါကို ပြခြင်း

ပဝါရိတော နာမ အသနံ ပညာယတိ, ဘောဇနံ ပညာယတိ, ဟတ္ထပါသေ ဌိတော, အဘိဟရတိ, ပဋိက္ခေပေါ ပညာယတိ။-ဟူသောပဝါရိတပုဒ်၏ပဒဘာဇနီလာသည်နှင့် အညီ၊ စားဆဲလည်းထင်၏၊ ဘောဇဉ်လည်းထင်၏၊ ကပ်သောသူ ဟတ္ထပါသ်၌လည်း တည်၏၊ ရှေ့ရှုလည်း ဆောင်၏၊ ပယ်ခြင်းလည်း ထင်၏။ ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရဟန်းသည်၊ ပဝါရိတ်သင့်သည် မည်၏။ ပဝါရိတ်သင့်သောရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲ၊ အပိုအလွန် သူနာ၏ အကြွင်း မဟုတ်သော ခဲဘွယ်ဘောဇဉ်ကို၊ ခဲအံ့ စားအံ့ဟု တဖန် အကပ်ခံအံ့ ဒုက္ကဋ်အာပတ်သင့်၏။မျိုတိုင်း မျိုတိုင်း ပါစိတ်သင့်၏။ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို၊ အာဟာရအလို့ငှါ အကပ်ခံအံ့ ဒုက္ကဋ်သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်သင့်၏။

> ကိဉ္စာပိ အပဝါရိတဿ ပုရေဘတ္တံ ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဏှတောပိ အနာပတ္တိ၊ ပဝါရိတဿ ပန ပဝါရဏမူလကံ ဒုက္ကဋံ ဟောတိယေဝါတိ ယာမကာလိကံ ။ပ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿာတိ ပါဠိယံ ဝုတ္တံ။ ။တေရသကဏ်ဋီကာ။

အပဝါရိတဿ၊ ပဝါရိတ်မသင့်သော ရဟန်းအား။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ယာမကာလိကာဒီနိ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှါ။

ပရိဘုဉ္ဇတောပိ၊ သုံးဆောင်သော်လည်း။ ကိဥ္စာပိ အနာပတ္တိ၊ တကယ်ဘည်း အာပတ်မသင့်။ ပန တထာပိ၊ ထိုသို့ပင် အာပတ်မသင့်သော်လည်း။ ပဝါရိတဿ၊ ပဝါရိတ်သင့်သော ရဟန်းအား။ ပဝါရဏာမူလကံ၊ ပယ်ခြင်း, မြစ်ခြင်းလျှင် အရင်းရှိသော။ ဒုက္ကဋံ၊ ဒုက္ကဋ်သင့်သည်။ ဟောတိယေဝ၊ ဖြစ်သည်လျှင် ကတည်း။ ဣတိ၊ ထို့ကြောင့်။ ယာမကာလိကံ။ ပ။ အနဗ္ဘောဟာရေ အနဗ္ဘောဟာရေ အာပတ္တိ ဒုက္ကဋဿာတိ၊ ဒုက္ကဋဿ- ဟူ၍။ ပါဠိယံ၊ ပါဠိတော်၌။ ဝုတ္တံ၊ ဟောအပ်ပြီ။ ။ဤကား အနက်။

ဤတေရသကဏ္ဍဋီကာ၏ သာရကေဖြစ်သော၊ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ အာပတ္တိဒုက္ကဋဿ၊ အနဗ္ဘောဟာရေ အနဗ္ဘောဟာရေ အာပတ္တိ ဒုက္ကဋဿ။-ဟူသော ပဉ္စမ ပဝါရဏာသိက္ခာပဒ ပဒဘာဇနီ ပါဠိတော်၌၊ အာဟာရတ္ထာယ-ပုဒ်၏အရ၊ အဖျော်ဆေး အလို့ငှါ ရှေးအခါက အကပ်ခံပြီးသော၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ဟူတပ်၊ ပဝါရိတ်သင့်သည်မှနောက် မွန်းမတည့်မီ နံနက်အခါ ကာလ၌ပင်လျှင်၊ သက်သက်အာဟာရအကျိုးငှါ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို အကပ်ခံ၏ မျို၏ဟူယူ။ ထို့ကြောင့် ပဝါရိတ်သင့်သော ရဟန်းသည်၊ ပဝါရိတ်သင့် ပြီးသည်မှနောက် မွန်းမတည့်မီ နံနက်အခါကာလ၌ပင်လျှင်၊ ဂေလည, ဆာတ, ပိပါသအကြောင်းကိုငဲ့၍၊ သက်သက်ရှေးအခါက အကပ်ခံပြီးသော၊ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကို၊ အဖျော်ဆေး အလို့ငှါ သုံးဆောင်သော် အာပတ်မသင့်ဟူယူ။

ပဝါရိတောနာမ အသနံ ပညာယတိ, ဘောဇနံ ပညာယတိ, ဟတ္ထပါသေ ဌိတော, အဘိဟရတိ, ပဋိက္ခေပေါ ပညာယတိ။-ဟူသော ပဝါရိတ်၏အင်္ဂါ ၅-ပါးအရ၊ အရုဏ်တက်-အစ, မွန်းတည့်-အဆုံး၊ ဤအစ, အဆုံး ၂-ပါးတို့၏အတွင်း၊ နံနက်အခါကာလ၌ ပဝါရိတ်သင့်၏ဟူယူ။ ဤအစ, အဆုံး ၂-ပါးတို့၏အတွင်း၊ နံနက်အခါ

ကာလ၌ ပဝါရိတ်သင့်လျက် အတိရိတ်ဝိနည်းကံ မပြုဘဲ၊ ခဲဘွယ် ဘောဇဉ်ကို ခဲခြင်း စားခြင်းငှါ အကပ်ခံရာ ဒုက္ကဋ်၊ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏ဟုယူ။ ဤအစ, အဆုံး ၂ - ပါးတို့၏အတွင်း၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို၊ အဟာရ အလို့ငှါ အကပ်ခံရာ မျိုရာ ဒုက္ကဋ်အာပတ်သင့်၏ဟုယူ။

ဤအစ, အဆုံး ၂-ပါးတို့၏အတွင်း၊ နံနက်အခါကာလ၌ ပဝါရိတ် သင့်လျက် အတိရိတ်ဝိနည်းကံ မပြုဘဲ၊ ဂေလည, ဆာတ, ပိပါသ အ ကြောင်းရှိက၊ ယာမကာလိက,သတ္တာဟကာလိက,ယာဝဇီဝိကကို၊ အကပ်ခံရာ သုံးဆောင်ရာတို့၌ အာပတ်မသင့်ဟုယူ။ ဤပဌမ ပဝါရဏာ သိက္ခာပုဒ်၏ အာပတ္တိဝါရ, အနာပတ္တိဝါရသည်ကား၊ အရုဏ် တက်-အစ, မွန်းတည့်-အဆုံး၊ ဤအစ, အဆုံး ၂-ပါးတို့၏ အတွင်း၊ နံနက်အခါကာလ၌သာ ပညတ်တော်မူသော၊ အာပတ္တိဝါရ, အနာ ပတ္တိဝါရဖြစ်သည်ဟုယူ။ ဤသို့မှသာ၊ ဤပဌမ ပဝါရဏာသိက္ခာပုဒ်၏ ပဒဘာဇနီ အနာပတ္တိဝါရ၊.....

အနာပတ္တိ အတိရိတ္တံ ကာရာပေတွာ ဘုဉ္ဇတိ၊ အတိရိတ္တံ ကာရာ ပေတွာ ဘုဉ္ဇိဿာမီတိ ပဋိဂ္ဂဏှာတိ၊ အညဿတ္ထာယ ဟရန္တော ဂစ္ဆတိ၊ ဂိလာနဿ သေသကံ ဘုဉ္ဇတိ၊ ယာမကာလိကံ သတ္တာ ဟကာလိကံ ယာဝဇီဝိကံ သတိ ပစ္စယေ ပရိဘုဉ္ဇတိ၊ ဥမ္မတ္တက ဿ အာဒိကမ္မိကဿာတိ။-ဟုဟောတော်မူသည်ကိုရင်း။

သတိပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ ပိပါသစ္ဆေ ဒနတ္ထံ၊ သတ္တာဟကာလိကံ ယာဝဇီဝိကဥ္စ တေန တေန ဥပသမေ တဗ္ဗကေ အာဗာဓေ သတိ တဿ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အနာ ပတ္တိ။-ဟု ဘွင့်တော်မူသော အဋ္ဌကထာ ဆရာ၏ အလိုကိုရင်း၊ ကောင်းကောင်းသဘောကျမည်။

ဘုရားဟောတော်မူသော သိက္ခာပုဒ် မာတိကာပဒဘာဇနီတို့၏ အနက် အဓိပ္ပါယ်၊ ၎င်းသိက္ခာပုဒ် မာတိကာ ပဒဘာဇနီတို့၏ အဖွင့် ဖြစ်သော အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိတို့၏ အနက်

အဓိပ္ပါယ်ကို၊ အာပတ္တိဝါရ,အနာပတ္တိဝါရ,ကာလ,ဝိကာလ၊ယာမ, သတ္တာဟ, ယာဝဇီဝ သာဓာရဏ ဖြစ်မဖြစ်၊ ရွေးချယ်စီစစ်၍ ယူတော်မူကြပါကုန်လျှင်၊ ပဝါရိတ်သင့်သော ရဟန်း၊ နေလွဲအခါ ဝိကာလမဟုတ် နံနက်အခါကာလကပင် ဖြစ်လျက်၊ အတိရိတ်ဝိနည်းကံမပြုဘဲ၊ ဂေလည, ဆာတ, ပိပါသအကြောင်းရှိမှသာ၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို သုံးဆောင်ခြင်းငှါ အပ်သည်၊ အကြောင်းမရှိက မအပ်ဟု ပဝါရိတ်သင့်သော ရဟန်းမှ တပါးသောရဟန်းတို့နှင့် မဆက်ဆံသော၊ အသာဓာရဏနည်းကို အလွယ်တကူ သတောကျပါလိမ့်မည်။ မရွေးချယ်မစီစစ်လျှင် သတောမကျနိုင်။

## သတိပစ္စယေ ၃-မျိုးကို ပြခြင်း

ဤအရာ၌၊ သတိပစ္စယေ-ပုဒ် သုံးမျိုးကို ဆိုအပ်၏။ သတိပစ္စယေပုဒ်သည်၊ ကာလ အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်မျိုး၊ ဝိကာလ အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်မျိုး၊ ကာလ, ဝိကာလ အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်မျိုး အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ ကာလ အနာပတ္တိဝါရ၌ လာသော သတိပစ္စယေ-ပုဒ်မျိုးကို၊ ပဌမ ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ဟု မှတ်အပ်၏။ ဤပဌမ ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ကို၊ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိသော သတိပစ္စယေ-ပုဒ် ဟူ၍သာ မှတ်အပ်၏။ ပစ္စဝေက္ခဏာ သတိဖြင့် ဆင်ခြင်ရသော သတိပစ္စယေ-ပုဒ်ဟု မမှတ်အပ်။

ဝိကာလ အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်မျိုးကို၊ ဝိကာလဘောဇနသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ဟု မှတ်အပ်၏။ ဤဝိကာလ ဘောဇနသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ကို၊ ပစ္စဝေက္ခဏာ သတိဖြင့် ဆင်ခြင်ရသော သတိပစ္စယေ-ပုဒ်ဟူ၍သာ မှတ်အပ်၏။ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိသော သတိပစ္စယေ-ပုဒ်ဟု မမှတ်အပ်။

အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ သတိပစ္စယေ ပရိဘုဉ္ဇတိ၊ ဥမ္မတ္တကဿ အာဒိကမ္မိကဿာတိ။

ဝိကာလဘောဇနေ သိက္ခာပဒံ သမတ္တံ။--ဟူသော ဝိကာလဘောဇနသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော သတိပစ္စယေ၏ အနက်အဓိပ္ပါယ်ကို၊ နာသောရဟန်း, မနာသောရဟန်း သတိဖြင့် ဆင်ခြင်၍၊ နေလွဲ ဝိကာလအခါ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို သုံးဆောင်ခြင်း၌ အပ်၏။ အာပတ်မသင့်ဟုယူ။ ပဝါရိတ်သင့်သော်လည်း နံနက်အခါ- ကာလမဟုတ်၊ နေလွဲအခါ- ဝိကာလဖြစ်၍၊ ဆင်ခြင်သဖြင့် သုံးဆောင်က အာပတ်မသင့် အပ်သည်ပင်တည်း။

ယာမကာလိကေ ဝိကာလပစ္စယာ အနာပတ္တိ၊ အနတိရိတ္တပစ္စယာ ပန ဝိကာလေ သဗ္ဗဝိကပ္ပေသု အနာပတ္တိ။-ကို ရှု။ ။ဤသို့ သာဓာရဏကို ရွေးချယ်စီစစ်၍ယူ။

သန္နိဓိသိက္ခာပုဒ်သည်၊ ကာလ,ဝိကာလ ၂-ပါးနှင့်ပင်၊ အာပတ္တိဝါရ,အနာပတ္တိဝါရ ဆက်ဆံသည်၊ (ကာလသာဓာရဏ)။ ပဝါရိတ်သင့်သောရဟန်း,မသင့်သောရဟန်း၊ နာသောရဟန်း,မနာသော ရဟန်းတို့နှင့် ဆက်ဆံသည်၊ (ပုဂ္ဂလသာဓာရဏ)။ ယာဝကာလိက ယာမကာလိက ၂-ပါးတို့နှင့် ဆက်ဆံသည်၊ (ကာလိကသာဓာရဏ)။ ဤသို့ ကာလသာဓာရဏ, ပုဂ္ဂလသာဓာရဏ, ကာလိကသာဓာရဏ သုံးပါးနှင့် ပြည့်စုံသည်။

ကာရော ကရဏံ ကိရိယာတိ အတ္ထော ကော၊ သန္နိဓိ ကာရော အဿာတိ သန္နိဓိကာရံ၊ သန္နိဓိကာရမေဝ သန္နိဓိကာရကံ၊ သန္နိဓိ ကိရိယန္တိ အတ္ထော။ ပဋိဂ္ဂဟေတွာ ဧကံ ရတ္တံ ဝီတိနာမိတဿေတံ အဓိဝစနံ၊ တေနေဝါဟ ပဒဘာဇနေ ဝုတ္တံ သန္နိဓိကာရကံ နာမ အဇ္ဇ ပဋိဂ္ဂဟိတံ အပရဇ္ဇုတိ။ ။သန္နိဓိသိက္ခာပုဒ်ဖွင့် အဋ္ဌကထာ။

ကာရော၊ ပြုခြင်း။ ကရဏံ၊ ပြုခြင်း။ ကိရိယာ၊ ပြုခြင်း။ ဣတိ ဣဒံပဒတ္တယံ၊ ဤပုဒ်သုံးခုသည်။ အညတော ငကာ၊ အနက်တူ၏။ အသော၊ ထိုကာလိကအား။ သန္ဒိဋ္ဌိံ၊ သိုမှီးခြင်းကို။ ကာရော၊ ပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တံ ကာလိကံ၊ ထိုကာလိကသည်။ သန္ဒိဋ္ဌိကာရံ၊ သန္ဒိဋ္ဌိကာရမည်၏။ သန္ဒိဋ္ဌိကာရမေဝ၊ သန္ဒိဋ္ဌိကာရ-ပုဒ်သည်ပင်လျှင်။ သန္ဒိဋ္ဌိကာရကံ၊ သန္ဒိဋ္ဌိကာရက-ပုဒ်မည်၏။ သန္ဒိဋ္ဌိကိရိယံ၊ သန္ဒိဋ္ဌိကိုပြုခြင်း။ ဣတိ အယံ အတ္ထော၊ ဤကားအနက်။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ငကာ ရဿံ၊ တညဉ့်ကို။ ဝိတိနာမိတသာ၊ လွန်စေသော ကာလိက၏။ အဓိဝစနံ၊ အမည်သည်။ ငတံ သန္ဒိဋ္ဌိကာရကံနာမ၊ ထိုသန္ဒိဋ္ဌိကာရကပင်မည်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ အသော၊ ထိုသန္ဒိဋ္ဌိကာရက-ပုဒ်၏။ ပဒဘာဇနေ၊ ပဒဘာဇနီ၌။ သန္ဒိဋ္ဌိကာရကံနာမ အဇ္ဇ ပဋိဂ္ဂဟိတံ အပရဇ္ဇုတိ၊ အပရဇ္ဇု-ဟူ၍။ ဝုတ္တံ၊ ဟောအပ်ပြီ။ သန္ဒိဋ္ဌိကာရကံနာမ၊ သန္ဒိဋ္ဌိပါစိတ် အာပတ်ကိုပြုခြင်း မည်သည်ကား။ အဇ္ဇ၊ ယနေ့၊ ပဋိဂ္ဂဟိတံ၊ အကပ်ခံ၍ထားသော ကာလိကကို။ အပရဇ္ဇု၊ နောက်တရက်။ ခါဒိတံ၊ စားခြင်းတည်း။ ။ဤကား အနက်။

ယံ ဘိက္ခူ နိရပေက္ခာ သာမဏေရာနံ ပရိစ္စဇန္တိ၊ တံ
စေ သာမဏေရာ နိဒဟိတွာ ဒေန္တိ၊ သဗ္ဗံ ဝဋ္ဋတိ။

ယံ ကာလိကံ၊ အကြင် ယာဝကာလိက, ယာမကာလိကကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိရပေက္ခာ၊ မငဲ့ကုန်ဘဲ။ သာမဏေရာနံ၊ သာမဏေတို့အား။ ပရိစ္စဇန္တိ၊ စွန့်ကုန်၏။ တံ၊ ထိုစွန့်ခြင်းကို။ သာမဏေရာ၊ သာမဏေတို့သည်။ နိဒဟိတွာ၊ တည့်လွန်အောင် သိုမှီး၍။ စေ ဒေန္တိ၊ အကယ်ကပ်လှူကုန်၏။ သဗ္ဗံ ကာလိကံ၊ ယာဝကာလိက,ယာမကာလိက အလုံးစုံသည်။ ဝဋ္ဋတိ၊ အပ်၏။

ကာလ, ဝိကာလ အနုပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်မျိုးကို၊ သန္ဒိဋ္ဌိကာရက သိက္ခာပဒ အနုပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ဟု မှတ်အပ်၏။ ဤသန္ဒိဋ္ဌိကာရက သိက္ခာပဒ အနုပတ္တိဝါရ၌လာသော သတိပစ္စယေ-ပုဒ်ကို၊ ပစ္စဝေက္ခဏာ သတိ

ဖြင့်ဆင်ခြင်ရသော သတိပစ္စယေ-ပုဒ်ဟူ၍သာ မှတ်အပ်၏။ ဂေလည,သာတ,ပိပါသ အကြောင်းရှိသော သတိပစ္စယေ-ပုဒ်ဟု မှတ်အပ်။ ဤသန္နိဓိကာရက သိက္ခာပုဒ် အာပတ္တိဝါရ၏-သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံပုံကို အာဂမယုတ္တိသာဓကဖြင့်ညှိ၍၊ သိသာရုံ ဆိုပေအံ့။........

## အကပ်ခံပြီးကိုမစွန့်ဘဲ နောက်နေ့ သုံးဆောင်က အာပတ်သင့်သည်ကို ပြခြင်း။

သယံ ပဋိဂ္ဂဟေတွာ အပရိစ္စတ္တမေဝ ဒုတိယ ဒိဝသေ န ဝဋ္ဋတိ။ တတော ဟိ ဧကသိတ္ထမ္ပိ အဇ္ဈောဟရတော ပါစိတ္တိယမေဝ။ အကပ္ပိယမံသေသု မနုဿမံသေ ထုလ္လစ္စယေန သဒ္ဓိံ ပါစိတ္တိယံ။ အဝသေသေသု ဒုက္ကဋေန သဒ္ဓိံ။ ယာမကာလိကံ သတိ ပစ္စယေ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဓိံ ပါစိတ္တိယံ။ အာဟာရတ္ထာယ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဓိံ ပါစိတ္တိယံ။ သစေ ပဝါရိတော ဟုတွာ အနတိရိတ္တကတံ အဇ္ဈောဟရတိ၊ ပကတိအာမိသေ ဒွေ ပါစိတ္တိယာနိ။ မနုဿမံသေ ထုလ္လစ္စယေန သဒ္ဓိံ ဒွေ။ သေသ အကပ္ပိယမံသေ ဒုက္ကဋေန သဒ္ဓိံ။ ယာမကာလိကံ သတိပစ္စယေ သာမိသေန မုခေန အဇ္ဈောဟရတော ဒွေ။ နိရာမိသေန ဧကမေဝ။ အာဟာရတ္ထာယ အဇ္ဈောဟရတော ဝိကပ္ပဒ္ဒယေပိ ဒုက္ကဋံ ဝဍ္ဎတိ။ သစေ ဝိကာလေ အဇ္ဈောဟရတိ၊ ပကတိဘောဇနေ သန္နိဓိပစ္စယာ စ ဝိကာလဘောဇနပစ္စယာ စ ဒွေ ပါစိတ္တိယာနိ။ အကပ္ပိယမံသေသု ထုလ္လစ္စယဒုက္ကဋာ ဝဍ္ဎတိ။ ယာမကာလိကေ ဝိကာလပစ္စယာ အနာပတ္တိ။ အနတိရိတ္တပစ္စယာ ပန ဝိကာလေ သဗ္ဗဝိကပ္ပေသု အနာပတ္တိ။ ။သန္နိဓိသိက္ခာပဒ အဋ္ဌကထာ။

ယံ ကာလိကံ၊ အကြွင်း ယာဝကာလိက,ယာမကာလိကကို။ သယံ၊ ကိုယ်တိုင်။ ပဋိဂ္ဂဟေတွာ ယနေ့ အကပ်ခံ၍။ အပရိစ္စတ္တမေဝ၊ မစွန့်သေးသောသာလျှင်။ ဒုတိယ ဒိဝသေ၊ နက်ဖန်နေ့၌။ န ဝဋ္ဋတိ၊ မသုံးဆောင်အပ်။ တတော၊ ထိုယမန်နေ့က ကိုယ်တိုင်အကပ်ခံ၍ မစွန့်သေးသော ကာလိကမှ။ ဧကသိတ္ထမ္ပိ၊ ထမင်းတလုံးကိုမျှလည်း။ အဇ္ဇ ကာလေ၊ ယနေ့နံနက်။ အဇ္ဈောဟရတော၊ မျိုသောရဟန်းအား။ ပါစိတ္တိယမေဝ၊ ပါစိတ်တချက်သာလျှင်သင့်၏။ ။အဇ္ဈောဟရတော ပါဌ်ဖြင့်၊ ခံတွင်းသို့ထည့် သွင်းကာမျှ အာပတ်မသင့်ဟု ပြ၏။

တတော၊ ထိုယမန်နေ့က ကိုယ်တိုင် အကပ်ခံ၍ မစွန့်သေးသော ကာလိကမှ။ အကပ္ပိယ မံသေသု၊ မအပ်သော အသားတို့တွင်။ မနုဿမံသေ၊ လူသား၌။ ထုလ္လစ္စယေန၊ ထုလ္လစ္စည်းနှင့်။ သဒ္ဓိံ၊ တကွ။ ပါစိတ္တိယံ၊ ပါစိတ်တချက်သင့်၏။ ။လူသားအတွက် ထုလ္လစ္စည်းအာပတ်၊ သန္နိဓိအတွက် ပါစိတ် အာပတ် ၂-ချက်သင့်၏ဟူလေ။

တတော၊ ထိုယမန်နေ့က ကိုယ်တိုင်အကပ်ခံ၍ မစွန့်သေးသော ကာလိကမှ။ အဝသေသေသု၊ လူသားမှ ကြွင်းကျန်သော ၉-ပါးသော အသားတို့၌။ ဒုက္ကဋေန၊ ဒုက္ကဋ်နှင့်။ သဒ္ဓိံ၊ တကွ။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်တချက်သင့်၏။ ။ဝံ,သစ်,ကျား,အောင်း,မြင်း,ခွေး,ဆင်,မြွေ,ခြသေ့, ၉-ပါးသော အသား တပါးပါး အတွက် ဒုက္ကဋ်အာပတ်၊ သန္နိဓိအတွက် ပါစိတ်အာပတ် ၂-ချက်။ တနည်း၊ ၉-ပါးသော အသားအတွက် ဒုက္ကဋ် ၉-ချက်၊ သန္နိဓိအတွက် ပါစိတ်တချက်။ အာပတ် ၁၀-ချက်သင့်၏ယူ။

## သန္နိဓိဖြစ်သော ယာမကာလိက ဆင်ခြင်၍ သုံးဆောင်သော်လည်း ပါစိတ်အာပတ်မှ မလွတ်သည်ကိုပြခြင်း

တတော၊ ထိုယမန်နေ့က ကိုယ်တိုင်အကပ်ခံ၍ မစွန့်သေးသော ကာလိကမှ၊ ယာမကာလိကံ၊ ယာမကာလိကကို။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။ အဇ္ဈောဟရတော၊ မျိုသောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်တချက်သင့်၏။ ။ဤအာပတ္တိဝါရ၏ သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံရောယှက်ပုံ တချက်။

ယာမန်နေ့က၊ ဂေလည, ဝါတ, ပိပါသ အကြောင်းရှိလျှင်၊ သောက်ခြင်း အကျိုးငှါ အကပ်ခံ၍၊ တညဉ့်လွန် သန္နိဓိ ဖြစ်သော ယာမကာလိကကို၊ ယနေ့ နံနက်ဆင်ခြင်၍ မျိုသော ရဟန်းအား၊ သန္နိဓိအတွက် ပါစိတ်အာပတ် တချက်သာသင့်၏၊ ဆင်ခြင်ခြင်းကြောင့် ဒုက္ကဋ် တချက်မသင့်ဟုယူ၊ အဇ္ဈောဟာရတော -ပါဠိဖြင့် ၄ံရုံမျှ အာပတ်မသင့်ဟု ပြ၏။

တာနိ ပဋိဂ္ဂဟေတွာ တဒဟု ပုရေဘတ္တံ ယထာ သုခံ၊ ပစ္ဆာ ဘတ္တတော ပဋ္ဌာယ သတိပစ္စယေ ဝုတ္တနယေနေဝ သတ္တာဟံ ပရိဘုဉ္ဇိတဗ္ဗာနိ။ ။ဘေသဇ္ဇသိက္ခာပဒ အဋ္ဌကထာ။

ပစ္ဆာဘတ္တတော ပဋ္ဌာယ သတိပစ္စယေတိ ဝုတ္တတ္တာ ပဋိဂ္ဂဟိတဘေသဇ္ဇာနိ ဒုတိယဒိဝသတော ပဋ္ဌာယ ပုရေဘတ္တမ္ပိ သတိပစ္စယေ ပရိဘုဉ္ဇိတဗ္ဗာနိ။ န အာဟာရတ္ထံ ဘေသဇ္ဇတ္ထာယ ပဋိဂ္ဂဟိတတ္တာတိ ဝဒန္တိ။ - ဟူသော တေရသကဏ္ဍ ဋီကာကိုရှု။

တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ။ အကပ်ခံ၍။ တဒဟု ပုရေဘတ္တံ၊ ထိုအကပ်ခံသောနေ့ နံနက်။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ ပစ္ဆာဘတ္တတော၊ ထိုအကပ်ခံသောနေ့ နေလွဲသည်မှ။ ပဋ္ဌာယ၊ စ၍။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။ ဝုတ္တနယေနေဝ၊ ဘေသဇ္ဇာသာ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ။-ဟု ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ ။အဋ္ဌကထာ၏ အနက်။

ပစ္ဆာဘတ္တတော ပဋ္ဌာယ သတိပစ္စယေတိ၊ သတိပစ္စယေ-ဟူ၍ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ပဋိဂ္ဂဟိတ ဘေသဇ္ဇာနိ၊ ယနေ့ အကပ်ခံပြီးသောဆေးတို့ကို။ ဒုတိယ ဒိဝသတော၊ နက်ဖြန်နေ့မှ။ ပဋ္ဌာယ၊ စ၍။ ပုရေဘတ္တမ္ပိ၊ နံနက်ပင်ဖြစ်သော်လည်း။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံး

ဆောင်အပ်ကုန်၏။ ဒုတိယ ဒိဝသတော၊ နက်ဖန်နေ့မှ၊ ပဋ္ဌာယ၊ စ၍၊ ပုရေဘတ္တံ၊ နံနက်ပင်ဖြစ်သော်လည်း၊ သတိပစ္စယေပိ၊ သတိဖြင့် ဆင်ခြင်လျက်လည်း၊ အာဟာရတ္တံ၊ အာဟာရအကျိုးငှါ၊ န ပရိဘုဉ္ဇိတဗ္ဗာနိ၊ မသုံးဆောင်အပ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်း၊ ဘေသဇ္ဇတ္တာယ၊ ဆေးအလို့ငှါ၊ ပဋိဂ္ဂဟိတတ္တာ၊ အကပ်ခံသည်၏အဖြစ်ကြောင့်တည်း၊ ဍတိ၊ ဤသို့၊ ဝဒန္တိ၊ ဆိုကြကုန်၏၊ ၊
ဥဒ္ဓိကာ၏ အနက်။

သန္နိဓိဖြစ်သော ယာမကာလိက ဆင်ခြင်၍
သုံးဆောင်သော်လည်း၊ အာဟာရအတွက်
သုံးဆောင်ခြင်းကြောင့် ပါစိတ်နှင့်
ဒုက္ကဋ် သင့်သည်ကို ပြခြင်း

တတော၊ ထိုယာမန်နေ့က ကိုယ်တိုင်အကပ်ခံ၍ မစွန့်သေးသော ကာလိကမှ၊ ယာမကာလိကံ၊ ယာမကာလိကကို၊ သတိ ပစ္စယေ၊ သတိဖြင့်ဆင်ခြင်လျက်။ အာဟာရတ္တာယ၊ အာဟာရအလို့ငှါ၊ အဇ္ဈောဟရတော၊ မျိုသော ရဟန်းအား၊ ဒုက္ကဋေန၊ ဒုက္ကဋ်နှင့်၊ သဒ္ဓိံ၊ တကွ၊ ပါစိတ္တိယံ၊ ပါစိတ်အာပတ် တချက်သင့်၏။ ၊
ဤသို့ အာပတ္တိဝါရ၏ သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံရောယှက်ပုံတချက်။

ယမန်နေ့က၊ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိလျှင် သုံးဆောင်ခြင်းအကျိုးငှါ အကပ်ခံ၍၊ တညဉ့်လွန် သန္နိဓိဖြစ်ပြီးသော ယာမကာလိကကို၊ ယနေ့နံနက် ဆင်ခြင်လျက်လည်း၊ အာဟာရအလို့ငှါ မျိုသော ရဟန်းအား၊ အာဟာရအတွက် ဒုက္ကဋ်တချက်၊ သန္နိဓိအတွက် ပါစိတ်တချက်၊ အာပတ် ၂-ချက်သင့်၏။ ဆေးအလို့ငှါ အကပ်ခံပြီး တညဉ့်လွန်ဖြစ်၍၊ မဆင်ခြင်ဘဲ သုံးဆောင်လျှင် ဒုက္ကဋ် တချက်တိုးသေး၏ဟူလေ။

ပဝါရိတော၊ ပဝါရိတ်သင့်သည်။ ဟုတွာ၊ ဖြစ်၍။ အနတိရိတ္တကတံ၊ အတိရိတ်ဝိနည်းကံမပြုဘဲ၊ သစေ အဇ္ဈောဟရတိ၊ တကယ် မျိုသည်ဖြစ်အံ့၊ တတော၊ ထိုယာမန်နေ့က ကိုယ်တိုင်အကပ်ခံ၍

မစွန့်သေးသော ကာလိကမှု။ ပကတိ အာမိသေ၊ အစ်သောကပ္ပိယ ဆွမ်းစသော အာမိသ၌။ ဒွေ ပါစိတ္တိယာနိ၊ အနတိရိတ္တအတွက်, သန္နိဓိအတွက် ၂-ချက်သော ပါစိတ်အာပတ်သင့်ကုန်၏။ ။ပကတိ အာမိသေတိ ဩဒနာဒိကပ္ပိယာမိသေ။-တေရသကဏ္ဍဋီကာ။

ယာမန်နေ့က အကပ်ခံပြီး မစွန့်ဘဲ၊ တညဉ့်လွန် သန္နိဓိ ကပ္ပိယ ဆွမ်းစသော အာမိသကို၊ ယနေ့ နံနက် ပဝါရိတ်သင့်လျက်၊ အတိရိတ်ဝိနည်းကံမပြုဘဲ စားသည်ဟုယူ။

မနုဿမံသေ၊လူသား၌။ထုလ္လစ္စယေန၊ ထုလ္လစ္စည်းနှင့်။ သဒ္ဓိံ၊တကွ။ ဒွေ ပါစိတ္တိယာနိ၊ ပါစိတ် ၂-ချက်သင့်ကုန်၏ ။(တနည်း) တတော၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်သေးသော တညဉ့်လွန် သန္နိဓိဖြစ်သော ကာလိကမှု။ မနုဿမံသေ၊ လူသား၌။ ထုလ္လစ္စယေန၊ ထုလ္လစ္စည်းနှင့်။ သဒ္ဓိံ၊ တကွ။ ဒွေ ပါစိတ္တိယာနိ၊ ပါစိတ် ၂ - ချက်သင့်ကုန်၏။

## အတိရိတ်ဝိနည်းကံ ပြုသော်လည်း၊ ပြုသည် မမည်ပုံ အထူးဆိုသည်ကို ပြခြင်း

ယာမန်နေ့က မအစ်သော အကပ္ပိယ လူသားကို၊ အကပ်ခံ၍ မစွန့်ဘဲ တညဉ့်လွန် သန္နိဓိဖြစ်ပြီးလျက်၊ ယနေ့ နံနက် ပဝါရိတ်သင့်၍ အတိရိတ်ဝိနည်းကံ မပြုဘဲရင်း၊ အတိရိတ်ဝိနည်းကံ ပြုသော်လည်း ပြုသည် မမည်ဘဲပင်း၊ သုံးဆောင်သော ရဟန်းအား၊ လူသားအတွက် ထုလ္လစ္စည်း၊ အနတိရိတ္တအတွက် ပါစိတ်၊ သန္နိဓိအတွက် ပါစိတ်၊ အာပတ်သုံးချက်သင့်၏။

အတိရိတ်ဝိနည်းကံ ပြုသော်လည်း၊ ပြုသည် မမည်၊ —ဟူသော စကား၌၊ အသမ္မောဟတ္ထ မတွေဝေစေခြင်းငှါ အထူးဆိုလိုက်ပေသည်။ သတိပြုတော်မူကြပါကုန်။

တတ္ထ အကပ္ပိယ ကတတ္တံ ယံ တတ္ထ ဖလံ ဝါ ကန္ဒမူလာ ဒိ ဝါ ပဉ္စဟိ သမဏကပ္ပေဟိ ကပ္ပိယံ အကတံ၊ ယဉ္စ တကပ္ပိယမံသံ ဝါ အကပ္ပိယ ဘောဇနံ ဝါ၊ တံ အ

ကပ္ပိယံနာမ။ တံ အကပ္ပိယံ အလမေတံ သဗ္ဗန္တိ ဧဝံ
အတိရိတ္တံ ကတံ အကပ္ပိယကတန္တိ ဝေဒိတဗ္ဗံ။ ။

အဋ္ဌကထာ။

တတ္ထ၊ ထိုအနတိရိတ္တ ၇-ပါးတို့တွင်။ အကပ္ပိယကတန္တိ၊ အကပ္ပိယကတံ – ဟူသည်ကား။ တတ္ထ၊ ထိုခဲဖွယ်,ဘောဇဉ် ၂-ပါးတို့တွင်၊ ဝါ၊ ထိုကပ္ပိယ,အကပ္ပိယ ၂–ပါးတို့တွင်။ ပဉ္စဟိ သမဏကပ္ပေဟိ၊ ၅-ပါးသော ရဟန်းတို့၏ ကပ္ပိခြင်းတို့ဖြင့်။ ကပ္ပိယံ၊ ကပ္ပိခြင်းကို။ အကတံ၊ မပြုသေးသော။ ယံ ဖလံဝါ၊ အကြင်အသီးသည်၎င်း။ ယံ ကန္ဒမူလာဒိံဝါ၊ အကြင်အဥ,အမြစ်စသည်သည်၎င်း။ ယဉ္စ အကပ္ပိယ မံသံဝါ၊ အကြင်မအပ်သော အသားသည်၎င်း။ ယဉ္စ အကပ္ပိယ ဘောဇနံဝါ၊ အကြင်မအပ်သော ဘောဇဉ်သည်၎င်း၊ အတ္ထိ၊ ရှိ၏။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အကပ္ပိယံနာမ၊ အကပ္ပိယမည်၏။ တံ အကပ္ပိယံ၊ ထိုမအပ်သော အကပ္ပိယကို။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ တန်ပြီ။ ဣတိ ဧဝံ၊ ဤသို့။ အတိရိတ္တံ ကတံ၊ အတိရိတ်ဝိနည်းကံ ပြုခြင်းကို။ အကပ္ပိယ ကတန္တိ၊ အပ်အောင်ပြုသော်လည်း မအပ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

တတော၊ ထိုယာမန်နေ့က အကပ်ခံ၍မစွန့်သေးသော၊ တညဉ့်လွန်သန္နိဓိဖြစ်ပြီးသော ကာလိကမှ။ သေသ,အကပ္ပိယမံသေ၊ လူသားမှကြွင်းသော ၉-ပါးသော အကပ္ပိယ အသားဖြင့်။ ဒုက္ကဋေန၊ ဒုက္ကဋ်နှင့်၊ သဒ္ဓိံ၊ တကွ။ ဒွေ ပါစိတ္တိယာနိ၊ ပါစိတ် ၂-ချက်သင့်ကုန်၏။ ။

အဓိပ္ပါယ်လွယ်၏။

## သတိပစ္စယေ-ပုဒ် အာပတ္တိဝါရ, အနာပတ္တိဝါရ ရောနှောပုံ ပြခြင်း

တတော၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်သေးသော တညဉ့်လွန် သန္နိဓိဖြစ်ပြီးသော ကာလိကမှ။ အဇ္ဇ ပုရေဘတ္တံ၊ ယနေ့နံနက်။ ပဝါရိတော၊ ပဝါရိတ်သင့်သည်။ ဟုတွာ၊ ဖြစ်၍။ ယာမကာလိကံ၊ ယာမကာလိကကို။ သတိပစ္စယော၊ သတိဖြင့် ဆင်ခြင်လျက်။ သာမိသေန၊

အာမိသနှင့် တကွသော။ မုခေန၊ ခံတွင်းဖြင့်။ အဇ္ဈောဟရတော၊ မျိုသောရဟန်းအား။ ဒွေ ပါစိတ္တိယာနိ၊ ပါစိတ် ၂-ချက်သင့်ကုန်၏ ။

ဤ၌ အာပတ္တိဝါရ၏ သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံ ရောယှက်ပုံ တချက်။

**ယာမကာလိကံ သတိပစ္စယေ သာမိသေန မုခေန အဇ္ဈောဟရတော ဒွေတိ ဟိယျော ပဋိဂ္ဂဟိတယာမကာလိကံ အဇ္ဇ ပုရေဘတ္တံ၊ သာမိသေန မုခေန ဘုဉ္ဇတော သန္နိဟိတ ယာမကာလိကပစ္စယာ ဧကံ ပါစိတ္တိယံ၊ သန္နိဟိတေန သံသဋ္ဌအာမိသပစ္စယာ ဧကန္တိ ဒွေ ပါစိတ္တိယာနိ။** ။ တေရသကဏ္ဍဋီကာ။

ယာမကာလိကံ သတိပစ္စယေ သာမိသေန မုခေန အဇ္ဈောဟရတော ဒွေတိ၊ ဒွေ-ဟူသည်ကား။ ဟိယျော၊ ယမန်နေ့က။ ပဋိဂ္ဂဟိတ ယာမကာလိကံ၊ အကပ်ခံပြီးသော ယာမကာလိကကို။ အဇ္ဇ ပုရေဘတ္တံ၊ ယနေ့နံနက်။ သာမိသေန၊ အာမိသနှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်။ ဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ သန္နိဟိတ ယာမကာလိကပစ္စယာ၊ သန္နိဓိ ယာမကာလိက အကြောင်းကြောင့်။ ဧကံ ပါစိတ္တိယံ၊ ပါစိတ်တချက်။ သန္နိဟိတေန၊ သန္နိဓိနှင့်။ သံသဋ္ဌ အာမိသပစ္စယာ၊ ရောနှောသော အာမိသအကြောင်းကြောင့်။ ဧကံ ပါစိတ္တိယံ၊ ပါစိတ်တချက်။ ဣတိ၊ ဤသို့။ ဒွေပါစိတ္တိယာနိ၊ ပါစိတ် ၂-ချက်သင့်ကုန်၏။ ။တေရသကဏ္ဍဋီကာအနက်။

ဤတေရသကဏ္ဍဋီကာ၏ အလို၊ အာပတ်၏ အင်္ဂါကိုသာ ဖွင့်သည်။ အာပတ်၏အင်္ဂါမဟုတ်၍၊ သတိပစ္စယေ-အရ၊ ပဝါရိတကို မဖွင့်။ ပဝါရိတ်မသင့်ဟူ၍ မမှတ်လင့်။

## သန္နိဓိ ယာမကာလိကကို ဆင်ခြင်၍ သုံးဆောင်သော်လည်း၊ အာမိသသံသဋ္ဌကြောင့် ပါစိတ်အာပတ်သင့်ပုံ ပြခြင်း

ယနေ့နံနက် ပဝါရိတ်သင့်လျက်၊ ယမန်နေ့က အကပ်ခံပြီး မစွန့်ဘဲ၊ တညဉ့်လွန်သန္နိဓိ ယာမကာလိကကို၊ ဆင်ခြင်၍ သွမ်းစသော

အာမိသနှင့်တကွသော ခံစားခြင်းဖြင့် သုံးဆောင်သော ရဟန်းအား၊ သန္နိဓိအတွက်, အာမိသသံသဂ္ဂအတွက် ၂-ချက် ပါစိတ်သင့်၏။ဆွင် ခြင်တပြီကား မဆင်ခြင်သည့်အတွက်၊ ဂိလာနပစ္စယဘေသဇ္ဇ, ဂိလာနသေ က ဖြစ်တပြီကား၊ ပဝါရိတ်အတွက် ဒုက္ကဋ် ၂-ချက်မသင့်ပြီ။

ဂိလာနာတိရိတ္တန္တိ ဧတ္ထ န ကေဝလံ ယံ ဂိလာနဿ ဘုတ္တာဝသေသံ ဟောတိ၊ တံ ဂိလာနာတိရိတ္တံ၊အထခေါ ယံကိဉ္စိ ဂိလာနံ ဥဒ္ဒိဿ အဇ္ဇဝါ သွေဝါ ယဒါဝါ ဣစ္ဆိ တိ၊ တဒါ ခါဒိဿတီတိ အာဟဋံ၊ တံသဗ္ဗံ ဂိလာနာတိ ရိတ္တန္တိ ဝေဒိတဗ္ဗံ။ ယံ ယာမကာလိကာဒိသု အဇ္ဈော ဟာရေ အဇ္ဈောဟာရေ ဒုက္ကဋံ၊ တံ အသံသဋ္ဌဝသေန ဝုတ္တံ၊ သစေ ပန အာမိသသံသဋ္ဌာနိ ဟောန္တိ၊ အာဟာ ရတ္ထာယပိ ပဋိဂ္ဂဟေတွာ အဇ္ဈောဟာရန္တဿ ပါစိတ္တိယ မေဝ။ ။ပဌမ ပဝါရဏာသိက္ခာပဒ အဋ္ဌကထာ။

ဂိလာနာတိရိတ္တန္တိ ဧတ္ထ၊ ဂိလာနာတိရိတ္တံ-ဟူသော ဤစကား၌။ ဂိလာနဿ၊ သူနာ၏။ ဝါ၊ အနာ၏။ယံ ဘုတ္တာဝသေသံ၊ အကြွင်းစား ကြွင်းသည်၊ဟောတိ၊ ဖြစ်၏။တံ၊ထိုသူနာ၏ စားကြွင်း,အနာ၏ စား ကြွင်း ကာလိကတစုံတခုကို။ ကေဝလံ၊ သက်သက်။ ဂိလာနာတိရိ တ္တန္တိ၊ ဂိလာနာတိရိတ္တ-ဟူ၍။ န ဝေဒိတဗ္ဗံ၊ သိအပ်သည် မဟုတ် သေး။ အထခေါ၊ စင်စစ်သော်ကား။ဂိလာနံ၊သူနာကို။ ဝါ၊အနာကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ အဇ္ဇဝါ၊ ယနေ့ရင်း။ သွေဝါ၊ နက်ဖန်ရင်း။ယဒါ ဝါ၊ အကြွင်အခါ၌ရင်း။ ဣစ္ဆတိ၊ လို၏။တဒါ၊ ထိုလိုသောအခါ၌။ ခါ ဒိဿတီတိ၊ ခဲလတံ့ဟူ၍။ ယံကိဉ္စိ ကာလိကံ၊ တစုံတခုသော ကာလိ ကကို။ အာဟဋံ၊ ဆောင်အပ်၏။တံ သဗ္ဗံ၊ထိုအလုံးစုံ ကာလိကကို။ ဂိလာနာတိရိတ္တန္တိ၊ ဂိလာနာတိရိတ္တ-ဟူ၍။ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

ဂိလာနဿ သေသက်။ပဌမ ပဝါရဏာ အနာပတ္တိဝါရ

ဂေလည, ဆာတ, ပိပါသ အလို့ငှါ၊ယမန်နေ့က အကပ်ခံထား သော ယာမကာလိကပင် ဖြစ်စေ၊ ဂေလည, ဆာတ, ပိပါသ အ

ကြောင်းရှိ၍၊ ယမန်နေ့က အကပ်ခံ၍ သောက်ကြွင်းပင်ဖြစ်စေ၊ ယနေ့နံနက် ပဝါရိတ်သင့်လျက် ဆင်ခြင်၍ရင်း၊ ယာမကာလိကကို အာမိသရှိသော ခံတွင်းဖြင့်၊ သုံးဆောင်မိလျှင် ပဝါရိတ်သင့်လျက်၊ သုံးဆောင်သော ယာမကာလိကအတွက် ဒုက္ကဋ်မသင့်၊ ဂိလာနာတိရိတ္တ ဂိလာနသေသက ဖြစ်၏ဟူလေ။ ဂိလာနာတိရိတ္တ ဂိလာနသေသက မပြည့်စုံသော သန္နိဓိယာမကာလိကကို၊ အာမိသနှင့်ရောနှော၍ တကယ်ပင် သုံးဆောင်မိသော်လည်း၊ သန္နိဓိအတွက်, အာမိသသံသဋ္ဌအတွက် ပါစိတ် ၂-ချက်သာလျှင်သင့်၏။ အကြွင်းအဓိပ္ပါယ် ပုဒ်အတိုင်း ထင်လွယ်ပြီ။

ယာမကာလိကာဒိသု၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့၌။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊ မျိုတိုင်း, မျိုတိုင်း။ ယံ ဒုက္ကဋံ၊ အကြင်ဒုက္ကဋ်ကို။ ဝုတ္တံ၊ ဟောအပ်ပြီ။ တံ ဒုက္ကဋံ၊ ထိုဒုက္ကဋ်ကို။ အသံသဋ္ဌဝသေန၊ မရောနှောသည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဟောအပ်၏။ အာမိသသံသဋ္ဌာနိ၊ အာမိသနှင့် ရောနှောကုန်သည်။ သစေပန ဟောန္တိ၊ တကယ်ဖြစ်ကုန်အံ့။ အာဟာရတ္ထာယပိ၊ အာဟာရအကျိုးငှါရင်း။ အနာဟာရတ္ထာယပိ၊ ပါနဘေသဇ္ဇ အကျိုးငှါရင်း။ တာနိ၊ ထိုအာမိသနှင့်ရောနှောသော ဆေးအဖျော်တို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ အဇ္ဈောဟရန္တဿ၊ မျိုသောရဟန်းအား။ ပါစိတ္တိယမေဝ၊ ပါစိတ်သာလျှင်သင့်၏။

ပဝါရိတ်သင့်လျက် အာမိသနှင့်ရောနှောသော၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို၊ အာဟာရ, အနာဟာရအလို့ငှါမျိုလျှင်၊ ပါစိတ်ပင်သင့်၏၊ ဒုက္ကဋ်မသင့်ပြီဟူလေ။

ပါနဘေသဇ္ဇအလို့ငှါ ယမန်နေ့က အကပ်ခံသော၊ ယာမကာလိက သန္နိဓိပင်ဖြစ်စေ၊ သောက်ကြွင်း သန္နိဓိပင်ဖြစ်စေ၊ ရင်းသန္နိဓိ ယာမကာလိကကို၊ ယနေ့နံနက် ပဝါရိတ်သင့်လျက်၊ ဆင်ခြင်၍ အာမိသရှိသောခံတွင်းဖြင့် သုံးဆောင်မိကလည်း၊ ဂိလာနာတိရိတ္တ, ဂိလာနသေသကဖြစ်၍၊ ပဝါရိတ်အတွက် ဒုက္ကဋ်မသင့်။

ပဝါရိတော၊ ပဝါရိတ်သင့်သည်။ ဟုတွာ၊ ဖြစ်၍။ အနတိရိတ္တံ၊

အတိရိတ်ပိနည်းကံ မပြုဘဲ၊ ဂိလာနဿ၊ သူနာ၏, အနာ၏။ သေသကံ၊ အကြွင်းကို၊ ဘုဉ္ဇတိ၊ သုံးဆောင်၏၊ အနာပတ္တိ၊ အာပတ်မသင့်။ ။အဋ္ဌကထာ ပါဠိတော် သာစေ အနက်။

တဒေတာ၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်ဘဲ၊ တညဉ့်လွန် သန္နိဓိဖြစ်သော ကာလိကမှ။ ယာမကာလိကံ၊ ယာမကာလိကကို။ သတိပစ္စယေ၊ သတိဖြင့်ဆင်ခြင်၍။ နိရာမိသေန၊ အာမိသကင်းသော၊ မုခေန၊ ခံတွင်းဖြင့်။ အဇ္ဈောဟာရေတော၊ မျိုသောရဟန်းအား။ ဧကမေဝ ပါစိတ္တိယံ၊ ယာမကာလိက သန္နိဓိအတွက် ပါစိတ်တချက်သာလျှင် သင့်၏။ ။ရှေးဝိကပ်ကိုမှီး။ ဤ၌ အာပတ္တိဝါရ၏ သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံရောက်ယှက်ပုံ တချက်။

## ဝိကပ်အစုံ၌ ဒုက္ကဋ်အာပတ် တိုးပွါးပုံကို ပြခြင်း

တဒေတာ၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်ဘဲ၊ တညဉ့်လွန် သန္နိဓိဖြစ်သော ကာလိကမှ။ ယာမကာလိကံ၊ ယာမကာလိကကို၊ သတိပစ္စယေ၊ သတိဖြင့်ဆင်ခြင်၍၊ အာဟာရတ္ထာယ၊ အာဟာရ အလို့ငှါ၊ အဇ္ဈောဟာရတော၊ မျိုသော ရဟန်းအား၊ ဝိကပ္ပဒွယေပိ၊ ဝိကပ်အစုံ၌လည်း၊ ဒုက္ကဋံ၊ ဒုက္ကဋ်သည်၊ ဝဍ္ဎတိ၊ တိုး၏။ ။ဤ၌ အာပတ္တိဝါရ၏ သတိပစ္စယေ၊ အနာပတ္တိဝါရနှင့် ဆက်ဆံရောယှက်ပုံ တချက်။

ဝိကပ္ပဒွယေပီတိ သာမိသေန နိရာမိသေနာတိ ဝုတ္တဝိဒါနဒွယေ၊ ဒုက္ကဋံ ဝဍ္ဎတီတိ အာဟာရတ္ထာယ အဇ္ဈောဟရဏ ပစ္စယာ ဒုက္ကဋံ ဝဍ္ဎတိ။ ။ငင်းအဖွင့်ဋီကာ။

တဒေတာ၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်ဘဲ၊ တညဉ့်လွန်ကာလိကမှ။ ဝိကာလေ၊ ယနေ့ နေလွဲကာလ၌။ သစေ အဇ္ဈောဟရတိ၊ တကယ် တစုံတခု မျိုမိ၏။ ပကတိ ဘောဇနေ၊ ကပ္ပိယဘောဇဉ်၌။ သန္နိဓိ ပစ္စယာစ၊ သန္နိဓိ အကြောင်းကြောင့်ရင်း။ ဝိကာလဘောဇန ပစ္စယာစ၊ နေလွဲမှ စားခြင်းအကြောင်းကြောင့်ရင်း။ ဒွေ ပါစိတ္တိယာနိ၊ ပါစိတ် ၂-ချက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အကပ္ပိယ မံသေသု၊ အကပ္ပိယ အသားတို့၌။ ထုလ္လစ္စယဥ္စ၊ ထုလ္လစ္စည်းသည်ရင်း။ ဒုက္ကဋဥ္စ၊ ဒုက္ကဋ်သည်ရင်း၊ ဝဍ္ဎတိ၊ တိုး၏။

ထုလ္လစ္စယဉ္စ ဒုက္ကဋဉ္စ ဝဇ္ဇေတီတိ မနုဿမံသေ ထုလ္လစ္စ
ယံ သေသအကပ္ပိယမံသေ ဒုက္ကဋံ ဝဇ္ဇေတိ။ ။

တေရ သကဏ္ဍဋီကာ။

တဘော၊ ထိုယာမန်နေ့က အကပ်ခံ၍ မစွန့်ဘဲ၊ ညဉ့်လွန် သန္နိဓိဖြစ်သော ကာလိကမှ။ ယာမကာလိကော၊ ယာမကာလိကန္ဒ။ ဝိကာလပစ္စယာ၊ နေလွဲခြင်း အကြောင်းကြောင့်။ အနာပတ္တိ၊ အာပတ်မသင့်။ အနတိရိတ္တ ပစ္စယာပန၊ အတိရိတ်ဝိနည်းကံ မပြုခြင်း အကြောင်းကြောင့်။ ဝိကာလေ၊ နေလွဲသောကာလ၌၊ သဗ္ဗဝိကပ္ပေသု၊ အလုံးစုံသော ဝိကပ်တို့၌။ အနာပတ္တိ၊ အာပတ်မသင့်။ ။ ကာလ ဝိကပ်နှင့် ဝိကာလ ဝိကပ်ကို နှိုင်းနှောယူ။

ပဥ္စမ ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ- အစ၊ သန္နိဓိကာရက သိက္ခာပုဒ် အနာပတ္တိဝါရ - အဆုံးရှိသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌လာတိုင်း၊ သတိပစ္စယေ-ဟူသောပုဒ်၏ အဓိပ္ပါယ်တို့တွင်၊ ပဥ္စမ ပဝါရဏာ သိက္ခာပုဒ် အနာပတ္တိဝါရ သတိပစ္စယေ-ပုဒ်၏ အဓိပ္ပါယ်ကား၊ ရှေးအခါက အကပ်မခံသေး၊ ယနေ့နံက် ပဝါရိတ်သင့်ပြီးသည်မှနောက်၊ မွန်းမတည့်မီအတွင်း အတိရိတ်ဝိနည်းကံ မပြုဘဲ၊ ဂေလည၊ ဆာတ၊ ပိပါသ အကြောင်းရှိက၊ မွန်းမတည့်မီပင် အကပ်ခံ၍၊ ထိုအကပ်ခံသောနေ့ နံက်ဖြစ်ရကား မဆင်ခြင်ဘဲ၊ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိကကို သုံးဆောင်လျှင် အာပတ်မသင့်ဟူလို။

### ပဝါရိတ်သင့်သောရဟန်း သတိပစ္စယေ-ပုဒ် အဓိပ္ပါယ် အထူးမရှိသည်ကို ပြခြင်း

ဒုတိယ ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ သတိပစ္စယေ-ပုဒ်၏ အဓိပ္ပါယ်လည်း၊ ပဝါရိတ်သင့်သော ရဟန်းမှာ မထူးပြီ။ ပဝါရဏာသိက္ခာပုဒ်ကို နံနက်ကာလတွင်၌သာ ပညတ်၏၊ နေလွဲဝိကာလမှာ မပညတ်။ ၎င်းပဝါရဏာ သိက္ခာပုဒ် အနာပတ္တိဝါရကိုလည်း၊ နံနက်ကာလတွင်၌သာ ပညတ်၏၊ နေလွဲဝိကာလမှာ မပညတ်။ ထို့

ကြောင့် တပါးသောအရာတို့၌ လာသော သတိပစ္စယေ – နှင့်၊ ၎င်း ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ၌ လာသော သတိပစ္စယေ – ၏၊ သဘောအနက် မတူဟု ယူတော်မူကြပါကုန်။

ဝိကာလဘောဇနသိက္ခာပဒ အနာပတ္တိဝါရ သတိပစ္စယေ-ပုဒ်၏အဓိပ္ပါယ်ကား၊ နေလွဲသောကာလမှ အကပ်ခံ၍၊ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကကို၊ ပါနည္ဘေသဇ္ဇ အဖျော်ဆေး အလို့ငှာ သတိဖြင့်ဆင်ခြင်လျက်၊ သုံးဆောင်လျှင် အာပတ်မသင့်၊ သတိပစ္စယေ ပရိဘုဉ္ဇိတုံ-နှင့်တူ၏။

သန္နိဓိကာရကသိက္ခာပဒ အနာပတ္တိဝါရ သတိပစ္စယေ-ပုဒ်၏အဓိပ္ပါယ်ကား၊ ထိုနေ့နံနက် အကပ်ခံ၍ မွန်းတည့်သည်တိုင်အောင်၊ ယာမကာလိကကို မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း အာပတ်မသင့်။ ထိုနေ့နံနက်အကပ်ခံ ထိုအကပ်ခံသောနေ့ နေလွဲ-အစ၊ နက်ဖန်နံက် အရုဏ်တက်-အဆုံး၊ ၌အစ, အဆုံးအတွင်း သတိဖြင့်ဆင်ခြင်လျက်၊ ယာမကာလိကကို သုံးဆောင်က အာပတ်မသင့်။

ယမန်နေ့က အကပ်ခံသော သတ္တာဟကာလိကကို၊ ယနေ့နံနက်အစ နောက် ၆-ရက်အဆုံး၊ ၌အစ, အဆုံးအတွင်း အကပ်မပျက်အောင်သိုမှီး၍၊ သတိဖြင့်ဆင်ခြင်လျက် သုံးဆောင်က အာပတ်မသင့်၊ ထိုနေ့နံနက် အကပ်ခံသော သတ္တာဟကာလိကကို၊ မွန်းတည့်သည်တိုင် မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း အာပတ်မသင့်။ ထိုနေ့နံက်အကပ်ခံသော သတ္တာဟကာလိကကို အကပ်မပျက်အောင် သိုမှီး၍၊ ထိုအကပ်ခံသောနေ့ နေလွဲ-အစ၊ နေလွဲမှအကပ်ခံသော သတ္တာဟကာလိကကို၊ ထိုအကပ်ခံသောနေ့ နေလွဲ-အစ၊ နောက် ၇-ရက်-အဆုံး၊ ၌အစ, အဆုံးအတွင်း သတိဖြင့်ဆင်ခြင်လျက် သုံးဆောင်လျှင် အာပတ်မသင့်။

အနေ့နေ့ ရှေးအခါက အကပ်ခံပြီးသော ယာဝဇီဝိကကို၊ ယနေ့နံနက်အစ အသက်ထက်ဆုံး ဆင်ခြင်လျက်သုံးဆောင်လျှင် အာပတ်မသင့်။ ယနေ့နံနက်အကပ်ခံသော ယာဝဇီဝိကကို၊ ထိုအကပ်ခံသော

နေ့နံနက် မွန်းတည့်သည့်တိုင်အောင်၊ မဆင်ခြင်ဘဲ သုံးဆောင်လျှင် အာပတ်မသင့်။ ထိုနေ့နံနက်အကပ်ခံသော ယာဝဇီဝိကကို အကပ် မပျက်အောင် သိုမြှီး၍၊ ထိုအကပ်ခံသောနေ့ နေလွဲအခါ, နေလွဲမှအ ကပ်ခံသော ယာဝဇီဝိကကို၊ ထိုအကပ်ခံသော နေလွဲအခါ, အသက် ထက်ဆုံး၊ သတိဖြင့်ဆင်ခြင်လျက် သုံးဆောင်လျှင် အာပတ်မသင့်။

ဤကား၊ ပဌမ, ဒုတိယ ပဝါရဏာ သိက္ခာပဒ အနာပတ္တိဝါရ၊ ဝိကာလဘောဇန သန္နိဓိကာရက အနာပတ္တိဝါရ၊ ပါဠိ, အဋ္ဌကထာ, ဋီကာတို့လာတိုင်း၊ သတိပစ္စယေ-ဟူသောပုဒ်၏ အဓိပ္ပါယ်။

## ကာလိက လေးပါးကို ပြခြင်း

အနာပတ္တိ ယာဝကာလိကန္တိ အာဒိမှိ ဝိကာလဘောဇနသိက္ခာပဒေ နိဒ္ဒိဋ္ဌံ ခါဒနီယဘောဇနီယံ ယာဝမဇ္ဈန္ဟိကသင်္ခါတော ကာလော၊ တာဝ ဘုဉ္ဇိတဗ္ဗတော ယာဝကာလိကံ သဒ္ဓိံ အနုလောမပါနေဟိ အဋ္ဌဝိဓံ ပါနံ ယာဝရတ္တိယာ ပစ္ဆိမယာမသင်္ခါတော ယာမော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာမော ကာလော အဿာတိ ယာမကာလိကံ။ သပ္ပိအာဒိ ပဉ္စဝိဓံ ဘေသဇ္ဇံ သတ္တာဟံ နိဓေတဗ္ဗတော သတ္တာဟော ကာလော အဿာတိ သတ္တာဟကာလိကံ။ ဌပေတွာ ဥဒကံ အဝသေသံ သဗ္ဗမ္ပိ ယာဝဇီဝိကံ ပရိဟရိတွာ သတိ ပစ္စယေ ဘုဉ္ဇိတဗ္ဗတော ယာဝဇီဝိကန္တိ ဝုစ္စတိ။ တတ္ထ အရုဏောဒယေ ဝ ပဋိဂ္ဂဟိတံ ယာဝကာလိကံ သတက္ခတ္တုမ္ပိ နိဓေတွာ ယာဝ ကာလော နာတိက္ကမတိ၊ တာဝ။ ယာမကာလိကံ ဧကံ အဟောရတ္တံ သတ္တာဟကာလိကံ သတ္တရတ္တံ။ ဣတရံ သတိ ပစ္စယေ ယာဝဇီဝံ ဘုဉ္ဇတော အနာပတ္တိ။ ။

သန္နိဓိကာရကသိက္ခာပဒ အနာပတ္တိဝါရ အဋ္ဌကထာ။

အနုပတ္တိ ယာဝကာလိကန္တိ အာဒိမှ၊ အနုပတ္တိ ယာဝကာလိကံ-ဤသို့ အစရှိသော စကား၌။ ဝိကာလဘောဇနသိက္ခာပဒေ၊ ဝိကာလဘောဇနသိက္ခာပုဒ်၌။ နိဒ္ဒိဋ္ဌံ၊ ပြအပ်ပြီးသော။ ခါဒနီယဘောဇနီယံ၊ ခဲဘွယ်ဘောဇဉ်ကို။ ယာဝ၊ အကြင်မျှလောက်။ မဇ္ဈန္ဟိကသင်္ခါတော၊ မွန်းတည့်သည်ဟုဆိုအပ်သော။ ကာလော၊ကာလနံနက်သည်။အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ဘုဉ္ဇိတဗ္ဗတော၊ စားအပ်သောကြောင့်။ ယာဝကာလိကန္တိ ယာဝကာလိက-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။

ယာဝကာလိက။

ယာဝ၊ အကြင်မျှလောက်။ ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမယာမသင်္ခါတော၊ ပစ္ဆိမယာမ်ဟုဆိုအပ်သော။ယာမော၊ ယာမ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ပရိဘုဉ္ဇိတဗ္ဗတော၊ သုံးဆောင်အပ်သောကြောင့်။ အဿ ဣမဿ ကာလိကဿ၊ ဤကာလိကအား။ ယာမော၊ ယာမ်ဟုဆိုအပ်သော။ကာလော၊ ကာလသည်။အတ္ထိ၊ရှိ၏။ဣတိ၊ ထို့ကြောင့်။တံ တာဒိသံ၊ ထိုသို့ယာမ်ကာလ သဘောရှိသော။အနုလောမပါနေဟိ၊ အလျော်ဖြစ်သောအဖျော်တို့နှင့်။သဒ္ဓိံ၊တကွ။ အဋ္ဌဝိဓံ ပါနံ၊ ရှစ်ပါးသောအဖျော်ကို။ယာမကာလိကန္တိ၊ယာမကာလိက-ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။ယာမကာလိက။

သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ နိဓေတဗ္ဗတော၊ သိုမှီးအပ်သောကြောင့်။ အဿ ဣမဿ ကာလိကဿ၊ ဤကာလိကအား။ သတ္တာဟော၊ ၇-ရက်ဟုဆိုအပ်သော။ ကာလော၊ကာလသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တံ တာဒိသံ၊ ထိုသို့ ၇-ရက်ကာလ သန္နိဟိတသဘောရှိသော။ သပ္ပိအာဒိ၊ ထောပတ်,ဆီဦး,ဆီ,ပျား,တင်လဲဖြစ်သော။ ပဉ္စဝိဓံ ဘေသဇ္ဇံ၊ ငါးပါးသောဆေးကို။ သတ္တာဟကာလိကန္တိ၊ သတ္တာဟကာလိက-ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ။သတ္တာဟကာလိက။

ဥဒကံ၊ ရေကို။ ထပေတွာ၊ ထား၍။ အဝသေသံ၊ ယာဝ,ယာမ,သတ္တာဟ ကာလိက ၃-ပါးမှကြွင်းသော။သဗ္ဗမ္ပိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကိုလည်း။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပရိဟရိတွာ၊ လိုကရအောင် လက်ရှိဆောင်၍။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်။

ဘုဉ္ဇိတဗ္ဗတော၊ သုံးဆောင်အပ် သောကြောင့်။ ယာဝဇီဝိကန္တိ၊ ယာဝဇီဝိက–ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ယာဝဇီဝိက။

ရေကား ကာလိက ၄-ပါး တပါးပါးသို့မဝင်၊ အလျှဉ်းပင် ကာလိကမဟုတ်။ ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက သုံးပါးမှ ကြွင်းသော၊ အလုံးစုံ အရွက်, အပွင့်, အသီး, အကာ, အနှစ်, အခေါက်, အစေး, အမြစ်, အဥ, အဖု, အဗြောက်, ဆား, ထုံး အစရှိသည် သည်၊ ယာဝဇီဝိက ဖြစ်၏။ ထို့ကြောင့်၊ အရွက်, အပွင့်, အသီး, ထုံး, အစေး, အဥ, အဖု, အခေါက်ဟု ဆိုအပ်သော ကွမ်းရာကို၊ နေ့လွဲဆင်ခြင်၍စားခြင်း၊ အရွက်ဆေးကို ဝါးခြင်း၊ အခိုးဆေးလိပ်ကို သောက်ခြင်းသည်၊ အပြစ်မရှိ အပ်၏ဟု မှတ်ကြပါကုန်။

တတ္ထ၊ ထိုလေးပါးသော ကာလိကတို့တွင်၊ အရုဏော ဒယတော၊ အရုဏ်တက်ကပင်။ ပဋိဂ္ဂဟိတံ၊ အကပ်ခံအပ်သော။ ယာဝကာလိကံ၊ ယာဝကာလိကကို။ သတက္ခတ္တုမ္ပိ၊ အကြိမ်တရာလည်း။ နိဓေတွာ၊ သိုမှီး၍။ ယာဝ၊ အကြင်မျှလောက်။ ကာလော၊ မွန်းတည့်ကာလသည်။ နာတိက္ကမတိ၊ မလွန်သေး။ တာဝ၊ ထိုမျှလောက်။ ဘုဉ္ဇန္တဿ၊ စားသောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ (ယာဝကာလိက)။ ။ ယာမကာလိကံ၊ ယာမကာလိကကို။ ဧကံ အဟောရတ္တံ၊ တနေ့တညဉ့်ပတ်လုံး။ နိဓေတွာ၊ သိုမှီး၍။ ယာဝ၊ အကြင်မျှလောက်။ ကာလော၊ ယမ်ကာလသည်။ နာတိက္ကမတိ၊ မလွန်သေး။ တာဝ၊ ထိုမျှလောက်။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ (ယာမကာလိက)။ ။သတ္တာဟကာလိကံ၊ သတ္တာဟကာလိကကို။ သတ္တရတ္တံ-သတ္တ အဟောရတ္တံ၊ ၇-နေ့ ၇–ညဉ့်ပတ်လုံး။ နိဓေတွာ၊ သိုမှီး၍။ ယာဝ၊ အကြင်မျှလောက်။ ကာလော၊ ၇–ရက်ကာလသည်။ နာတိက္ကမတိ၊ မလွန်သေး။ တာဝ၊ ထိုမျှလောက်။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ (သတ္တာဟကာလိက)။ ။ဣတရံ၊ သတ္တာဟကာလိက ဆေးမှ တပါးသော။ ယာဝဇီဝိကံ၊ ယာဝဇီဝိကဆေးကို။ ယာဝ၊ အကြင်မျှလောက်။

ကာလသော၊ အသက်ရှိသော ကာလသည်။ နာတိက္ကမတိ၊ မလွန်သေး။ တာဝ၊ ထိုမျှလောက်၊ သတိပစ္စယော၊ သတိဖြင့် ဆင်ခြင်လျက်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်းအား၊ အနာပတ္တိ၊ အာပတ်မသင့်။ (ယာဝဇီဝိက)။ ။အဋ္ဌကထာ အနက်။

## ယာမ, သတ္တာဟ, ယာဝဇီဝိက ၃-ပါးကို မဆင်ခြင်ဘဲ သုံးဆောင်က၊ အာပတ်သင့်သည်ကိုပြခြင်း

ဤသန္နိဓိကာရကသိက္ခာပုဒ အနာပတ္တိဝါရ ပါဠိတော်, ၎င်း အဋ္ဌကထာမှာ၊ ယာဝဇီဝိက၌သာ သတိပစ္စယော-အထူးကိုရအပ်၏။ ယာမကာလိကာမှာ မရအပ်၊ ဆေးမဟုတ် အဖျော်ဖြစ်သော ကြောင့် သတိပစ္စယော-အထူးကို၊ ဘုရားလည်းမဟော အဋ္ဌကထာ လည်းမဖွင့် မဟူသင့်ရာ။

သတိပစ္စယတာတိ ဝစနတော နာယံ ဝိသေသော လဗ္ဘတီတိ စေ ။န။ အနိဋ္ဌပသင်္ဂတော ဝစနာနိယမတော စ၊ သန္နိဓိသိက္ခာပဒေ ဟိ အနာပတ္တိ ယာဝကာလိကံ ယာဝကာလံ နိဓေဟိတွာ ဘုဉ္ဇတိ။ ယာမကာလိကံ ယာမံ နိဓေဟိတွာ ဘုဉ္ဇတီတိ ဧတ္ထေဝ ပန ဝစနပ္ပမာဏတော ယာမကာလိကံ န ပုရေဘတ္တေ၊ န ပစ္ဆာဘတ္တေ၊ န ဒိဝသေ၊ န ရတ္တိယံ။ ယာမမေဝ နိဓေဟိတွာ ဘုဉ္ဇန္တဿ အနာပတ္တီတိ အနိဋ္ဌပ္ပသင်္ဂေါ၊ တထာ တတ္ထေဝ ယာမကာလိကံ ယာမံ နိဓေဟိတွာ ဘုဉ္ဇတိ၊ သတ္တာဟကာလိကံ သတ္တာဟံ နိဓေဟိတွာ၊ ဘုဉ္ဇတီတိ ဧတ္ထကမေဝ ဝုတ္တံ၊ န ဝုတ္တံ သတိပစ္စယေတိ။ တသ္မာ သတိပစ္စယဝစနံ ကတ္ထစိ ဟောတိ၊ ကတ္ထစိ န ဟောတီတိ ဝစနာနိယမတော အာပတ္တိယာပိ အနိယမော သိယာ။ ။ရူပိယသိက္ခာပုဒ်အဖွင့် ဝဇီရဗုဒ္ဓိဋီကာ။

သတိပစ္စယောတိ ဝစနတော၊ သတိပစ္စယော-ဟု ဟောတော်မူခြင်းကြောင့်။ သတိပစ္စယောတိ အယံဝိသေသော၊ သတိပစ္စယော-ဟူသော

၍ပြည့်အထူးကို။ ကေစ္ဆဝစနတော၊ အချို့သော ယာဝဇီဝိက စကားရပ်မှ၊ လဗ္ဘတိ ယထာ၊ ရအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဧကစ္စဝစနတော၊ အချို့သော ယာမကာလိက စကားရပ်မှ။ နလဗ္ဘတိ၊ မရအပ်၊ ဣတိ၊ ၍သို့။ ကောစိ၊ အချို့သောဆရာသည်။ ဧဝံ ဝဒေယျ၊ ဤသို့ဆိုငြားအံ့၊ န ဝဒေယျ၊ မဆိုရာ။ ကသ္မာ၊ အဘယ့်ကြောင့်။ န ဝဒေယျ၊ မဆိုရာသနည်း။ အနိဋ္ဌပ္ပသင်္ဂတောစ၊ မလိုရာမှာ လင်းပါးခြင်းကြောင့်လည်း။ န ဝဒေယျ၊ မဆိုရာ။ ဝစနာနိယမတောစ၊ စကားမမြဲခြင်းကြောင့်လည်း၊ န ဝဒေယျ၊ မဆိုရာ။ ။အကျဉ်းအဖြေ။

ဟိ၊ ထင်အောင်ပြဦးအံ့။ သန္နိဓိသိက္ခာပဒေ၊ သန္နိဓိသိက္ခာပုဒ်၌။ အနာပတ္တိ ယာဝကာလိကံ ယာဝ ကာလံ နိဓေတွာ ဘုဉ္ဇတိ၊ ယာမကာလိကံ ယာမံ နိဓေတွာ ဘုဉ္ဇတီတိ ဧတ္ထ ပန၊ ဘုဉ္ဇတိ - ဟူသော ၍ပါဠိ၌၊ ဝစနပ္ပမာဏတော၊ မြတ်စွာဘုရား၏ စကား ပါဠိပမာဏအားဖြင့်၊ ယာဝကာလိကံ၊ ယာမကာလိကကို။ ပုရေဘတ္တေ၊ နံနက်အခါ၌။ နိဓေတွာ၊ သိမ်း၍။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်သည်။ နှ၊ မဟုတ်သေး။ ပစ္ဆာဘတ္တေ၊ နေလွဲသောအခါ၌။ နိဓေတွာ၊ သိမ်း၍။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်သည်။ နှ၊ မဟုတ်သေး၊ ဒိဝသေ၊ နေ့အခါ၌။ နိဓေတွာ၊ သိမ်း၍။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်သည်။ နှ၊ မဟုတ်သေး။ ရတ္တိယံ၊ ညဉ့်အခါ၌။ နိဓေတွာ၊ သိမ်း၍။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်သည်။ နှ၊ မဟုတ်သေး။ ယာမမေဝ၊ နေ့,ညဉ့် ယာမ်ပတ်လုံးသာလျှင်။ နိဓေတွာ၊ သိမ်း၍။ ဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ၊ ၍သို့။ အနိဋ္ဌပ္ပသင်္ဂေါ၊ မလိုအပ်ရာမှာ လင်းပါးခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။

စောဒကအလို။ ။ယာမကာလိကကို ဘယ်ခါမဆို ဘတ်ဖြင့် မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း၊ အာပတ်မသင့်ဟု ဆိုခဲ့သော် ယာမကာလိက စကားရပ်၌၊ သတ္တိပစ္စယော-လည်း မပါမလာ

မဆင်ခြင်ဘဲ သုံးဆောင်ကလည်း အာပတ်မသင့်သကဲ့သို့၊ ထို့အတူ၊ သဗ္ဗာဟာကာလိက စကားရပ်၌လည်း၊ သတိပစ္စယေ မပါ မလာ၊ ဘယ်အခါမဆို သဗ္ဗာဟာကာလိကကို မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း၊ အာပတ်မသင့်ရာ။ ဤသို့ဖြစ်သော်၊ သတိပစ္စယေ မပါမလာ၍ မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း။ အချို့သော ဆေးကာလိကမှာ အာပတ်မသင့်။ အချို့သော ဆေးကာလိကမှာ သတိပစ္စယေ ပါလာ၍၊ မဆင်ခြင်ဘဲ သုံးဆောင်က အာပတ်သင့်၏။ ဤသို့ အာပတ်အချို့သင့်, အချို့မသင့်သော်၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော၊ သတိပစ္စယေ စကားတော်လည်း မငြိ၊ ပညတ်တော်မူအပ်သော အာပတ်လည်း မငြိ - ဟု၊ ဝစန သမ္ဗာတ စကားကျဲ ကောက်လိုသည်ဖြစ်၍၊ တထာ တဗ္ဗေဝ စသည်ကိုမိန့်။

တထာ၊ ထို့အတူ။ တဗ္ဗေဝ၊ ထိုသန္နိဓိ သိက္ခာပုဒ်၌ပင်လျှင်။ ယာမကာလိကံ ယာမံ နိဓေဟိတွာ ဘုဉ္ဇတိ၊ သဗ္ဗာဟာကာလိကံ သဗ္ဗာဟံ နိဓေဟိတွာ ဘုဉ္ဇတိတိ၊ ဘုဉ္ဇတိ-ဟူ၍။ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ ဝုတ္တံ၊ ဟောအပ်၏။ သတိပစ္စယေတိ၊ သတိပစ္စယေ-ဟူ၍။ န ဝုတ္တံ၊ မဟောအပ်။ တသ္မာ၊ ထို့ကြောင့်။ သတိပစ္စယ ဝစနံ၊ သတိပစ္စယ စကားသည်။ ကတ္ထစိ၊ အချို့ယာဝဇီဝိက စကားရပ်၌။ ဟောတိ၊ ဖြစ်၏။ ကတ္ထစိ၊ အချို့ ယာမကာလိက,သဗ္ဗာဟာကာလိက စကားရပ်၌။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝစနာနုလောမတော၊ စကား မငြိခြင်းကြောင့်။ အာပတ္တိယာပိ၊ အာပတ်၏လည်း။ အနုလောမော၊ မငြိသည်။ သိယာ၊ ဖြစ်ရာ၏။ ။ဝဇိရဗုဒ္ဓိဋီကာ အနက်။

ဤဝဇိရဗုဒ္ဓိဋီကာ၏ ဖျက်ပြဆ အဓိပ္ပါယ်ကား၊ ယာမကာလိက, သဗ္ဗာဟာကာလိက, ယာဝဇီဝိက သုံးပါးလုံးကိုပင်၊ သတိဖြင့်ဆင်ခြင်၍သာ သုံးဆောင်ရမည်။ ထိုအကောက်ခံသောနေ့ နံနက်ကိုထား၍၊ ဘယ်အခါမဆို မဆင်ခြင်ဘဲ သုံးဆောင်လျှင်၊ (အသတိပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ)-ဟု ဟောတော်မူခြင်းကြောင့်၊ ဒုက္ကဋ် **အာပတ်သင့်၏ဟူလော။**

## ယာမ, သတ္တာဟ, ယာဝဇီဝိက ၃ - ပါးကိုလည်း ဆင်ခြင်၍ သုံးဆောင်အပ်သည်ကို ပြခြင်း

ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ၃ - ပါးတို့တွင်၊ တပါးပါးကို သုံးဆောင်ခဲ့သော်၊ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိသော်ရှင်း၊ မရှိသော်ရှင်း။ နာသောရဟန်း, မနာသော ရဟန်းသည်၊ ဖြစ်လတံ့သော အနာဂတ် ဒုက္ခဝေဒနာကို မဖြစ်စေခြင်းအကျိုးငှါဟု၊ သတိဖြင့်ဆင်ခြင်၍ သုံးဆောင်ရမည်။ ထို့ကြောင့်၊........

> ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ယာဝဒေဝ ဥပ္ပန္နာနံ၊ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။-ဟု မိန့်ပြီ။

ယောနိသော၊ အကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရံ၊ အနာ၏ဆန့်ကျင်ဘက်ဖြစ်သော မြတ်စွာဘုရားတည်းဟူသော ဆေးသမား၏အစီအရင် ခွင့်ပြုတော်မူမှုဖြစ်သော၊ အသက်၏အရာမ်အတား အစောင့်အရှောက်အကြောင်းဖြစ်သော ဆေးပရိက္ခရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဥပ္ပန္နာနံ၊ ဖြစ်လတံ့ကုန်သော။ ဝေယျာဗာဓိကာနံ၊ နှိပ်စက်လတံ့ကုန်သော။ ဝေဒနာနံ။ ဒုက္ခဝေဒနာတို့၏။ ပဋိဃာတာယ၊ ပျောက်ခြင်းအကျိုးငှါ။ အဗျာပဇ္ဇပရမတာယ၊ ဆင်းရဲ၏မရှိခြင်း အတိုင်းအရှည်အကျိုးငှါ။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ။

ပစ္စဝေက္ခဏာ ပါဠိတော်၏အနက်။

## မဖြစ်သေး,ဖြစ်လတံ့ ဒုက္ခဝေဒနာတို့ကို အာရုံပြု၍ သုံးဆောင်က အပ်သည်ကိုပြခြင်း

> ယဒိပိ အနုပ္ပန္နာဝေ ဒုက္ခဝေဒနာ ဘေသဇ္ဇပရိဘောဂေန ပဋိဟညန္တိ။ န ဥပ္ပန္နာ။ တာသံ သရသေန ဘိဇ္ဇန

**တော။ ဥပ္ပန္နသဒိသာ ပန ဥပ္ပန္နာတိ ဝုစ္စန္တိ။ ဘဝတိ ဟိ တံသဒိသေသု တဗ္ဗောဟာရော။ ယထာ သာဧဝ တိတ္တိရီ၊ တာနိယေဝ ဩသဓါနီတိ။ တသ္မာ ဝုတ္တံ ဥပ္ပန္နာနန္တိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနန္တိ။** ။မဟာဋီကာ။

အနုပ္ပန္နာဝေ၊ မဖြစ်ကုန်သေးဘဲသာလျှင်။ ဒုက္ခာဝေဒနာ၊ ဖြစ်လတံ့ ဒုက္ခဝေဒနာတို့သည်။ ဘေသဇ္ဇပရိဘောဂေန၊ ဆေးကိုသုံးဆောင်ခြင်းဖြင့်။ ယဒိပိ ပဋိဟညန္တိ၊ အကယ်ပင်စင်စစ် ပျောက်ကုန်၏ရှင့်။ ဥပ္ပန္နာ၊ ဖြစ်ဆဲ, ဖြစ်ပြီးကုန်သော။ ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်။ ဘေသဇ္ဇပရိဘောဂေန၊ ဆေးကိုသုံးဆောင်ခြင်းဖြင့်။ န ပဋိဟညန္တိ၊ မပျောက်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တာသံ၊ ထိုဖြစ်ပြီး, ဖြစ်ဆဲသော ဒုက္ခဝေဒနာတို့၏။ သရသေန၊ ဘင်္ဂက္ခဏ ကိစ္စနှင့်တကွ။ ဘိဇ္ဇနတော၊ ပျက်ခြင်းကြောင့်တည်း။ ပန တထာပိ၊ ထိုသို့ပင်ဖြစ်သော်လည်း။ ဥပ္ပန္နသဒိသာ၊ ဖြစ်ပြီး, ဖြစ်ဆဲ နှင့်တူကုန်သော။ အနုပ္ပန္နာ ဒုက္ခာဝေဒနာ၊ မဖြစ်သေးသော ဒုက္ခဝေဒနာတို့ကို။ ဥပ္ပန္နာတိ၊ ဥပ္ပန္နာ-တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်၏။ ဟိ၊ မှန်၏။ တံ သဒိသေသု၊ ထိုနှင့်တူရာတို့၌။ တဗ္ဗောဟာရော၊ ထိုဟုခေါ်ဝေါ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ သာဧဝ တိတ္တိရီ၊ ထိုခဲခါးသည်ပင်။ တိတ္တိရီ၊ ယခုစားသော ခဲခါးတည်း။ တာနိယေဝ ဩသဓာနိ၊ ထိုဆေးတို့သည်ပင်။ ဩသဓါနိ၊ ယခုစားသော ဆေးတို့တည်း။ ဣတိ၊ ဤသို့။ တံ သဒိသေသု၊ ထိုနှင့်အတူတို့၌။ တဗ္ဗောဟာရော၊ ထိုဟုခေါ်ဝေါ်ခြင်းသည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဘဝတိ၊ ဖြစ်၏။ (လှည့်၍သတ်) တသ္မာ၊ ထို့ကြောင့်။ ဥပ္ပန္နာနန္တိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနန္တိ၊ နိဗ္ဗတ္တာနံ-ဟူ၍။ ဝုတ္တံ၊ မိန့်အပ်ပြီ။ ။မဟာဋီကာ အနက်။

မဟာဋီကာအလို၊ မဖြစ်သေးသော ဒုက္ခဝေဒနာသာလျှင်၊ ဆေးကိုသုံးဆောင်ခြင်းဖြင့် မဖြစ်ဘဲပျောက်သည်။ ဖြစ်ပြီး,ဖြစ်ဆဲသော ဒုက္ခဝေဒနာသည်၊ ဘာသာအလျောက် ဘင်္ဂက္ခဏ ကိစ္စနှင့်တကွ ပျက်ခြင်းကြောင့်၊ ဆေးကိုသောက်သဖြင့်လည်း ပျောက်စရာမရှိပြီ ဟူလို။ ပရမတ္ထ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခဏတ္တယကိစ္စကို၊ အ

နည်းငယ်မျှ မသိမမြင်က သဘောမကျနိုင်။ ထို့ကြောင့် မဟာဋီကာ
နှင့် အညီဆေးကိုသုံးဆောင်လျှင်၊ မဖြစ်သေးသောအနာဂတ်ဒုက္ခဝေဒ
နာမဖြစ်စေခြင်းငှါ၊ သတိဖြင့်ဆင်ခြင်၍သုံးဆောင်ရမည်ဟု ဆိုခဲ့ပြီ။

ယခု အပြင်းအထန်များသောသူသည်၊ နောက် အပြင်းအထန်မ
များအောင် ဆေးစားသကဲ့သို့။ ယခု အသက်အသာ များသောသူ
သည်၊ နောက် အလျှဉ်းမများအောင် ဆေးစားသကဲ့သို့။ ရက်ခြား
များသောသူသည်၊ ယနေ့များသော်လည်း၊ နက်ဖန်မများအောင်
ဆေးစားသကဲ့သို့။ ယခု အများမရှိ ပကတိ ကျန်းမာသောသူသည်၊
နောက် အသက်ထက်ဆုံး ကျန်းမာအောင် ဆေးစားသကဲ့သို့။ ထို့အ
တူ၊ ယခု အပြင်းအထန်နာသော ရဟန်းသည်၊ နောက် အပြင်းအထန်
မနာအောင်ဟု ဆင်ခြင်၍ ဆေးကိုသုံးဆောင်ခြင်း။ ယခု အသက်
အသာနာသော ရဟန်းသည်၊ နောက်အလျှဉ်းမနာအောင်ဟု ဆင်
ခြင်၍ ဆေးကိုသုံးဆောင်ခြင်း။ တရက်ခြားနာသော ရဟန်းသည်၊
ယနေ့ပင်မနာသော်လည်း၊ နက်ဖန်မနာအောင်ဟု ဆင်ခြင်၍ ဆေးကို
သုံးဆောင်ခြင်း။ ယခု အနာမရှိ ပကတိ ကျန်းမာသော ရဟန်းသည်၊
နောက် အသက်ထက်ဆုံး မနာအောင်ဟု ဆင်ခြင်၍ ဆေးကို သုံး
ဆောင်ခြင်းသည်၊ ပစ္စဝေက္ခဏာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်
အညီ၊ နာသောရဟန်း, မနာသော ရဟန်းတို့၏ သုံးဆောင်နည်း
ပင်တည်း။

## ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် မညီသော အတ္တနောမတိကို ပြခြင်း

အနာမရှိလျှင် ဆင်ခြင်ရန်အကြောင်းမရှိ၊ အကြောင်းမရှိလျှင်
ဆေးကိုသုံးဆောင်ခြင်းငှါ မအပ်ဟုဆိုသော စကားသည်၊ ပါဠိ,
အဋ္ဌကထာ, ဋီကာတို့နှင့်မညီ၊ အတ္တနောမတိမျှသာဖြစ်သည်။

အတ္တနောမတိ စကားအဆို၏ အလိုသော်ကား၊ ယခုအနာသည်
ယခုဆေးစားမှပျောက်သည်၊ နောက်အနာ ပျောက်သည်မဟုတ်။
နောက် အနာသည်လည်း၊ ယခု နာသေးသည်မဟုတ် နောက်နာလတံ့
ပင်ဖြစ်သော်လည်း၊ ယခု မနာသေးသောရဟန်း, ယခု နာဆဲသောရ

ဟာန်း ၂-ပါးလုံးသည်ပင်၊ နာလတံ့ အနာကို အဘယ်သို့လျှင် ဆင်ခြင်၍၊ အဘယ်သို့လျှင် ဆေးကိုသုံးဆောင်ခြင်းငှါ သင့်နိုင်ပါအံ့နည်း။ ယခု နာသော ဒုက္ခဝေဒနာသည်၊ နာသော နံက်, ညနေ, နေ့, ညဉ့်,ရက်,လ,နှစ်ကာလ နာသမျှပတ်လုံး၊ တကြိမ်တခါမျှ တခဏ မချုပ်မပျက်၊ အနာကင်းပျောက်မှသာ ချုပ်ပျောက်သည်ဟူလေ။

ဤအတ္တနောမတိအတိုင်း မဟုတ်၊ နာသောရဟာန်း, မနာသောရဟာန်း ၂-ပါးလုံးသည်ပင်၊ နာလတံ့သော ဒုက္ခဝေဒနာကိုသာ ပယ်ခြင်း, ပျောက်ခြင်းငှါ၊ ဆင်ခြင်၍ဆေးကို သုံးဆောင်ခြင်းငှါ ထိုက်သည်။ နာပြီးသော အတိတ်ဒုက္ခဝေဒနာ, နာဆဲပစ္စုပ္ပန် ခဏတ္တယသို့ ရောက်ဆဲသော ဒုက္ခဝေဒနာကို မပယ်ပျောက်နိုင်၊ ပယ်ခြင်း, ပျောက်ခြင်း အကျိုးငှါဟု ဆင်ခြင်သော ရဟာန်း၏ အလိုအားဖြင့် ဒုက္ခဝေဒနာမဖြစ်စေလို။ သို့အတွက်၊ ဒုက္ခဝေဒနာမဖြစ်အောင်ဟု ဆင်ခြင်၍ ဆေးကို သုံးဆောင်လေသည်။

အတိတ် ဒုက္ခဝေဒနာကို မဖြစ်စေလိုဟု ဆင်ခြင်၍ ဆေးကိုသုံးဆောင်သော်လည်း၊ ပယ်ပျောက်နိုင်တော့သည်မဟုတ်၊ ဖြစ်ခြင်းကိစ္စနှင့်တကွ ပျက်ပြီးပြီ။ အတိတ်နှင့်စပ် အခြားမဲ့ရပ်ကာလ ယခု ပစ္စုပ္ပန် ခဏတ္တယ နာတုန်း, နာဆဲဝေဒနာကို၊ မဖြစ်စေလိုဟု ဆင်ခြင်၍ ဆေးကို သုံးဆောင်သော်လည်း၊ ပယ်နိုင် ပျောက်နိုင်တော့သည်မဟုတ်၊ ဖြစ်ခြင်း ကိစ္စနှင့်တကွ အလိုလို ယခု ပျက်တုန်းပျက်ဆဲ၊ ပစ္စုပ္ပန်နှင့်စပ် အနာဂတ်ရပ်ကာလ ခဏတ္တယသို့ မရောက်သေး ရောက်လတံ့၊ မဖြစ်သေး ဖြစ်လတံ့၊ မနာသေး နာလတံ့သော ဒုက္ခဝေဒနာကိုသာ မဖြစ်စေလိုဟု၊ ဆင်ခြင်၍ဆေးကို သုံးဆောင်ခြင်းသည်၊ နာသော ရဟာန်း, မနာသော ရဟာန်း ၂-ပါးလုံးမှာပင်၊ မဖြစ်သေးသော ဒုက္ခဝေဒနာ မဖြစ်ပါသောကြောင့်၊ ပယ်နိုင် ပျောက်နိုင်သည်ဟု ဂရုတခု အလေးပြု၍ မှတ်ယူတော်မူကြပါကုန်။

အဗျာပဇ္ဇပရမတာယာတိ နိဒုက္ခပရမတာယ ယာဝ
တံ ဒုက္ခံ သဗ္ဗံ ပဟီနံ ဟောတိ၊ တာဝါတိ အတ္ထော။ ။
ဝိသုဒ္ဓိမဂ်။

အဇ္ဈာပဇ္ဇပရမတာယာတိ၊ အဇ္ဈာပဇ္ဇပရမတာယ – ဟူသည်ကား။ နိဒုက္ခ ပရမတာယ၊ ဆင်းရဲမရှိခြင်း အတိုင်းအရှည် အကျိုးငှါ။ ယာဝ၊ အကြင်မျှလောက်။ တံ ဒုက္ခံ၊ ထိုဆင်းရဲသည်။ သဗ္ဗံ ပဟီနံ၊ အလုံးစုံ မဖြစ်ဘဲပျောက်သည်။ ဟောတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ထဘက်ဆန့်ကျင်ဘက်ဖြစ်သော မြတ်စွာဘုရားတည်း ဟူသော ဆေးသမား၏ ခွင့်ပြုတော်မူမှုဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဣတိ အယံ အတ္ထော၊ ဤကား အနက်။

အသက်ထက်ဆုံးပတ်လုံး ဆင်းရဲခြင်းမရှိဘဲ၊ ဗာကုလမည် အရှင်မထေရ်ကဲ့သို့ အနာတကင်းတည်းကင်း၏။ ဤသို့ အနာတကင်းတည်းကင်းမှသာလျှင်၊ ဆင်းရဲခြင်းမရှိဘဲ အသက်ထက်ဆုံး အနာကင်းပျောက်ခြင်း အကျိုးငှါဟု၊ဆင်ခြင်၍ ဆေးကိုသုံးဆောင်ပါသည်ဟူပေ။

## အသက်ရှည်စေတတ်သော အာယုဝဍ္ဎန ဆေးကို သုံးဆောင်ခြင်းကြောင့်၊ အပြစ်မရှိသည်ကို ပြခြင်း

ယခု အနာမရှိဘဲ အသက်ကိုတိုးပွါးစေခြင်းအကျိုးငှါ၊ အသက်တိုးပွါးခြင်း၏အကြောင်းဖြစ်သော အာယုဝဍ္ဎန ဆေးကို၊ ဆင်ခြင်၍ သုံးဆောင်သော်လည်း အပ်၏။

> အသာတိ ဇီဝိတသာ၊ ကာရဏ ဘာဝတောတိ စိရပ္ပဝတ္တိယာ ကာရဏဘာဝတော၊ ရသာယန ဘူတဉ္စ ဘေသဇ္ဇံ သုစိရမ္ပိ ကာလံ ဇီဝိတံ ပဝတ္တေတိယေဝ။ ။
>
> မဟာဋီကာ။

အသာတိ၊ အသာ-ဟူသည်ကား။ ဇီဝိတသာ၊ အသက်၏။ ကာရဏဘာဝတောတိ၊ ကာရဏဘာဝတော–ဟူသည်ကား။ စိရပ္ပဝတ္တိယာ၊ ရှည်စွာသောဖြစ်ခြင်း၏။ ကာရဏဘာဝတော၊ အကြောင်း

၏အဖြစ်ကြောင့်။ ဟိ သစ္စံ၊ မှန်၏။ ရသာယန ဘူတံ၊ အသက်တိုး ပွါးခြင်း ကိစ္စကို ဖြစ်စေတတ်သောကြောင့်၊ ရသာယနဖြစ်၍ ဖြစ်သော။ တေသဇ္ဇံ၊ အာယုဝဍ္ဍန ဆေးသည်။ သုစိရဋ္ဌိကာလံ၊ အလွန် ရှည်ကြာသောနှစ် ရာ,ထောင် ကာလပတ်လုံးလည်း။ ဇီဝိတံ၊ အသက်ကို။ ပဝတ္တေတိယေဝ၊ ဖြစ်စေသည်သာလျှင်တည်း။

## သံ, ပြဒါး, ဆေးဒါန်းပြာ စသော ဆေးမျိုးသည်၊ ရဟန်းစီရင်သော်လည်း၊ ပရိယေဋ္ဌိ သုဒ္ဓိဖြစ်က အပ်သည်ကို ပြခြင်း

ရဟန်းတို့ စီရင်သော ပြဒါးပြာ, သံပြာ, ဆေးဒါန်းပြာစသော အာယုဝဍ္ဍန ဆေးသည်၊ ပရိယေဋ္ဌိ သုဒ္ဓိ ဖြစ်အံ့မထင်။ ဒါယကာတို့ ကလှူသော အာယုဝဍ္ဍန ဆေးသာလျှင်၊ ပရိယေဋ္ဌိ သုဒ္ဓိ ဖြစ်လိမ့်မည် ထင်သည်။ ရဟန်းတို့စီရင်သော အာယုဝဍ္ဍန ဆေးပင်ဖြစ်သော် လည်း၊ အာဇီဝဟေတုကြောင့် ပညတ်တော်မူသော သိက္ခာပုဒ် ခြောက်ပါးကို မလွန်ကျူးဘဲ၊ မိစ္ဆာဇီဝကင်းလျှင်လည်း၊ ပရိယေ ဋ္ဌိ သုဒ္ဓိ ဖြစ်ပေလိမ့်မည်။

> ပရိယေဋ္ဌိ သုဒ္ဓိနာမ အာဇီဝ ပါရိသုဒ္ဓိသီလံ၊ တဉှိ အ နေသနံ ပဟာယ ဓမ္မေန သမေန ပစ္စယေ ဥပ္ပါဒေန္တဿ ပရိယေသနာယ သုဒ္ဓတ္တာ ပရိယေဋ္ဌိ သုဒ္ဓိတိ ဝုစ္စတိ။ ။
>
> ဝိသုဒ္ဓိမဂ်။

ပရိယေဋ္ဌိသုဒ္ဓိနာမ၊ ပရိယေဋ္ဌိသုဒ္ဓိ-မည်သည်ကား။ အာဇီဝ ပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလပင်တည်း။ ဟိ၊ ဟုတ်၏။ တံ၊ ထိုအာဇီဝပါရိသုဒ္ဓိသီလကို။ အနေသနံ၊ မရှာမှီးသင့်ရာ ရှာမှီးခြင်း ကို။ ပဟာယ၊ ပယ်စွန့်၍။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ဝါ၊ ဓမ္မေန သမေန၊ တရားနှင့်ညီအောင်။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဥပ္ပါ ဒေန္တဿ၊ ဖြစ်စေသောရဟန်း၏၊ ပရိယေသနာယ၊ ရှာမှီးခြင်း၏။ သုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ ပရိယေဋ္ဌိ သုဒ္ဓိတိ၊ ပရိ ယေဋ္ဌိသုဒ္ဓိ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## အာယုဝဍ္ဎနဆေး ရှာမှီးခြင်းစင်ကြယ်က အပ်သည်ကို ပြခြင်း

ဤသို့ရှာမှီးခြင်းစင်ကြယ်က၊ အနာမရှိဘဲ အသက်ရှည်အောင်ဟု ဆင်ခြင်၍၊ အာယုဝဍ္ဎနဆေးကိုပင် သုံးဆောင်သော်လည်း အပ်ပါသေးသည်။ အဘယ့်ကြောင့် ပရိယေဋ္ဌိသုဒ္ဓိဖြစ်သောဆေးကို၊ ယခုမနာသေး နောင်နာလတံ့သော ဒုက္ခဝေဒနာ မဖြစ်စေခြင်းအကျိုးငှါဟု၊ ဆင်ခြင်၍ဆေးကိုသုံးဆောင်ခြင်းမှာ မအပ်ဘဲရှိပါအံ့နည်း၊ အပ်ပါ၏ဟူပေ။ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ၄-ပါးသောပစ္စည်းသည်ကား၊ ဓမ္မိယလဒ္ဓ တရားဖြင့်ရသည်မှန်စေ၊ သုံးဆောင်သောအခါမှ မအပ်ဟူ၍ တစိုးတစိမရှိ၊ ဆင်ခြင်၍သုံးဆောင်လျှင်အပ်သည်ချည်းပင်တည်း။

ယေပန တေ စီဝရာဒယော၊ တေသု ယဿ ကဿစိ ဘိက္ခုနော အာဇီဝံ ပရိသောဓေန္တဿ စီဝရေစ ပိဏ္ဍပါတေစ နိမိတ္တောဘာသ ပရိကထာ ဝိညတ္တိယော န ဝဋ္ဋန္တိ။ သေနာသနေပန၊ အပရိဂ္ဂဟိတ ဘူတဿ နိမိတ္တောဘာသ ပရိကထာ ဝဋ္ဋန္တိ။ ပ။ ဘေသဇ္ဇေ သဗ္ဗံ ဝဋ္ဋတိ၊ တထာ ဥပ္ပန္နံ ပန ဘေသဇ္ဇံ ရောဂေဝူပသန္တေ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ န ဝဋ္ဋတီတိ။ တတ္ထ ဝိနယဓရာ ဘဂဝတာ ဒွါရံ ဒိန္နံ၊ တသ္မာ ဝဋ္ဋတီတိ ဝဒန္တိ။ သုတ္တန္တိကာ ပန ကိဉ္စာပိ အာပတ္တိ န ဟောတိ၊ အာဇီဝံ ပန ကောပေတိ၊ တသ္မာ န ဝဋ္ဋတီတိ ဝဒန္တိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ယေပန တေ စီဝရာဒယော ပစ္စယာ၊ အကြင်သင်္ကန်း, ဆွမ်း, ကျောင်း,ဆေး ၄-ပါးသော ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုသင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ၄-ပါးသော ပစ္စည်းတို့တွင်။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ ပရိသောဓေန္တဿ၊ သုတ်သင်သော။ ယဿကဿစိ ဘိက္ခုနော၊ တစုံတယောက်သော ရဟန်းအား။ စီဝရေစ၊ သင်္ကန်း၌၎င်း။ ပိဏ္ဍပါတေစ၊ ဆွမ်း၌၎င်း။ နိမိတ္တော

ဘာသ ပရိကထာ ဝိညတ္တိယော၊ နိမိတ်ပြုခြင်း, အရိပ်အရောင်ပြုခြင်း, ပရိယာယ်ဆိုခြင်း, တောင်းခြင်းတို့သည်။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။ သေနာသနေ ပန၊ ကျောင်း၌ကား။ အပရိဂ္ဂဟိတာ ရူပဂ်ာသ၊ စောင့်ရှောက်အပ်သော ရုပ်ဂါမရှိသော။ ယာသာကာသာဓိ ဘိက္ခုနော၊ တစုံတယောက်သော ရဟန်းအား။ နိမိတ္တောဘာသ ပရိကထာ၊ နိမိတ်ပြုခြင်း, အရိပ်အရောင်ပြုခြင်း, ပရိယာယ်ဆိုခြင်းတို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ ဝိညတ္တိယေဝ၊ တောင်းခြင်း သည်သာလျှင်။ န ဝဋ္ဋတိ၊ မအပ်။ သေသဒွေ၊ ဆေး၌။ ယာသာကာသာဓိ ဘိက္ခုနော ဂိလာနဿ၊ တစုံတယောက် နာသောရဟန်းအား။ သဗ္ဗံ၊ နိမိတ်, အရိပ်အရောင်, ပရိယာယ်ဆိုခြင်း,တောင်းခြင်း အလုံးစုံသည်။ ဝဋ္ဋတိ၊ အပ်၏။ တထာ ဥပ္ပန္နံ၊ ထိုနိမိတ်, အရိပ်အရောင်, ပရိယာယ်ဆိုခြင်း, တောင်းခြင်း ကြောင့်ဖြစ်သော။ ဘေသဇ္ဇံ ပန၊ ဆေးသည်ကား။ ရောဂေ၊ အနာသည်။ ဝူပသန္တေ၊ ငြိမ်းသည်ရှိသော်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်မည်လော။ န ဝဋ္ဋတိ၊ မအပ်မည်လော။ ဧတ္ထ၊ ဤသို့။ သံ ပုစ္ဆေယျ၊ အကြင်မေးငြားအံ့။ တတ္ထ၊ ထိုအမေး၌။ ဝိနယဓရာ၊ ဝိနည်းဆောင်တို့သည်။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဒွါရံ၊ အကြောင်း ဝိညတ္တိဒွါရကို။ ဒိန္နံ၊ ခွင့်ပေးတော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဝဋ္ဋတီတိ၊ အပ်၏ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ သုတ္တန္တိကာ ပန၊ သုတ္တန်ဆောင်တို့သည်ကား။ အာပတ္တိ၊ အာပတ်သည်။ ကိဉ္စာပိ န ဟောတိ၊ အကယ်မဖြစ်။ ပန တထာပိ၊ ထိုသို့ပင်မဖြစ်သော်လည်း။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ ကောပေတိ၊ ပျက်စေ၏။ တသ္မာ၊ ထို့ကြောင့်။ န ဝဋ္ဋတိစ္စေဝ၊ မအပ်ဟူ၍ သာလျှင်။ ဝဒန္တိ၊ ဆိုကြကုန်၏။

### ပစ္စည်း ၄-ပါးဆင်ခြင်၍ သုံးဆောင်သော်လည်း ပရိယာယ်,နိမိတ် မကင်းက မအပ်သည်ကို ပြခြင်း

သင်္ကန်း, ဆွမ်း, ကျောင်း,ဆေး ၄-ပါးသောပစ္စည်းတို့တွင်၊ တစုံတယောက်သောရဟန်းအား၊ နိမိတ်ပြု၍ရသော သင်္ကန်း. ဆွမ်း၊ အရိပ်အရောင်ပြု၍ရသော သင်္ကန်း,ဆွမ်း၊ ပရိယာယ်ကထာပြု၍ရသော

သင်္ကန်း, ဆွမ်း၊ ဉာတိ, ပဝါရိတမှ တပါးမှာ တောင်း၍ရသော သင်္ကန်း, ဆွမ်းသည်၊ ဆင်ခြင်၍သုံးဆောင်သော်လည်း မအပ်။

အဗ္ဘောကာသိက စသောဓုတင်ကိုဆောင်သော ရဟန်းမှတပါးသောရဟန်းအား နိမိတ်ပြု၍ရသော ကျောင်း၊ အရိပ်အရောင်ပြု၍ရသောကျောင်း၊ ပရိယာယ်ကထာပြု၍ရသောကျောင်းသည်၊ ဆင်ခြင်၍သုံးဆောင်လျှင် အပ်၏။ သင်္ကန်း, ဆွမ်း, ကျောင်း ၃-ပါးသော ပစ္စည်းသည်၊ မဆင်ခြင်ဘဲ သုံးဆောင်သော်လည်း ပညတ်မရှိ၍ အာပတ်ကိုမဖြစ်စေ၊ ဣဏပရိဘောဂဖြစ်၍ ပစ္စယသန္နိဿိတ သီလကိုသာ ပျက်စေသည်ဟု မှတ်ကြပါကုန်။

ဉာတိ,ပဝါရိတမှ တပါးမှာတောင်း၍ရသော ကျောင်းသည်၊ ဆင်ခြင်၍သုံးဆောင်သော်လည်း မအပ်။

တစုံတယောက် နာသော ရဟန်းအား၊ နိမိတ်ပြု၍ရသော ဆေး၊ အရိပ်အရောင်ပြု၍ရသော ဆေး၊ ပရိယာယ်ကထာပြု၍ရသော ဆေး၊ တောင်း၍ရသော ဆေးသည်၊ ဆင်ခြင်၍ သုံးဆောင်သော်သာလျှင် အပ်၏။ မဆင်ခြင်ဘဲ သုံးဆောင်လျှင်။ (အသတိပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ) ဟု ဝိနည်းပညတ်သောကြောင့် မအပ်၊ ဒုက္ကဋ် အာပတ်လည်း သင့်၏၊ ပစ္စယ သန္နိဿိတ သီလလည်းပျက်၏။

## နိမိတ်, ဩဘာသ, ပရိကထာ, ဝိညတ် ၄-ပါး အယူဝါဒကို ပြခြင်း

နိမိတ်,ဩဘာသ,ပရိကထာ, ဝိညတ်ကြောင့်ဖြစ်သော ဆေးသည် အနာပျောက်ပြီးသော် ဆင်ခြင်၍သုံးဆောင်ခြင်းငှါ အပ်မည်လော, မအပ်မည်လော-ဟု မေးရာ။ ဝိနည်းအလို ဝိနည်းဓိုရ်တို့က၊ ဘုရားခွင့်ပြုသောကြောင့် အပ်၏ဟုဆိုကြကုန်၏။ သုတ္တန်အလို သုတ္တန်ဆောင်တို့က၊ အာပတ်ကားမသင့်၊ အာဇီဝပါရိသုဒ္ဓိသီလကို ပျက်စေ၏။ မအပ်ဟုဆိုကြကုန်၏။ ဝိနည်းဆောင်, သုတ္တန်ဆောင် ၂-ပါးတို့တွင် သုတ္တန်ဆောင်တို့၏အလို အာဇီဝပါရိသုဒ္ဓိသီလပျက်၏၊ အာပတ်ကား မသင့်ဟု ဆိုသောစကားနှင့်၊ ဝိနည်းအလို ဝိနည်းဓိုရ်တို့၏

အလို ဘုရားခွင့်ပြုခြင်းကြောင့် အပ်၏ဟု ဆိုသောစကားသည်၊ ဂင်္ဂါရေနှင့်ယမုနာရေ ရောနှောသကဲ့သို့၊ ရောနှောညီညွတ်သည်ဟု ယူ။ အဘယ်သို့ ယူရမည်နည်း၊ ဆိုလတံ့သောနည်းဖြင့် ယူရမည်။

သုတ္တန်အလို သုတ္တန်ဆောင်တို့၏အလို အာဇီဝသာပျက်၏၊ အာပတ်ကားမသင့် ဆိုရာ၌၊ အဘယ့်ကြောင့် အာပတ်မသင့်သနည်း။ နာသောရဟန်းအား နိမိတ်,ဩဘာသ,ပရိကထာ ပြု၍ရသော ဆေး၊ ဝိညတ်ပြု၍ရသော ဆေးကို,ဘုရားခွင့်ပြုတော်မူခြင်းကြောင့်၊ ရှာမှီးခြင်းစင်ကြယ်သော ပရိယေဋ္ဌိသုဒ္ဓိ ဖြစ်၍၊ အနာပျောက်မှ ဆင်ခြင်၍ သုံးဆောင်ကလည်း အာပတ်မသင့် ဟူပေသည်။ အာပတ်မသင့် ပရိယေဋ္ဌိသုဒ္ဓိ ဖြစ်ကလည်း အာဇီဝမပျက်၊ အာဇီဝမပျက်ဘဲလျက်လည်း၊ အဘယ့်ကြောင့် သုတ္တန်ဆောင်တို့က အာဇီဝပျက်၏ဟု ဆိုသနည်း။ အာဇီဝဟောတုကြောင့် ပညတ်အပ်သော ၆-ပါးသောသိက္ခာပုဒ်တို့တွင်၊ တပါးပါးကို ကျော်နင်းလွန်ကျူး၍ရအပ်သော အနေသနဆေးကို သုံးဆောင်ခြင်းကြောင့်၊ အာဇီဝပျက်သည်ဟုမဆို။ ဘုရားခွင့်ပြုတော်မမူဘဲ၊ သုံးစွဲခြင်းကြောင့်လည်း၊ အာဇီဝပျက်သည်ဟု မဆို။ သလ္လေခနာရှယ်, မလ္လေခနာရှယ်ဖြစ်သောကြောင့်လည်း၊ အာဇီဝပျက်သည်ဟု မဆို။

သုတ္တန်ဆောင်တို့၏အလို၊ အနာကြောင့် နိမိတ်,ဩဘာသ, ပရိကထာ, ဝိညတ်ပြု၍ရသောဆေးကို၊ အနာကင်းမှဆင်ခြင်၍ သုံးဆောင်ကလည်း၊ ငါတို့ကိုယ်မှာသာဖြင့် အာဇီဝပျက်၍ မအပ်ဟုဆိုပါကုန်၏။ သူတပါးတို့ကို မဆိုပါကုန်ဟူပေသည်။ ဤသို့သုတ္တန်ဆောင်တို့၏အလို အာဇီဝပျက်၏၊ အာပတ်ကားမသင့်ဟု ဆိုသောစကားနှင့်၊ ဝိနည်းဆောင်တို့၏အလို ဘုရားခွင့်ပြုတော်မူခြင်းကြောင့် အပ်၏ဟု ဆိုသောစကားသည်၊ဂင်္ဂါရေနှင့် ယမုနာရေ ရောနှောသကဲ့သို့၊ရောနှောညီညွတ်သည်ဟု ယူရမည်။ ထိုစကားသည်မှန်၏၊ သုတ္တန်ဆောင်တို့၏အလို အပ်သောကြောင့် သူတပါးကို မအပ်ဟုမဆို၊ သဒ္ဒါဓိကအဓိဆာန္တ ဖြစ်၍ ငါတို့မှာမအပ်ဟု အမေးကိုဖြေဆိုကာမျှနှင့်၊ အရှင်သာရိပုတြာ ဝတ္ထုလာ ဂါထာ၏အဓိပ္ပါယ် တူညီသည်။

ဝစီဝိညတ္တိ ဝိပ္ဖါရာ၊ ဥပ္ပန္နံ မဓုပါယာသံ။
သစေ ဘုဉ္ဇေ ဘဝေယျာဟံ၊ သာဇီဝေါ ဂရဟိတော မမ။ ။
ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျံ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။ ။
အာရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပဋိကုဋ္ဌံ၊ ကာဟာမိ စ အနေသနံ။ ။

ဝစီဝိညတ္တိ ဝိပ္ဖါရာ၊ အချင်းချင်းပြောစကား၏ပြန့်နှံ့ခြင်းကြောင့်၊ ဥပ္ပန္နံ၊ ဖြစ်သော၊ မဓုပါယာသံ၊ နို့ဃနာချိုကို။ အဟံ၊ ငါသည်။ ဘုဉ္ဇေ၊ စားမိသည်။ သစေ ဘဝေယျံ၊ တကယ်ဖြစ်အံ့၊ မမ၊ ငါ၏၊ သာဇီဝေါ၊ ရဟန်းကောင်းတို့နှင့်တူသော သိက္ခာဟူသော သာဇီဝသည်၊ ဂရဟိတော၊ ကဲ့ရဲ့ဘွယ်ဖြစ်၏။

မေ၊ ငါ၏။ အန္တဂုဏံ၊ အူခွေသည်၊ ဗဟိ၊ အပသို့။ နိက္ခမိတွာ၊ ထွက်၍။ ယဒိပိ စရေ၊ တကယ်သွားစေကာမူ၊ ဇီဝိတံပိ၊ အသက်ကိုလည်း။ ယဒိပိ စဇမာနော၊ တကယ်စွန့်ရစေကာမူ၊ အာဇီဝံ၊ တူမျှသော သိက္ခာသာဇီဝကို၊ အဟံ၊ ငါသည်၊ နေဝ ဘိန္ဒေယျံ၊ မဖျက်ပေရာ၊

အဟံ၊ ငါသည်၊ သကံ စိတ္တံ၊ မိမိစိတ်ကို၊ အာရာဓေမိ၊ နှစ်သက်ပေအံ့၊ အနေသနံ၊ အနေသနပစ္စည်းကို။ ဝိဝဇ္ဇေမိ၊ ရှောင်ကြဉ်အံ့၊ ဗုဒ္ဓပဋိကုဋ္ဌံ၊ ဘုရားစက်ဆုပ်အပ်သော၊ အနေသနံ။ မရှာမှီးအပ်ဘဲ ရှာမှီးခြင်းကို၊ နစ ကာဟာမိ၊ မပြုပေအံ့၊

ဤအရှင်သာရိပုတြာ၏ဝတ္ထုလာ ဂါထာ၏အဆို သာဇီဝသိက္ခာ ကိုလည်းမဖျက်၊ သမ္မာအာဇီဝကိုလည်းမဖျက်အံ့ဟု ဆိုသော်လည်း၊ မိမိစိတ်ကိုသာ အထူးစင်ကြယ်အောင် ဆိုကာမျှဖြစ်သည်။ အရှင်မောဂ္ဂလာန်နှင့်အရှင်သာရိပုတ္တရာ၏၊ အချင်းချင်းနို့ဃနာသင့်ကြောင်း ပြောစကားကို နတ်ကကြား၍၊ အလုပ်အကျွေး ဒါယကာထံ ရင်းနို့ ဃနာလှူရန်အသင့်ဖြစ်အောင်၊ လှုံ့လပြုခြင်းကြောင့်ဖြစ်သော နို့ဃ

နာကို တကယ်ပင်စားသော်လည်း၊ တစုံတခု သိထလည်းမပျက်၊ တစုံတခု နိမိတ်,ဩဘာ, ပရိကထာ, ဝိညတ်လည်းမဖြစ်။ ထို့ကြောင့် သုတ္တန်ဆောင်တို့၏အလို၊ အပ်သောကြောင့် သူတပါးကိုမအပ်ဟုမဆို။ သဒ္ဒါဝိက အဓိဆန္ဒဖြစ်၍၊ ငါတို့မှာမအပ်ဟု အမေးကိုဖြေဆိုကာမျှနှင့်၊ အရှင်သာရိပုတြာဝတ္ထုလာ ဂါထာ၏အဓိပ္ပါယ်တူညီသည်။

## နာသောရဟန်း ရှာမှီးခြင်းစင်ကြယ်က၊ နိမိတ်,ဩဘာ, ပရိကထာ, ဝိညတ်မကင်းသော ဆေးသော်လည်း ဆင်ခြင်၍သုံးဆောင်က အပ်သည်ကိုပြခြင်း

မြတ်စွာဘုရားခွင့်ပြုတော်မူတိုင်း၊ နာသောအခါ နိမိတ်,ဩဘာ, ပရိကထာ, ဝိညတ်ပြု၍ ရသောဆေးသည်၊ ရှာမှီးခြင်းစင်ကြယ်သော ပရိယေဋ္ဌိသုဒ္ဓိဖြစ်၍၊ အနာကင်းသော်လည်း နောက်မနာစေခြင်းအကျိုးငှါဟု၊ ဆင်ခြင်၍သုံးဆောင်လျှင် အပ်သကဲ့သို့။ ထို့အတူ၊ တရားသဖြင့်ဖြစ်သောဆေးကို မစားခြင်းကြောင့်၊ အဟောင်းဖြစ်လတံ့သော-ပုရာဏဝေဒနာ၊ စားခြင်းကြောင့် အသစ်ဖြစ်လတံ့သော-နဝဝေဒနာ မဖြစ်စေခြင်းအကျိုးငှါဟု၊ ဆင်ခြင်၍သုံးဆောင်လျှင်လည်း အပ်တော့သည်။ယာပျရောဂိဆေးကို အမြဲမှီ၍အပ်သည်။

ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမီတိ ဧတံ ဣမိနာ ပဋိက္ကူလပါတ ပဋိသေဝနေန ပုရာဏဉ္စ ဇိဃစ္ဆာဒိ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စဝေဒနံ အပရိမိတဘောဇနပစ္စယံ အာဟာရဟတ္ထက အလံသာဋက တတ္ထဝဋ္ဋက ကာကမာသက ဘုတ္တဝမိတက ဗြာဟ္မဏာနံ အညတရော ဝိယ န ဥပ္ပါဒေဿာမီတိပိ ပဋိသေဝတိ၊ ဘေသဇ္ဇမိဝ ဂိလာနော၊ အထဝါ ယာ အဓုနာ အသပ္ပါယာပရိမိတဘောဇနံ၊ နိဿာယ ပုရာဏကမ္မပစ္စယဝသေန ဥပ္ပဇ္ဇနတော ပုရာဏဝေဒနာတိ ဝုစ္စတိ။ သပ္ပါယပရိမိတဘောဇနေန တဿာ ပစ္စယံ ဝိနာသေန္တော တံ ပုရာဏဉ္စဝေဒနံ ပဋိဟင်္ခါမိ၊ ယာ စာယံ အဓုနာ

ကတံ အယုတ္တပရိဘောဂ ကမ္မူပစယံ နိဿာယ အာယတိံ ဥပ္ပဇ္ဇနကော နဝဝေဒနာတိ ဝုစ္စတိ။ ယုတ္တပရိဘောဂဝသေန တဿာ မူလံ အနိဗ္ဗတ္တေန္တော တံ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိတိ ဧဝမေတ္ထ အတ္ထော။ ဧတ္တာဝတာ ယုတ္တပရိဘောဂ သင်္ဂဟော အတ္တကိလမထာနုယောဂပ္ပဟာနံ ဓမ္မိကသုခါ ပရိစ္စာဂေါစ ဒီပိတော ဟောတီတိ ဝေဒိတဗ္ဗော။ ယာတြာစ မေ ဘဝိဿတီတိ ပရိမိတပရိဘောဂေန ဇီဝိတိန္ဒြိယုပစ္ဆေဒကဿ ဣရိယာပထဘဉ္ဇကဿဝါ ပရိဿယဿ အဘာဝတော စိရကာလဂမနသင်္ခါတာ ယာတြာစ မေ ဘဝိဿတိ ဣမဿ ပစ္စယာ ယတ္တဝုတ္တိနော ကာယဿာတိပိ ပဋိသေဝတိ၊ ယာပျရောဂိဝိယ တပ္ပစ္စယံ။ အနဝဇ္ဇတာစ ဖါသုဝိဟာရောစာတိ အယုတ္တပရိယေသန ပဋိဂ္ဂဟဏပရိဘောဂ ပရိဝဇ္ဇနေန အနဝဇ္ဇတာ။ ပရိမိတပရိဘောဂေန ဖါသုဝိဟာရော။ အသပ္ပါယာပရိမိတပရိဘောဂပစ္စယာ အရတိ တန္ဒီ ဝိဇမ္ဘီတာ ဝိညူဂရဟာဒိ ဒေါသာဘာဝေနဝါ အနဝဇ္ဇတာ၊ သပ္ပါယပရိမိတဘောဇနပစ္စယာ ကာယဗလသမ္ဘဝေန ဖါသုဝိဟာရော။ ယာဝဒတ္ထုဒရာဝဒေဟကဘောဇနံ ပရိဝဇ္ဇနေနဝါ သေယျသုခပဿသုခ မိဒ္ဓသုခါနံ ပဟာနတော အနဝဇ္ဇတာ၊ စတုပဉ္စာလောပမတ္တ ဦနဘောဇနေန စတုဣရိယာပထယောဂျဘာဝပဋိပါဒနတော ဖါသုဝိဟာရောစ မေ ဘဝိဿတီတိ ပဋိသေဝတိ။ ။ဝိသုဒ္ဓိမဂ်။

ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိတိ ဧတံ ဧတဿပဒဿ၊ န ဥပ္ပါဒေဿာမိ-ဟူသော ဤပုဒ်၏။ အတ္ထော၊ အနက်ကို၊ ဧတ္ထ၊ ဤအရာ၌။ ဧဝံ၊ ဤသို့လတံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣမိနာ ပိဏ္ဍပါတသေဝနေန၊ ဤဆွမ်းကို မှီဝဲသဖြင့်၊ ပုရာဏဉ္စ၊ အဟောင်းလည်းဖြစ်သော၊ ဇိဃစ္ဆာ ဝေဒနံ၊ ဆာလောင် လတံ့သော ဝေဒနာကို၊ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ ဣတိ၊ ဤသို့ ဆင်ခြင်၍။ ပဋိသေဝတိ၊ မှီဝဲ၏။ (အထဝါ ပုရာဏဝေဒနာနာမ အဘုတ္တပစ္စယာ ဥပ္ပဇ္ဇနကဝေဒနာ တံ ပဋိဟနိဿာမီတိ ပဋိသေဝတိ။ ။မဟာဋီကာ။)]

ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊ ဤဆွမ်းကိုမှီဝဲသဖြင့်၊ နဝဉ္စ၊ မစားခြင်းကြောင့် အသစ်ဖြစ်လတံ့သော၊ ဝေဒနံ၊ ဝေဒနာကို။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့၊ ဣတိ၊ ဤသို့ ဆင်ခြင်၍၊ ပဋိသေဝတိ၊ မှီဝဲ၏။ (အထဝါ နဝဝေဒနာနာမ အဘုတ္တပစ္စယေန ဥပ္ပဇ္ဇနကဝေဒနာ တဿာ အနုပ္ပန္နာယ အနုပ္ပဇ္ဇနတ္ထမေဝ ပဋိသေဝတိ။ ။မဟာဋီကာ။)

ဖြစ်လတံ့သော အနာဂတ် ဝေဒနာကို၊ မဖြစ်မှီကပင် မဖြစ်စေခြင်းအကျိုးငှါဟု၊ မဖြစ်သေးသောဝေဒနာ မဖြစ်စင်စစ် ပယ်ပုံကို သိအောင်၊ အသေအချာ အဋ္ဌကထာ၏ အနက်ကို ဋီကာဖွင့်တိုင်း ယောဇနာသည်။

ဝါ၊ တနည်း။ အပရိမိတဘောဇန ပစ္စယံ၊ အတိုင်းအရှည်မရှိ စားခြင်းအကြောင်းရှိသော၊ (အပရိမိတံ အပရိမာဏံ ဘောဇနံပစ္စယော ဧတိ ဿာတိ အပရိမိတဘောဇန ပစ္စယံ။) နဝဉ္စ ဝေဒနံ၊ အသစ်ဖြစ်လတံ့ ဝေဒနာကိုလည်း။ အာဟာရဟတ္ထက အလံသာဋက တတြဝဋ္ဋက ကာကမာသက ဘုတ္တဝမိတက ဗြာဟ္မဏာနံ၊ စားပြီးက ထခြင်းငှါ လက်ကိုဆွဲပါဟုဆိုရသော ပုဏ္ဏားး၊ (ယော ဗဟုံ ဘုဉ္ဇိတွာ အတ္တနော ဓမ္မတာယ ဥဋ္ဌာတုံ အသက္ကောန္တော အာဟာရဟတ္ထံ ဒေတိ၊) စားပြီးက ဗိုက်ပွ၍ ထသော်လည်း ပုဆိုးမဝတ်နိုင်သော ပုဏ္ဏားး၊ (ယော ဘုဉ္ဇိတွာ အစ္ဆုဒ္ဓုမာတကုစ္ဆိတာယ ဥဋ္ဌိတောပိ သာဋကံ နိဝါသေတုံ န သက္ကောတိ၊ အယံ အလံသာဋကော။) စားပြီးက ထခြင်းငှါ မစွမ်းနိုင်၊ စားရာမှာပင် လူးလည်းသော ပုဏ္ဏားး၊ (ယော ဘုဉ္ဇိတွာ ဥဋ္ဌာတုံ အသက္ကောန္တော တတ္ထေဝ ပရိဝတ္တတိ၊ အယံ တတြဝဋ္ဋကော။) ကျီးနှိုက်၍မှီခြင်းငှါ ခံတွင်းဝဆိုက်အောင်စားသော ပုဏ္ဏားး၊ (ယော ယထာ ကာကေဟိ အာမသိတုံ သက္ကောတိ ဧဝံ ယာဝ မုခဒွါရံ အာဟာရေတိ၊ အယံ ကာကမာသကော။) စားပြီးက ခံတွင်းမှာမတည်ထားနိုင် အန်အောင်စားသော ပုဏ္ဏားးတို့တွင်။ (ယော ဘုဉ္ဇိတွာ မုခေ သန္ဓာရေတုံ အသက္ကောန္တော တတ္ထေဝ ဝမတိ၊ အယံ ဘုတ္တဝမိတကော။) အညတရော ဗြာဟ္မဏာဝိယ၊ တယောက်ယောက်သော ပုဏ္ဏားးကဲ့သို့။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ ဣတိ၊ ဤသို့ဆင်ခြင်၍။ ပဋိသေဝတိ၊ မှီဝဲ၏။ ဂိလာနော၊ နာသော ရဟန်းသည်။ ပုရာဏဉ္စ

အဘုတ္တပစ္စယဝေဒနံ၊ ဆေးမစားခြင်းကြောင့် အဟောင်းဖြစ်လတံ့သော ဝေဒနာကိုလည်း၊ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ ။တိုးပွါးလတံ့သော အဟောင်းဝေဒနာကိုယူ။

နဝဉ္စ အဘုတ္တပစ္စယဝေဒနံ၊ ဆေးမစားခြင်းကြောင့် အသစ်ဖြစ်လတံ့သော ဝေဒနာကိုလည်း၊ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ ဣတိ၊ ဤသို့ ဆင်ခြင်၍၊ တာသံ၊ ထိုအဟောင်း, အသစ် ဖြစ်လတံ့သော ဝေဒနာတို့၏။ အနုပ္ပန္နာယ၊ မဖြစ်စေမှု။ အနုပ္ပဇ္ဇနတ္ထ မေဝ၊ မဖြစ်စေခြင်းအကျိုးငှါသာလျှင်။ ဘေသဇ္ဇံ၊ ဆေးကို။ ပဋိသေဝတိ ဣဝ၊ မှီဝဲသကဲ့သို့။ ပဋိသေဝတိ၊ မှီဝဲ၏။ ။လှည့်၍သတ်။

> အဘုတ္တပစ္စယာ ဘုတ္တပစ္စယေန စ ဥပ္ပဇ္ဇနကာ နုပ္ပဇ္ဇန
> ကဝေဒနာသု ပုရိမာယထာ ပဝတ္တာ ဇိဃစ္ဆာ နိမိတ္တာ
> ဝေဒနာ။ သာ ဟိ အဘုဉ္ဇန္တဿ ဘိယျော ပဝဍ္ဎနဝသေန
> ဥပ္ပဇ္ဇတိ။ ပစ္ဆိမာပိ ခုဒ္ဒါနိမိတ္တာဝ အင်္ဂါဒါဟသူလာဒိ
> ဝေဒနာ အပဝတ္တာ၊ သာ ဟိ ဘုတ္တပစ္စယာ ပုဗ္ဗေအနုပ္ပန္နာ
> ဝ နုပ္ပဇ္ဇိဿတီတိ အယမေတာသံ ဝိသေသော။ ။

ဆွမ်းနှင့်ဆေး ဥပမာ, ဥပမေးပြုရန် မဟာဋီကာ။

အထဝါ၊ တနည်း။ အဓုနာ၊ ယခု၊ အသပ္ပါယာ ပရိမိတဘောဇနံ၊ မလျောက်ပတ်သော ဘောဇဉ်, အတိုင်းအရှည်မရှိသော ဘောဇဉ်ကို။ နိဿာယ၊ မှီ၍။ ပုရာဏ ကမ္မပစ္စယဝသေန၊ ရှေးကံဟောင်းအကြောင်းရှိသည့်၏အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ ယာ ဝေဒနာ၊ အကြင်ဝေဒနာကို။ ပုရာဏဝေဒနာတိ၊ အဟောင်းဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဖြစ်လတံ့ပင် ဖြစ်သော်လည်း၊ ရှေးကံကြောင့်ဖြစ်သောကြောင့်၊ အဟောင်းဝေဒနာဟုဆို ဟူလို) သပ္ပါယ ပရိမိတဘောဇနေန၊ လျောက်ပတ်သော ဘောဇဉ်, အတိုင်းအရှည်ရှိသော ဘောဇဉ်ဖြင့်။ တဿာ ပုရာဏဝေဒနာယ၊ ထိုအဟောင်းဖြစ်သော ဝေဒနာ၏။ ပစ္စယံ၊ အကြောင်းကံကို။ ဝိနာသေန္တော၊ ဖျက်ဆီးလျက်။ တံ ပုရာဏဉ္စ ဝေဒနံ၊ ထိုအဟောင်းဖြစ်သောဝေဒနာကို။ ပဋိ

ဟာနိဂါမိ၊ ပယ်ဖျောက်အံ့။ ဣတိ၊ ဤသို့ ဆင်ခြင်၍။ ပဋိသေဝတိ၊ မှီဝဲ၏။ ။

ပုရာဏံ ကမ္မပစ္စယဝသေနာတိ ပုဗ္ဗေ ပုရိမဇာတိယံ ကတတ္တာ ပုရာဏဿ ကမ္မဿ ပစ္စယတာဝသေန ပယောဂဝိပ္ပတ္တိံ အာဂမ္မ ဥပ္ပဇ္ဇနာရဟာယာ တံ ဝဇ္ဇေတွာ ပယောဂသမ္ပတ္တိယာ ဥပဋ္ဌာပနံ ဒုက္ခဝေဒနာ ပစ္စယဃာတော ပဋိဟနနဉ္စ ဟောတီတိ အာဟ တဿာ ပစ္စယံ ဝိနာသေန္တော တံ ပုရာဏဉ္စဝေဒနံ ပဋိဟင်္ခါမီတိ။ ။ပုဒ်ဖွင့်။

အဓိပ္ပာယ်၊ ယခု။ ကတံ၊ ပြုအပ်သော။ အယုတ္တပရိဘောဂ ကမ္မူပစယံ၊ မဆင်ခြင်ဘဲ သုံးဆောင်သည်၏ အဖြစ်ဖြင့် ဖြစ်သောကံကို ဆည်းပူးခြင်းကို။ နိဿာယ၊ မှီး၍။ အာယတိံ ဥပ္ပဇ္ဇနတော၊ နောင်ခါကာလ ဘဝဘဝ၌ ဖြစ်လတံ့သောကြောင့်။ ယာစာယံ ဝေဒနာ၊ အကြင်ဝေဒနာကိုလည်း။နဝဝေဒနာတိ၊ အသစ်ဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (အဘယ်အခါမှာမှဖြစ်ဖြစ် ရှေးကံကြောင့်ဖြစ်လတံ့ ဝေဒနာကား-အဟောင်းဝေဒနာ၊ အဘယ်အခါမှာမှ ဖြစ်ဖြစ် ယခုပြုသစ်စကံကြောင့် ဖြစ်လတံ့ ဝေဒနာကား-အသစ်ဝေဒနာ-ဟူလို။ ) ယုတ္တပရိဘောဂဝသေန၊ ဆင်ခြင်၍ သုံးဆောင်သည်၏အစွမ်းအားဖြင့်။တဿာ နဝဝေဒနာယ၊ ထိုအသစ်ဖြစ်သော ဝေဒနာ၏။မူလံ၊ အကြောင်းရင်းကံကို။ အနိဗ္ဗတ္တေန္တော၊ မဖြစ်စေဘဲ။ တံ နဝဉ္စဝေဒနံ၊ ထိုအသစ်ဖြစ်သော ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ ဣတိ၊ ဤသို့ ဆင်ခြင်၍။ ပဋိသေဝတိ၊ မှီဝဲ၏။

အယုတ္တပရိဘောဂေ ပစ္စယေ အပ္ပစ္စဝေက္ခိတွာ ပရိဘောဂေ။ သော ဝေ ကတူပစိတ ကမ္မတာယ ကမ္မူပစယော၊ တံ နိဿာယ ပဋိစ္စ အာယတိံ အနာဂတေကာလေ ဥပ္ပဇ္ဇနတော။ ယာစာယံ နဝဝေဒနာတိ ဝုစ္စတီတိ ယောဇနာ။ယုတ္တပရိဘောဂ ဝသေနာတိ ပစ္စဝေက္ခိတွာ

ပစ္စယာနံ ပရိဘောဂဝသေန တဿာ နဝဝေဒနာယ မူလံ အယုတ္တပရိဘောဂကမ္မံ အနိဗ္ဗတ္တေန္တော သဗ္ဗေနသဗ္ဗံ အနုပ္ပါဒေန္တော။ ။ပုဒ်ဖွင့်။

ဤပစ္စဝေက္ခဏာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ဖြင့်၊ မဖြစ်သေးသော ဒုက္ခဝေဒနာကို၊ မဖြစ်အောင် ပယ်ပုံကို သဘောကျအောင်၊ စေ့စေ့ငုငု ကြည့်ရှုတော်မူပါကုန်။

ဂိလာနော၊ နာသောရဟန်းသည်။ ဝေဒနာနံ၊ အဟောင်းဝေဒနာ, အသစ်ဝေဒနာ ဖြစ်လတံ့တို့ကို။ ပဋိဃာတာယ၊ မဖြစ်အောင် ပယ်ဖျောက်ခြင်းအကျိုးငှါ။ ဘေသဇ္ဇံ၊ ဆေးကို။ ပဋိသေဝတိ ဣဝ၊ မှီဝဲသကဲ့သို့။ ပဋိသေဝတိ၊ မှီဝဲ၏။ ။လှည့်သတ်။

ဣတိ၊ ဤသို့။ ဧဝံ ဧတဿပဒဿ၊ ဤ- ဣတိပုရာဏဉ္စဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စဝေဒနံ န ဥပ္ပါဒေဿာမိ–ဟူသော ပုဒ်၏။ ဧဝံ၊ ဤဆိုပြီးသောနည်းဖြင့်၊ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧတ္တာဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ယုတ္တပရိဘောဂ သင်္ဂဟောစ၊ ဆင်ခြင်၍ သုံးဆောင်သောနည်းဖြင့် ရေတွက်ခြင်းကို။ ဒီပိတော၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတ္တကိလမထာနုယောဂပ္ပဟာနဉ္စ၊ ဆေး, ဆွမ်းကို မစားခြင်းကြောင့် ကိုယ်၏ပင်ပန်းခြင်းနှင့်ယှဉ်သော မိစ္ဆာအကျင့်ကို ပယ်ခြင်းကိုလည်း။ ဒီပိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မိကသုခါပရိစ္စာဂေါစ၊ တရားသဖြင့်ရလာလင့်သော ကိုယ်ချမ်းသာ, စိတ်ချမ်းသာ, ဈာန် မဂ်ဖိုလ်ချမ်းသာကို မစွန့်ခြင်းကိုလည်း။ ဒီပိတော၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဧတ္တာဝတာတိ ဣတိပုရာဏဉ္စာတိ အာဒိနာ ဝုတ္တေန ပဒဒွယေန။ ဝိဟိံသူပရတိယာတိ အာဒိနာဝါ ပဒစတုက္ကေန ယုတ္တပရိဘောဂသင်္ဂဟော ပဗ္ဗဇိတာနုစ္ဆဝိကဿ ပစ္စယပရိဘောဂဿ ဝုတ္တတ္တာ အတ္တကိလမထာနုယောဂပ္ပဟာနံ ဇိဃစ္ဆာဒိဒုက္ခပဋိဃာတဿ ဘာသိတတ္တာ ဈာနသုခါဒီနံ ပစ္စယဘူတဿ ကာယသုခဿ အဝိဿဇ္ဇနတော ဓမ္မိကသုခါပရိစ္စာဂေါစ ဒီပိတော ဟောတိ။ ။ပုဒ်ဖွင့်။

ယတြာစ မေ ဘဝိဿတီတိ၊ ယတြာစ မေ ဘဝိဿတိ-ဟူသည့်ကား၊ ပရိမိတဘောဂေန၊ နှိုင်းချိန်တိုင်းထွာ၍ သုံးဆောင်ခြင်းဖြင့်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒကဿဝါ၊ အသက်ဇီဝိတိန္ဒြေ ပြတ်သည်လည်းဖြစ်သော၊ ဣရိယာပထ ဘဉ္ဇကဿဝါ၊ ဣရိယာပုထ် ပျက်သည်လည်းဖြစ်သော၊ ပရိဿယဿ၊ ဘေးရန်၏၊ အဘာဝတော၊ မရှိခြင်းကြောင့်၊ ဣမဿ ပစ္စယာယတ္တဝုတ္တိနော ကာယဿ၊ ပစ္စည်းနှင့်စပ်၍ဖြစ်သော ဤကိုယ်၏၊ စိရကာလ ဂမနသင်္ခါတာ၊ ရှည်မြင့်စွာ နှစ်–ရာ ကာလသို့ရောက်သည်ဟုဆိုအပ်သော၊ ယတြာစ၊ မှီခြင်းသည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ဆင်ခြင်၍။ ပဋိသေဝတိ၊ မှီဝဲ၏။ ယာပျရောဂီ၊ နေ့ရောညဉ့်ပါ အခါမဲ့ အမြဲဆေးဖြင့်မှီရသော ရောဂါရှိသောရဟန်းသည်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒက ဣရိယာပထဘဉ္ဇက ပရိဿယာဘာဝတော၊ အသက်ဇီဝိတိန္ဒြေပြတ်သောဘေးရန်, ဣရိယာပုထ်ပျက်သောဘေးရန်၏ မရှိခြင်းကြောင့်၊ ဣမဿ ပစ္စယာ ယတ္တဝုတ္တိနောကာယဿ၊ ဆေးပစ္စည်းနှင့်စပ်၍ဖြစ်သော ဤကိုယ်၏၊ စိရကာလ ဂမနသင်္ခါတာ ယတြာစ၊ ရှည်မြင့်စွာ နှစ်-ရာ ကာလသို့ ရောက်သည်ဟုဆိုအပ်သော မှီခြင်းသည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ ဆင်ခြင်၍။ တပ္ပစ္စယံ၊ ထိုရောဂါ၏ဆန့်ကျင်ဘက်ဆေးကို။ ပဋိသေဝတိပိယာ၊ မှီဝဲသကဲ့သို့။ ပဋိသေဝတိ၊ မှီဝဲ၏။ ။လှည့်သတ်။

**အသပ္ပါယာ ပရိမိတူပယောဂေန ဇီဝိတ ယုပစ္ဆေဒကော ဣရိယာပထဘဉ္ဇကော ဝါ သိယာ ပရိဿယော၊ သပ္ပါယပရိမိတူပယောဂေန ပန သော န ဟောတိ။ တထာ သတိ စိရကာလပဝတ္တိသင်္ခါတာ သရီရဿ ယာတြာ ယာ ပနာ ဘဝိဿတီတိ ဣမမတ္ထံ ဒဿေန္တော ပရိမိတပရိဘောဂေန။ ပ။ ဘဝိဿတီတိ အာဟ။ ယော ရောဂါယာ ပျော, အယာပျော စ န ဟောတိ၊ သော ယာပျရောဂေါ။ သော တေဿ အတ္ထီတိ ယာပျရောဂီ၊ သော ဟိ နိစ္စကာလံ ဘေသဇ္ဇံ ဥပသေဝတိ၊ တထာ အယမ္ပီတိ။**

ယော ရောဂေါ၊ အကြင်အနာသည်။ ယာပေျာ၊ ဆေးဖြင့်မျှသည်။ ဟောတိ၊ ဖြစ်၏။အယာပေျာစ၊ ဆေးဖြင့်မမျှသည်ကား။ န၊ မဟုတ်။ သော၊ ထိုဆေးဖြင့်မျှသော အနာသည်။ ယာပျရောဂေါ၊ ယာပျရောဂါမည်၏။ (ဆေးစားလျှင်လည်း ရောဂါမဖြစ်ဟူလို။) ဘေသော၊ ဤရဟန်းအား။ သော၊ ထိုယာပျရောဂါသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုရဟန်းသည်။ ယာပျရောဂီ၊ ယာပျရောဂီမည်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ သော၊ ထိုယာပျရောဂီသည်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ ဘေသဇ္ဇံ၊ ဆေးကို။ ဥပသေဝတိ၊ မှီဝဲ၏။

ယာပျရောဂါမည်သည်ကား၊ ဆေးစားလျှင်ရောဂါမဖြစ်၊ ဆေးမစားလျှင် ရောဂါဖြစ်၏။ ထို့ကြောင့် ယာပျရောဂါရှိသောရဟန်းသည်၊ ရောဂါမဖြစ်သေးသော်လည်း မဖြစ်စေခြင်းအကျိုးငှါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဆေးကိုမှီဝဲ၏၊ အသည်းအသန် သည်းထန်သောအနာမဟုတ်။ ယာပျရောဂါကား၊ မဖြစ်သေးသောရောဂါတည်း။ အာဗာဓရောဂါကား၊ ဆေးစားသော်လည်းမမျှ ဖြစ်ဆဲသောရောဂါတည်း။

## ပစ္စယယာပနီယတာယ ရောဂမူလတာယ ရောဂတော၊

ပစ္စယယာပနီယတာယ၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့် မျှရသည်၏အဖြစ်ကြောင့်။ ရောဂတော၊ အနာဟု။ သင်္ခ္ယာတိ၊ သုံးသပ်၏။ ရောဂမူလတာယ၊ အနာ၏ အကြောင်းရင်း၏အဖြစ်ကြောင့်။ရောဂတော၊ အနာဟု။ သင်္ခ္ယာတိ၊ သုံးသပ်၏။ ။
ဝိသုဒ္ဓိမဂ်။

ပစ္စယယာပနီယတာယာတိ ယထာရုပ်ံ ပစ္စယေဟိ ယာပေတဗ္ဗတာယ။ ရောဂမူလတာယာတိ မူလဗျာဓိဝိယ အနုဗန္ဓဗျာဓီနံ မူလဘာဝတော။ ပဒ္ဒွယေနာပိ ယာပျရောဂ သဒိသတောတိ ဒသေတိ။ ယာပျဗျာဓိ ဟိရောဂေါ ဣတရော အာဗာဓောတိ။ ။မဟာဋီကာ။

ပစ္စယယာပနီယတာယာတိ၊ ပစ္စယယာပနီယတာယ- ဟူသည်
ကား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယေဟိ၊ သင်္ကန်း
သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့ဖြင့်။ ယာပေတဗ္ဗ
တာယ၊ မျှရခြင်း၏အဖြစ်ကြောင့်။ (တပ္ပစ္စည်း ဘာဝအနက်မှာဖြစ်၏ဟူ
လေ။) ရောဂမူလတာယာတိ၊ ရောဂမူလတာယ- ဟူသည်ကား။ မူ
လဗျာဓိဝိယ၊ အနာရင်းကဲ့သို့။ အနုဗန္ဓဗျာဓီနံ၊ အစဉ်လိုက်သောအနာ
တို့၏။ မူလဘာဝတော၊ အရင်း၏အဖြစ်ကြောင့်။ ပဒဒွယေနာပိ၊
ပုဒ်အစုံဖြင့်လည်း။ ယာပျရောဂ သဒိသတော၊ ယာပျရောဂါနှင့်တူ
သောကြောင့်။ ဣတိဣမမတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ပြ၏။ ဟိ
ယသ္မာ၊ အကြင့်ကြောင့်။ ယာပျဗျာဓိ၊ ပစ္စည်းလေးပါးဖြင့်မျှသောအ
နာသည်၊ ရောဂေါ၊ ရောဂါမည်၏။ ဣတရဗျာဓိ၊ ပစ္စည်းလေး
ပါးဖြင့်မမျှသော အနာသည်။ အာဗာဓော၊ အာဗာဓမည်၏။ ဣတိ
တသ္မာ၊ ထို့ကြောင့်။ ယာပျရောဂ သဒိသတောတိ ဣမမတ္ထံ၊ ဆေး
ဖြင့်မျှသောရောဂါနှင့်တူ၏ဟူသော ဤအနက်ကို။ ဒဿေတိ၊ ပြ၏။

ထို့ကြောင့်၊ မြတ်စွာဘုရားသခင် ခွင့်ပြုတော်မူတိုင်း၊ နာသောအခါ နိမိတ်, ဩဘာသ, ပရိကထာ, ဝိညတ်ပြု၍ရသော ဆေးသည်၊ ရှာမှီးခြင်းစင်ကြယ်သော ပရိယေဋ္ဌိ သုဒ္ဓိဖြစ်၍၊ အနာကင်းသော်လည်း နောင်မနာစေခြင်းအကျိုးငှါ၊ ဆင်ခြင်၍သုံးဆောင်လျှင် အပ်သကဲ့သို့။ ထို့အတူ၊ တရားသဖြင့်ရသောဆေးကို မစားခြင်းကြောင့်။ အဟောင်းဖြစ်လတံ့သော-ပုရာဏဝေဒနာ၊ စားခြင်းကြောင့် အသစ်ဖြစ်လတံ့သော-နဝဝေဒနာ၊ မဖြစ်စေခြင်းအကျိုးငှါဟု၊ ဆင်ခြင်၍ သုံးဆောင်လျှင်လည်း အပ်တော့သည်။ ယာပျရောဂီဆေးကို အမြဲမှီဝဲသည့်ဟူလေဟု၊ အောက်ကပင် အထက်သာဓကကိုပြော၍ရေးပေသည်။

အနာမရှိ ပကတိမျှစေခြင်းအကျိုးငှါ၊ ပစ္စည်းလေးပါးတို့တွင် သင့်ရာတပါးပါးကိုမှီဝဲ၍ မျှခြင်းသည်၊ ယာတြာ,ယာပနာမည်၏။

ယဒိ ယတြာပိ ယာပနာ ပုဗ္ဗေပိ ယာပနာယာတိ
ဝုတ္တံ၊ ကော ဧတ္ထ ဝိသေသောတိ။ ပုဗ္ဗေ ယာပနာတိ ဇီဝိ

တိဏ္ဍိံယ ယာပနာ အဓိပ္ပေတာ၊ ဣမ ပန စတုန္နံပိ ဣရိယာပထာနံ အဝိစ္ဆေဒသင်္ခါတာ ယာပနာ ယာတြာတိ အယမေတ္ထ ဝိသေသော။ ။မဟာဋီကာ။

ယာတြာပိ၊ ယာတြာ-သည်လည်း။ ယဒိ ယာပနာ၊ တကယ် ယာပနာဖြစ်အံ့။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ယာပနာယာတိ၊ ယာပနာယ-ဟူ၍။ ဝုတ္တံ၊ ဟောအပ်ပြီမဟုတ်လော။ ဧတ္ထ၊ ဤယာတြာ,ယာပနာ ၂-ပါးသောအရာ၌။ ဝိသေသော၊ အထူးကား။ ကော၊ အဘယ်နည်း။ ဣတိအယံ ပုစ္ဆာ၊ ဤကားအမေး။ ပုဗ္ဗေ၊ ရှေး၌။ ဇီဝိတိန္ဒြိယ ယာပနာ၊ အသက်ဇီဝိတိန္ဒြေ၏မျှခြင်းကို။ ယာပနာတိ၊ ယာပနာ-ဟူ၍။ အဓိပ္ပေတာ၊ လိုအပ်၏။ ဣဓ ပန၊ ယခုနောက်၌ကား။ စတုန္နံပိ ဣရိယာပထာနံ၊ လေးပါးသော ဣရိယာပုထ်တို့၏။ အဝိစ္ဆေဒသင်္ခါတာ၊ မပြတ်သည်ဟုဆိုအပ်သော။ ယာပနာ၊ မျှခြင်းကို။ ယာတြာ-ဟူ၍။ အဓိပ္ပေတာ၊ လိုအပ်၏။ ဣတိအယံ ဝိသဇ္ဇနာ၊ ဤအဖြေသည်ကား။ ဧတ္ထ၊ ဤယာတြာ, ယာပနာ ၂-ပါးသောအရာ၌။ ဝိသေသော၊ အထူး တည်း။ ။မဟာဋီကာနက်။

အနဝဇ္ဇတာစ ဖါသုဝိဟာရောစာတိ၊ အနဝဇ္ဇတာစ ဖါသုဝိဟာရောစ-ဟူသည်ကား။ အယုတ္တပရိယေသန ပဋိဂ္ဂဟဏ ပရိဘောဂ ပရိဝဇ္ဇနေန၊ မသင့်သောရှာမှီးခြင်း, မသင့်သောသုံးဆောင်ခြင်းကို ရှောင်ကြဉ်သဖြင့်။ အနဝဇ္ဇတာ၊ အပြစ်မရှိသည်၏အဖြစ်သည်။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။ ပရိမိတပရိဘောဂေန၊ နှိုင်းယှဉ် တိုင်းထွာ၍ သုံးဆောင်သဖြင့်။ ဖါသုဝိဟာရော၊ ချမ်းသာစွာနေ ရခြင်းသည်။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။

ဗုဒ္ဓပဋိကုဋ္ဌေန မိစ္ဆာဇီဝေန ပစ္စယပရိယေသနာ အယုတ္တပရိယေသနာ။ ဒါယကဒေယျဓမ္မာနံ အတ္တနောစ ပမာဏံ အဇာနိတွာ ပဋိဂ္ဂဟဏံ သဒ္ဓါဒေယျဝိနိပါတနတ္ထံ ဝါ ပဋိဂ္ဂဟဏံ အယုတ္တပဋိဂ္ဂဟဏံ၊ ယေန ဝါ အာ

ပတ္တိံ အာပဇ္ဇတိ။ အပ္ပစ္စဝေက္ခိတပရိဘောဂေဝါ အယုတ္တ ပရိဘောဂေဝါ၊ တေသံ ပရိဝဇ္ဇနံ ဓမ္မေန သမေန ပစ္စ ယုပ္ပါဒနာ ဒိဝသေန စေဒိတဗ္ဗံ။ ဓမ္မေန ဟိ ပစ္စယေ ပရိ ယေသိတွာ ဓမ္မေန ပဋိဂ္ဂဟေတွာ ပစ္စဝေက္ခိတွာ ပရိဘုဥ္ဇ နံ အနဝဇ္ဇတာ နာမ။

ဤ၌လည်း ဂေလည, ဆာတ, ပိပါသ အကြောင်းကြောင့်၊ သုံး ဆောင်လျှင် အနဝဇ္ဇပင်တည်းဟု မဆို။ ဆင်ခြင်၍သုံးဆောင်ခြင်းကို သာ အနဝဇ္ဇဆိုချေသည်။

အသပ္ပါယာပရိမိတပရိဘောဂပစ္စယာ၊ မလျောက်ပတ်သည်ကို သုံးဆောင်ခြင်း, အတိုင်းအထွာမရှိ သုံးဆောင်ခြင်းကြောင့်၊ အရ တိ,တန္ဒိ, ဝိဇမ္ဘိတာ, ဝိညူဂရဟာဒိဒေါသာဘာဝေနဝါ၊ ပျင်းရိမ ပျော် မမွေ့လျော်သောအဖြစ်၊ နဖူးဒူးတိုက် တဆပ်ဆပ်ငိုက်သော အဖြစ်၊ ကိုယ်ကိုဆန့်သောအဖြစ်၊ ပညာရှိ ကဲ့ရဲ့ဘွယ်စသောအဖြစ် မရှိသဖြင့်လည်း၊ အနဝဇ္ဇတာ၊ အပြစ်မရှိသည်၏အဖြစ်သည်။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။ သပ္ပါယပရိမိတဘောဇနပစ္စယာ၊ လျောက်ပတ်သည်ကို သုံးဆောင်ခြင်း, တိုင်းထွာ၍သုံးဆောင်ခြင်း ကြောင့်၊ ကာယဗလ သမ္ဘဝေန၊ ကိုယ်အားနှင့်ပြည့်စုံသဖြင့်၊ ဖါသု ဝိဟာရော၊ ချမ်းသာစွာနေရခြင်းသည်၊ မေ၊ ငါ့အား၊ ဘဝိဿတိ၊ ဖြစ်လတံ့။

အရတိံ တိ ဥက္ကဏ္ဌာ။ ပန္တသေနာသနေသု အဓိကုသ လဓမ္မေသု စ အနဘိရတိ။ တန္ဒိံ တိ စ ပလာယိကာနိဒ္ဒါ။ ဝိဇမ္ဘိတာ တိ ထိနမိဒ္ဓါဘိဘဝေန ကာယဿ ဝိဇမ္ဘ နာ။ ဝိညူဟိ ဂရဟာ ဝိညူဂရဟာ၊ ကေစ္ဆာဟိ အနဝဇ္ဇ ယေဝ သာဝဇ္ဇံ ကရောတိ၊ ပ။ ဧဝံ အကတွာ အနဝဇ္ဇတာ စ မေ ဘဝိဿတီတိ ပဋိသေဝတိ။ ။မဟာဋီကာ။

ယာဝဒတ္ထ ဥဒရာဝဒေဟက ဘောဇနပရိဝဇ္ဇနေနဝါ၊ အလိုရှိ တိုင်းဝမ်းပြည့်အောင်စားခြင်းကို ကြဉ်သဖြင့်လည်း၊ သေယျသုခ ပဿသုခ မိဒ္ဓသုခါနံ၊ အိပ်သဖြင့်ရအပ်သောချမ်းသာ, နံပါး ၂-

ဘက်တို့ဖြင့် ပြန့်လှန်လူးလည်း၍ အိပ်သောသူ၏ချမ်းသာ, ဝိုက်မျဉ်း
သဖြင့်ဖြစ်သော ချမ်းသာတို့ကို၊ ပဟာနတော၊ ပယ်ခြင်းကြောင့်။ မေ၊
ငါ့အား။ အနဝဇ္ဇတာစ၊ အပြစ်မရှိသည့်၏ အဖြစ်သည်လည်း။ ဘဝိဿ
တိ၊ ဖြစ်လတံ့။ စတုပဉ္စာလောပမတ္တ ဦနဘောဇနေန၊ လေးလုပ်,
ငါးလုပ်မျှကို လျော့၍စားသဖြင့်။ စတုဣရိယာပထယောဂျဘာဝ ပ
ဋိပါဒနတော၊ လေးပါးဣရိယာပုထ်အားလျော်သည့်၏ အဖြစ်ဖြင့် ဖြစ်
ခြင်းကြောင့်။ မေ၊ ငါ့အား။ ဖါသုဝိဟာရောစ၊ ချမ်းသာစွာနေရခြင်း
သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့ဆင်ခြင်၍။ ပဋိ
သေဝတိ၊ မှီဝဲ၏။ ။ဝိသုဒ္ဓိမဂ်၏အနက်။

ယာဝတကော ဘောဇနေန အတ္ထော၊ တဿ သာဓ
နေန ယာဝဒတ္ထံ။ ဥဒရဿ ပရိပူရဏေန ဥဒရာဝဒေ
ဟကံ ဘောဇနံ တဿ ပရိဝဇ္ဇနေန။ သေယျာယ သယ
နေန လဒ္ဓဗ္ဗသုခံ သေယျသုခံ။ ဥဘောဟိ ပဿေဟိ သံပ
ရိဝတ္တကံ သယန္တဿ သုခံ ပဿသုခံ။ မိဒ္ဓေန နိဒ္ဒါယနေ
န ဥပ္ပန္နကသုခံ မိဒ္ဓသုခံ။ တေသံ သေယျ။ ပ။ သုခါနံ
ပဟာနတော။ စတုန္နံ ဣရိယာပထာနံ ယောဂျဘာဝဿ
ပဋိပါဒနံ ကာယဿ စတုဣရိယာပထ ယောဂျဘာ
ဝပဋိပါဒနံ၊ တတော။ သုခေါ ဣရိယာပထ ဝိဟာရော
ဖါသုဝိဟာရော။ ။မဟာဋီကာ။

## ပိဏ္ဍပါတ ပစ္စဝေက္ခဏာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာတို့၌ ဖွင့်ဆိုသည်ကို ပြခြင်း

ဂိလာနပစ္စယဘေသဇ္ဇ ပစ္စဝေက္ခဏာ၏အရာမှာ၊ ပိဏ္ဍပါတပစ္စ
ဝေက္ခဏာဖွင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ၎င်းအဖွင့်မဟာဋီကာ လာ
သောအတိုင်းကို များစွာဆိုခြင်းသည်။

ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စဝေဒနံ န ဥပ္ပါဒေဿာမိ၊
ယာတြာစ မေ ဘဝိဿတိ အနဝဇ္ဇတာစ ဖါသုဝိဟာရောစ။—ဟူ

သော ပစ္စဝေက္ခဏာပါဠိတော်၏အနက်အဓိပ္ပါယ်ကို ဥပမေယျ၊ အော သဋ္ဌမိဝ ဂိလာနေ၊ ယာပျရောဂီဝိယ တပ္ပစ္စယံ-ကို ဥပမာ၏အဖြစ်ဖြင့်၊ ဗုဒ္ဓမတညူ အဋ္ဌကထာဆရာ, အဋ္ဌကထာမတညူ မဟာဋီကာဆရာ ၂-ဆူတို့၏ဖွင့်တော်မူချက်အရ၊ အာဗာဓ-ဟူသောရောဂါဖြင့် နာသောရဟန်း။ မနာမှ မနာအောင်ဆေးစားသဖြင့် မှုခြင်းကြောင့်၊ ယာပျ-ဟူသောရောဂါဖြင့် မနာသောရဟန်း။ ဤသို့နာသောရဟန်း, မနာသောရဟန်း ၂-ပါးလုံးသည်ပင်၊ အသစ်ဖြစ်လတံ့ အနာဂတ်ဝေဒနာ, အဟောင်းတိုးပွါးလတံ့ အနာဂတ်ဝေဒနာကို၊ မဖြစ်စေခြင်းအကျိုးငှါဟု ဆင်ခြင်၍၊ ဆေးကိုသုံးဆောင်ရသော အနက်အဓိပ္ပါယ်ကို သိလွယ်အောင် ဆိုလိုက်ပေသည်။ ထို့ကြောင့်၊.....

အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကံ။ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ လောဏသောဝီရကံ၊ အဂိလာနဿ ဥဒကသမ္ဘိန္နံ ပါနပရိဘောဂေန။-ဟု နာသောရဟန်း, မနာသောရဟန်း ၂-ပါးလုံးကိုပင်၊ ဘုရားခွင့်ပြုတော်မူပြီ။ ။အနက်ထင်ပြီ၊

နာသောရဟန်းအားသာ၊ တင်လဲခဲဆေးကို ခွင့်ပြုတော်မူချေသည်။ မနာသောရဟန်းအား ခွင့်မပြုချေ။ ရေနှင့်ရောသော တင်လဲရေအဖျော်ကိုသာ၊ မနာသောရဟန်းအား ခွင့်ပြုတော်မူချေသည်ဟု၊ အယူပါဒိ ဝိတဏ္ဍဝါဒီ မဖြစ်ကြရာ။ ရေနှင့်တင်လဲရော၍ဖျော်သော်လည်း၊ ပါနမည်သော အဖျော်မဖြစ်နိုင်၊ ယာမကာလိကမဟုတ်၊ စင်စစ် သတ္တာဟကာလိက မှတ်ကြရမည်။

> **တဏ္ဍ ဥဒကသမ္ဘိန္နံ မဓုဝါ ဥစ္ဆုရသောဝါ ဥဒကသမ္ဘိန္နော ယာမကာလိကောတိ ဣဒံ နေဝပါဠိယံ န အဋ္ဌကထာယံ ဒိဿတိ။**

တဏ္ဍ၊ ထိုကေစိဝါဒ စကားတို့တွင်။ ဥဒသမ္ဘိန္နံ၊ ရေနှင့်ရောသော။ မဓုဝါ၊ ပျားသည်လည်း။ ယာမကာလိကံ၊ ယာမကာလိကဖြစ်၏၊ ဥဒကသမ္ဘိန္နော၊ ရေနှင့်ရောသော။ ဥစ္ဆုရသောဝါ၊ ကြံရေသည်လည်း။ ယာမကာလိကော၊ ယာမကာလိကဖြစ်၏။ ဣတိဣ

ဒ်ဝစနံ၊ ဤစကားသည်။ ပါဠိယံ၊ ပါဠိတော်၌။ နေဝ ဒိဿတိ၊ မထင်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ န ဒိဿတိ၊ မထင်။

သဗ္ဗတ္ထ ပါဠိယံ အဋ္ဌကထာယဉ္စ ဥဒကသမ္ဘိန္နံ ဂရုတရသာပိ လဟုဘာဝေါပဂမနံယေဝ ဒဿိတံ။ ပါဠိယမ္ပိ ဟိ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကန္တိ ဝဒန္တေန အဂိလာနေန ပရိဘုဉ္ဇိတုံ အယုတ္တောပိ ဂုဠော ဥဒကသမ္ဘိန္နော အဂိလာနဿာပိ ဝဋ္ဋတီတိ အနုညာတော။

ပါဠိယဉ္စ၊ ပါဠိတော်၌ရင်း။ အဋ္ဌကထာယဉ္စ၊ အဋ္ဌကထာ၌ရင်း။ ဥဒကသမ္ဘိန္နံ၊ ရေနှင့်ရောသဖြင့်။ ဂရုတရဿာပိ၊ လေးသော ကာလိက၏လည်း။ လဟုဘာဝေါ ပဂမနံယေဝ၊ ပေါ့သည်၏အဖြစ်သို့ရောက်ခြင်းကိုသာလျှင်။ သဗ္ဗတ္ထ သဗ္ဗေသု ကာလိကေသု၊ အလုံးစုံသောကာလိကတို့၌။ ဒဿိတံ၊ ပြသင့် ပြထိုက် ပြအပ်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ပါဠိယမ္ပိ၊ ပါဠိတော်၌လည်း။ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကန္တိ၊ ဂုဠောဒကံ-ဟူ၍။ ဝဒန္တေန၊ ဟောတော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အဂိလာနေန၊ မနာသောရဟန်းသည်။ ပရိဘုဉ္ဇိတုံ၊ အခဲလိုက် သုံးဆောင်ခြင်းငှါ။ အယုတ္တောပိ၊ မသင့်သော်လည်း။ ဥဒကသမ္ဘိန္နော၊ ရေနှင့်ရောသော။ ဂုဠော၊ တင်လဲရေကို။ အဂိလာနဿာပိ၊ မနာသောရဟန်းအားလည်း။ ဝဋ္ဋတီတိ၊ အပ်၏ဟူ၍။ အနုညာတော၊ ခွင့်ပြုတော်မူအပ်ပြီ။

တင်လဲသက်သက် ရေမဖက် မရောစွက်သော်ကားဟု မယူဘဲ၊ တင်လဲခဲကား နာသောရဟန်းအားသာအပ်၍၊ လေးသော သတ္တာဟကာလိကဆေး။ ရေနှင့်ရောသော တင်လဲရေ, မရောသော တင်လဲရေကား၊ မနာသောရဟန်းအားလည်း အပ်သောကြောင့်၊ ပေါ့သော သတ္တာဟကာလိကဆေးဟူသည်၊ အဖျော်ပါန ယာမကာလိက မဟုတ်ပေ။

အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ-ဟု ကြံရေကို နာသောရဟန်း, မနာသောရဟန်း ၂-ပါးလုံးအား ခွင့်ပြုပုံကို ရှု။

ဘေသဇ္ဇက္ခန္ဓကေ စ အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရ
သန္တိ ဧတ္ထ တီသုပိ ဂဏ္ဌိပဒေသု အဝိသေသေန ဝုတ္တံ
ဥစ္ဆုရသော သတ္တာဟကာလိကောတိ။ ။ဝေရဉ္ဇကဏ္ဍဋီကာ။

ဘေသဇ္ဇက္ခန္ဓကေစ၊ ဘေသဇ္ဇက္ခန္ဓက၌လည်း။ အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသန္တိ ဧတ္ထ၊ ဥစ္ဆုရသံ-ဟူသော ဤစကား၌။ ဥစ္ဆုရသော၊ ကြံရေကို။ သတ္တာဟကာလိကောတိ၊ သတ္တာဟကာလိက-ဟူ၍၊ အဝိသေသေန၊ သာမညအားဖြင့်။ တီသုပိ ဂဏ္ဌိပဒေသု၊ ဂဏ္ဌိပုဒ် သုံးစောင်တို့၌လည်း၊ ဝုတ္တံ-ဝုတ္တော၊ ဆိုအပ်ပြီ။

## ပျား, ကြံ, တင်လဲ စသော အရည်သည်၊ ရေနှင့်ရော သော်လည်း သတ္တာဟ ကာလိကမှ မပြောင်းသည်ကို ပြခြင်း

ပျားကို ရေနှင့်ရောသော်၎င်း၊ ကြံရေကို ရေနှင့်ရောသော်၎င်း၊ တင်လဲခဲ, တင်လဲရေကို ရေနှင့်ရောသော်၎င်း၊ သတ္တာဟ ကာလိက ပင်တည်း၊ ယာမကာလိကမဟုတ်။ ထို့ကြောင့်၊ မနာသော ရဟန်းအား ယာမကာလိကကိုသာ၊ ခွင့်ပြုတော်မူ၏ဟု အယူမဖြစ်သင့်။ ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက သုံးပါးလုံးကိုပင်၊ နာသောရဟန်း, မနာသောရဟန်းအား ခွင့်ပြုတော်မူချေသည်။ ဘုရားခွင့်ပြုတော်မူလျှင်လည်း၊ နာသော, မနာသော စကားမပြောသင့်၊ ဆင်ခြင်၍ သုံးဆောင်မှု အပ်သည့်ပင်တည်းဟု ယူ၊ အပ်သောကြောင့်ပင်လျှင်၊ ပဌမ ပဝါရဏာသိက္ခာပုဒ် အနာပတ္တိဝါရ၌လာသော။........

သတိပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ ပိပါ
သစ္ဆေဒနတ္ထံ၊ သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေနတေန
ဥပသမေတဗ္ဗကေ အာဗာဓေ သတိ တဒတ္ထ ဥပသမနတ္ထံ ပ
ရိဘုဉ္ဇတော အနာပတ္တိ။-ဟူသော အဋ္ဌကထာစကားကို၊

အချက်တက် အစ, မွန်းတည့် အဆုံး၊ ဤအစ, အဆုံး ၂-ပါးတို့၏အကြား နံနက်ကာလ ပဝါရိတ်သင့်သော ရဟန်း၊ အတိရိတ် ဝိနည်းကံမပြုဘဲ၊ ထိုနံနက်ကာလ ပဝါရိတ်သင့်ပြီးသည့် မှနောက်၊ အဖျော်အလို့ငှါ ယာမကာလိကကို၊ ဆေးအလို့ငှါ သတ္တာဟကာလိက, ယာဝဇီဝိကကို၊ ပဝါရိတ်မသင့်မှီက အကပ်ခံပြီး မဟုတ်သင့်ပြီ။ ယခုအခါမှ အကပ်ခံ၍ သုံးဆောင်လိုသော်၊ ပဝါရိတ်မသင့် ပကတိရဟန်းတို့မှာ အကြောင်းမရှိဘဲ၊ အလိုရှိတိုင်း သုံးဆောင်ခြင်းငှါ အပ်သလိုမဟုတ်။ ပဝါရိတ်သင့်သည့်အတွက် နံနက်ကာလပင်ဖြစ်သော်လည်း၊ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိမှသာ သုံးဆောင်ခြင်းငှါ အပ်သည်ဟုမှတ်။ ပဝါရိတ်မသင့်သော ပကတိရဟန်းနှင့်၊ အလျဉ်းဆက်ဆံသော စကားမဟုတ်။ မဟုတ်သောကြောင့်ပင်လျှင်၊........

ဘေသဇ္ဇေ သဗ္ဗံ ဝဋ္ဋတိ။ တထာ ဥပ္ပန္နံ ပန ဘေသဇ္ဇံ ရောဂေ ဝူပသန္တေ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ န ဝဋ္ဋတီတိ တတ္ထ ဝိနယဓရာ ဘဂဝတာ ဥဒ္ဓါရံ ဒိန္နံ တသ္မာ ဝဋ္ဋတီတိ ဝဒန္တိ။-

ဟူ၍၊ အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာဆရာ ထေရ်မဟာသည်ပင်၊ အနာမရှိသော်လည်း၊ ဆေးကိုသုံးဆောင်ခြင်းငှါ အပ်သည်ကို မိန့်တော်မူပြီ။ သည့်သာမကသေး၊-

တာနိ ပဋိဂ္ဂဟေတွာတိ ။ပ။ သတ္တာဟံ ပန အနတိက္ကာမေတွာ ဂိလာနေနပိ အဂိလာနေနပိ ဝုတ္တနယေနေဝ ယထာသုခံ ပရိဘုဉ္ဇိတဗ္ဗာနိ။

နာသော်ငြင်း, မနာသော်ငြင်း အလိုရှိတိုင်း၊ ဆေးကိုသုံးဆောင် အပ်၏ဟု မိန့်တော်မူပြီ။

ဘေသဇ္ဇ၊ ဆေး၌။ သဗ္ဗံ၊ နိမိတ်, ဩဘာ, ပရိကထာ, ဝိညတ် အလုံးစုံသည်၊ ဂိလာနသာ၊ နာသောရဟန်းအား။ ဝဋ္ဋတိ၊ အပ်၏။

တထာ ဥပ္ပန္နံ ပန ဘေသဇ္ဇံ၊ ထိုနိမိတ်, ကြောင်း, ပရိက္ခာ, ဝိညတ် ဖြင့်ဖြစ်သော ဆေးသည်ကား။ တဿ ဂိလာနဿ၊ ထိုနာသော ရဟန်းအား။ ရောဂေ၊ အနာသည်။ ဝူပသန္တေ၊ ငြိမ်းသည်ရှိသော်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်မည်လော။ န ဝဋ္ဋတိ၊ မအပ်မည်လော။ ဣတိ၊ ဤသို့။ ယံ ပုစ္ဆေယျ၊ အကြင်မေးရာ၏။ တတ္ထ၊ ထိုအမေး၌။ ဝိနယဓရော၊ ဝိနည်းဆောင်တို့သည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒွါရံ၊ အပ်ကြောင်း ဝိညတ္တိဒွါရကို။ ဒိန္နံ၊ ခွင့်ပေးအပ်ပြီ။ တသ္မာ၊ ထိုသို့ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ကြောင့်။ ဝဋ္ဋတိတိ၊ အပ်၏ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။ဝိသုဒ္ဓိမဂ်။

တာနိ၊ ထို ၅-ပါးသော ဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ပ ။ သတ္တာဟံ ပန၊ ၇-ရက်ပတ်လုံးကို။ အနတိက္ကာမေတွာ၊ မလွန်စေဘဲ။ ဂိလာနေနပိ၊ နာသော ရဟန်းသည်ရင်း။ အဂိလာနေနပိ၊ မနာသော ရဟန်းသည်ရင်း။ ဝုတ္တနယေနေဝ၊ “ဘေသဇ္ဇာနိ ပဋိဂ္ဂဟာတောပိ ပရိဘောဂေပိ သတိပဋ္ဌာယတာ ဝဋ္ဋတိ”-ဟု ဆိုပြီးသော နည်းဖြင့် သာလျှင်။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင် အပ်ကုန်၏။ ။ဘေသဇ္ဇ သိက္ခာပုဒ် အဋ္ဌကထာ။

ဖင်း ဘေသဇ္ဇသိက္ခာပုဒ် အဋ္ဌကထာ၌၊ ဂိလာနေနပိ အဂိလာနေနပိ ပရိဘုဉ္ဇိတဗ္ဗာနိ၊—ဟူသောစကားသည်၊ နာသောရဟန်း,မနာ သောရဟန်းကား၊ ဆေးကိုသုံးဆောင်သော (ကတ္တား) တည်း။ ပါဠိတော် ဘေသဇ္ဇသိက္ခာပုဒ်၌၊ အတိက္ကာမယတော-ဟူသော စကား သည်၊ အကပ်ခံ၍ သိုမှီးသော ဆေးကို ၇-ရက်ကို လွန်စေရကား၊ နိ ဿဂ္ဂိပါစိတ်အာပတ်သင့်သော ထိုနာသောရဟန်း,မနာသောရဟန်း ကား (သမ္ပဒါန်) တည်းဟု သိစေတတ်သော စကားပင်ဖြစ်သည်။

ယာနိ ခေါပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေ သဇ္ဇာနိ။ -ဟူသော ဘေသဇ္ဇသိက္ခာပုဒ် စကားရပ်တစိပ်အရ၊ ဂိလာ နာနံ ဘိက္ခူနံ- ဟူသောစကားသည်၊ ပရိဘုဉ္ဇိတဗ္ဗာနိ-ကြိယာ၏ ကတ္တားလည်းမဟုတ်၊ အတိက္ကာမယတော-ပုဒ်အရ၊ သမ္ပဒါန်လည်း

မဟုတ်။ ဘေသဇ္ဇာနိ–ပုဒ်သမ္ဗန္ဓနှင့် သမ္ဗန္ဓဂြဖြစ်၍၊ ယာဝဇီဝံ ပဋိဂ္ဂဟေတ္တာသာမိ-ဟူသည်နှင့်အညီ၊ ဆေး၏အရှင် "ပဟုတံ မေ ဓနံ သတ္တ"ကဲ့သို့၊ သံ,သမ္ဗန်–ဟု သိလည်း သိစေ၏။

ဆေးဟူသည်ကား၊ နာသောသူ၏ဥစ္စာတည်းဟု ပြလည်းပြ၏၊ အာပတ်သင့်သော ပုဂ္ဂိုလ်ကိုပြသော ပဓာနပုဒ် မဟုတ်။ ထို့ကြောင့် ဆေး၏အရှင်ဖြစ်သော ပုဂ္ဂိုလ်,ဆေးကိုသုံးဆောင်သော ပုဂ္ဂိုလ်, ၇-ရက်ကို လွန်စေ၍ အာပတ်သင့်သော ပုဂ္ဂိုလ်၊ သမ္ဗန်, ကတ္တား,သမ္ပဒါန် ပုဂ္ဂိုလ်သုံးယောက် ထင်ရှားအောင် အဋ္ဌကထာနှင့်အညီ၊ ဘေသဇ္ဇသိက္ခာပုဒ်ကို မြန်မာနက်ပြန် ယောဇနာသမ္ဗန် အကြွင်းအကျန်မရှိ၊ အပြည့်အစုံ ရေးလိုက်မည်။........

### နာ, မနာသောရဟန်း အကပ်ခံပြီးသော
### သတ္တာဟကာလိကကို ၇-ရက်လွန်က
### စွန့်အပ်သည်ကို ပြခြင်း

ယာနိ ခေါ ပန တာနိ ဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိ ဘေသဇ္ဇာနိ။ သေယျထိဒံ၊ သပ္ပိ,နဝနီတံ, တေလံ,မဓု,ဖါဏိတံ။ တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ။ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ပတ္တဝဂ် ဘေသဇ္ဇသိက္ခာပုဒ်။

ပဋိသာယနီယာနိ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်သော။ ဂိလာနာနံ၊ နာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ယာနိ ခေါ ပန တာနိ ဘေသဇ္ဇာနိ၊ အကြင်ဆေးတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဒွံ-ဣမာနိ ဘေသဇ္ဇာနိ၊ ဤဆေးတို့သည်။ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဥ။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖါဏိတံ၊ တင်လဲ။ ဣတိ ဣမာနိ ဘေသဇ္ဇာနိ၊ ဤဆေးတို့တည်း။ တာနိ ဘေသဇ္ဇာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ သတ္တာဟပရမံ၊ ၇-ရက်အတိုင်းအရှည်တိုင်ရုံ။ သန္နိဓိကာရကံ၊

သိုဒ္ဒိုးခြင်းကိုပြု၍၊ ဂိလာနေနပိ၊ နာသည့်လည်းဖြစ်သော။ အဂိလာနေနပိ၊ မနာသည့်လည်းဖြစ်သော။ ယေန ဘိက္ခုနာ၊ အကြင်ရဟန်းသည်။ ပရိဘုဥ္ဇိတဗ္ဗာနိ၊ သုံးဆောင်အပ်ကုန်၏။ သတ္တာဟပရမံ၊ ထို ၇-ရက်အတိုင်းအရှည်တိုင်ရုံကို။ အတိက္ကာမယတော၊ လွန်စေသော။ ဂိလာနဿာပိ၊ နာသည့်လည်းဖြစ်သော။ အဂိလာနဿာပိ၊ မနာသည့်လည်း ဖြစ်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

ဤသို့ ဆေး၏အရှင်ဖြစ်သော ပုဂ္ဂိုလ်, ဆေးကိုသုံးဆောင်သော ပုဂ္ဂိုလ်, ၇-ရက်ကိုလွန်စေ၍ အာပတ်သင့်သော ပုဂ္ဂိုလ်၊ သမ္ဘွန်, ကဏ္ဍား, သမ္ဘဒါန် ၃-ယောက်တို့တွင်၊ သတ္တာဟကာလိက ဆေးကို အကပ်ခံ၍၊ မစွန့်ဘဲ ၇-ရက်ကိုလွန်စေသော သမ္ဘဒါန်ပုဂ္ဂိုလ်အား၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ၇-ရက်အတွင်း သုံးဆောင်သော ကဏ္ဍားပုဂ္ဂိုလ်သည်၊ အာပတ်မသင့်။ ၇-ရက်ကိုလွန်မှသုံးဆောင်သောကဏ္ဍားပုဂ္ဂိုလ်သည်၊ ဒုက္ကဋ်အာပတ်သင့်၏။ ဂိလာနာနံ ဘိက္ခူနံ-အရ၊ ဆေး၏အရှင်ဖြစ်သော သမ္ဘွန်ပုဂ္ဂိုလ်၏ ဆေး၏အရှင်ဖြစ်ခါမျှသာ၊ဆေးကိုလည်းမသုံးဆောင်,၇-ရက်ကိုလည်းမလွန်စေ, အာပတ်လည်းမသင့်။ သုံးဆောင်သောအရာ,၇-ရက်ကို လွန်စေသောအရာ, အာပတ်သင့်သောအရာမှာ ပဓာန ပင်မဟုတ်။ ပဓာန မဟုတ်သောကြောင့်ပင်လျှင်၊ ........

> အဂိလာနော နာမ ယဿ ဝိနာ ပဏီတဘောဇနာနိ ဖါသု ဟောတိ။ ဂိလာနော နာမ ယဿ ဝိနာ ပဏီတဘောဇနာနိ န ဖါသု ဟောတိ။

ဟု ပဏီတဘောဇန သိက္ခာပုဒ်၌၊ ဂိလာန, အဂိလာန အရကို၊ ပဒဘာဇနီမှာ ဝေဘန်တော်မူသကဲ့သို့။ ထို့အတူ၊ ဘေသဇ္ဇသိက္ခာပုဒ်၌၊ ဂိလာနာနံ-ပုဒ်၏ပဒဘာဇနီ၊ ဂိလာန, အဂိလာန အရကို ဝေဘန်တော်မမူ။

လိုရင်းအဓိပ္ပါယ်မှာ၊ နာသောရဟန်း၏ဥစ္စာဖြစ်သော ဆေးကို၊ ချစ်သားတို့အား ငါဘုရား ခွင့်ပြုတော်မူ၏ဟူလို။ ဤသို့ နာသောတပည့်သား, မနာသောအပည့်သား ရဟန်းသံဃာအား၊ သတ္တာဟကာလိကဆေး, ယာဝဇီဝိကဆေး, ယာမကာလိကဆေး၊ မြတ်စွာဘုရား ပေးသနားတော်မူသည်။ ပေးသနားတော်မူပေသော မြတ်စွာဘုရားဆေးတော်ကို၊အလိုအလျောက် သုံးဆောင်ချင်တိုင်း သုံးဆောင်ရသည်မဟုတ်ချေ၊ အကြောင်းကိုဆင်ခြင်၍သာ သုံးဆောင်ရချေသည်။ ထို့ကြောင့်၊......

> **သတိပစ္စယတာတိ သတိယာ ပစ္စယံဘာဝေ၊ ပဋိဂ္ဂဟဏဿ ပရိဘောဂဿစ ပစ္စဝေက္ခဏသတိယာ ပစ္စယဘာဝေ ယုဉ္ဇတိ။ ပစ္စဝေက္ခိတွာ ပဋိဂ္ဂဟေတဗ္ဗံ ပရိဘုဉ္ဇိတဗ္ဗဉ္စာတိ အတ္ထော။**

ဟူသော မဟာဋီကာ, တေရသကဏ်ဋီကာ-အရ၊ အတ္တနောမတိသည်။........

တာနိ ပဋိဂ္ဂဟေတွာ တဒဟုပုရေဘတ္တံ ယထာသုခံ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတိပစ္စယေ။ ပ။ ပရိဘုဉ္ဇိတဗ္ဗာနိ။–ဟူသော အဋ္ဌကထာအရ၊ အာစရိယဝါဒသို့ဝင်ချေသည်။ထိုအဋ္ဌကထာအရ၊ အာစရိယဝါဒသည်လည်း။......

ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာ ဝဋ္ဋတိ ဧဝံသန္တေပိ ပဋိဂ္ဂဟဏေ သတိံ အကတွာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ။ ပဋိဂ္ဂဟဏေပန သတိံ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။–ဟူသော ဝိနိစ္ဆယ၊ဝိနိစ္ဆယ-ဟူသော မဟာပဒေသ၊ မဟာပဒေသ-ဟူသော သုတ္တာနုလောမ သို့ ဝင်ချေသည်။ ထိုဝိနိစ္ဆယ, မဟာပဒေသ, သုတ္တာနုလောမ သည်လည်း။

အနုဇာနာမိ ဘိက္ခဝေ ပဏ္ဏာနိ ဘေသဇ္ဇာနိ။ သေယျထိဒံ၊ နိမ္ဗပဏ္ဏံ။ ပ။ ယာနိဝါပနညာနိပိ အတ္ထိ ပဏ္ဏာနိ ဘေသဇ္ဇာနိ၊ နေဝ ခါဒနီယေ ခါဒနီယတ္ထံ ဖရန္တိ။ န ဘောဇနီယေ ဘောဇနီယတ္ထံ ဖရန္တိ။ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ၊ သတိပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ။........

အစရှိသည်ဖြင့် ဟောတော်မူအပ်သော၊ ဘေသဇ္ဇခန္ဓက မဟာဝါဟူသော ပါဠိတော်၊ ပါဠိတော်ဟူသော သုတ်သို့ဝင်ချေသည်။ ဤသို့ သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ-ဟူသော၊ ပါဠိတော် ပါဠိတော်အားလျော်သော မဟာပဒေသ ပါဠိမုတ္တက ဝိနိစ္ဆယအဋ္ဌကထာ ဋီကာတို့၏အလို၊ တညီတညွတ်တည်း နာသောရဟန်း, မနာသောရဟန်းကို အထူးမဆို၊ ဆင်ခြင်၍ ဆေးကိုသုံးဆောင်လျှင် အပ်သည်ဟု ဆိုကြသည်မှတ်။

စိတ်မနှံ့သော ကပ္ပိယ (စေတ) အသေအချာ မှတ်ထား၍၊ ကျောင်းဝင်းအတွင်းမှာသာ၊ တောင်မှန်း, မြောက်မှန်းသိသလို။ ထို့အတူ၊ ပဌမပဝါရဏာ သိက္ခာပဒ အနာပတ္တိဝါရ သတိပစ္စယ-ပုဒ်၏အဖွင့်ကိုသာ အသေအချာမှတ်သား၍၊ ဂိလာန,အာတုရ, ပိပါသ အကြောင်းရှိမှသာ၊ ဆေးကို သုံးဆောင်ခြင်းငှါ အပ်သည်ဟု၊ သတိပစ္စယ၏အနက် တချက်ထည်း မမှတ်ကြကုန်ရာ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ပဏ္ဏာနိ၊ အရွက်ဖြစ်ကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣဒံ ဣမာနိ ပဏ္ဏာနိ ဘေသဇ္ဇာနိ၊ ဤအရွက်ဖြစ်ကုန်သော ဆေးတို့သည်၊ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း။ နိမ္ဗပဏ္ဏံ၊ တမာရွက်။ ပ။ အညာနိပိ၊ တမာရွက်စသည်မှ တပါးလည်းဖြစ်ကုန်သော၊ ပဏ္ဏာနိ၊ အရွက်ဖြစ်ကုန်သော။ ယာနိဝါပန ဘေသဇ္ဇာနိ၊ အကြင်ဆေးတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ခါဒနီယေ၊ ခဲဘွယ်၌၊ ခါဒနီယတ္ထံ၊

ခဲဘွယ်အကျိုးကို၊ နေဝ ဖရန္တိ နေဝသာခေန္တိ၊ မပြီးစေကုန်၊ ဘော ဇနီယော၊ စားဘွယ်၌။ ဘောဇနီယတ္တံ၊ ဘောဇဉ်အကျိုးကို။ န ဖ ရန္တိ န သာခေန္တိ၊ မပြီးစေကုန်၊ ဘာဒိ ပဏ္ဏာဒိ ဘေသဇ္ဇာဒိ၊ ထိုအ အရွက်ဖြစ်ကုန်သော ဆေးတို့ကို၊ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍၊ ယာဝ ဇီဝံ၊ အသက်ထက်ဆုံး။ ပရိဟရိတုံ၊ ဆောင်ခြင်းငှါ၊ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ သတိပစ္စယေ၊ သတိဖြင့် ဆင်ခြင်လျက်၊ ပရိဘုဉ္ဇိ တုံ၊ သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ အသတိ ပစ္စယေ၊ သတိဖြင့် မဆင်ခြင်ဘဲ။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား၊ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ဝိကာလ နေလွဲ ကွမ်းစား, ဆေးသောက်ဆင်ခြင်၍ သုံးဆောင်က အပ်သည်ကို ပြခြင်း

အနုဇာနာမိ ဘိက္ခဝေ ဖလာဒိ ဘေသဇ္ဇာဒိ၊ - အစရှိသည်ဖြင့်၊ အရွက်ဖြစ်သောဆေး, အပွင့်ဖြစ်သောဆေး, အသီးဖြစ်သောဆေး, အစေးဖြစ်သောဆေး, အခေါက်, အဥ, ဆား အစရှိသော ဆေးတို့ ကို ခွင့်ပြုတော်မူခြင်းကြောင့်၊ နေလွဲသောကာလ အကြောင်း အ သပ္ပါယ,အကျိုး သပ္ပါယ မဖြစ်သေးသော၊အနာဂတ် ဒုက္ခဝေဒနာ, သုခဝေဒနာကို ဆင်ခြင်၍၊ အရွက်, အပွင့်, အသီး, အစေး, ဆား, အဥ, အခေါက် ဆေးသို့၊ သင့်ရာ အတွင်းဝင်သော ကွမ်းစားခြင်း, ဆေးဝါးခြင်းသည်လည်း အပ်သည်ပင်တည်း။ ဆေးလိပ်သောက် ခြင်းသည်ကား၊ အနုဇာနာမိ ဘိက္ခဝေ ဓုမံ ပါတုံ၊–ဟု ခွင့်ပြုတော် မူခြင်းကြောင့်၊ ဆင်ခြင်၍သောက်လျှင် ဆိုဘွယ်မရှိ အပ်သည် ပင်တည်း။

ကာလ, ဝိကာလ-နံနက်အခါ, နေလွဲအခါ၊ ကွမ်းစား,ဆေးဝါး, ဆေးသောက် ဆင်ခြင်က အပြစ်မရှိ၊ မိမိ ကွမ်းမစား, ဆေးမဝါး, ဆေးမသောက်လိုနေ၊ ဆင်ခြင်၍ ကွမ်းစား, ဆေးဝါး, ဆေးသောက် သောသူကို မအပ် အာပတ်သင့်၏ဟု အပြစ်မပြုကြရာ၊ မအပ်

အာပတ်သင့်၏ဟု ဝစီဘေဒနှုတ်ခွန်းဖြင့်ဟ၍ အယူဝါဒကို ပြခဲ့လျှင်၊ သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ် မဖြစ်ဘူး မထင်လင့်၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ဖြစ်ရုံမက၊ အဓမ္မဝါဒီဖြစ်၍ သာသနာတော်ကိုပင် ကွယ်စေသေးသည်။

အဋ္ဌာရသဟိ သာရိပုတ္တ ဝတ္ထူဟိ အဓမ္မဝါဒီ ဇာနိတဗ္ဗော။ အဓမ္မံ ဓမ္မောတိ ဒီပေတိ၊ ဓမ္မံ အဓမ္မောတိ ဒီပေတိ၊ အဝိနယံ ဝိနယောတိ ဒီပေတိ၊ ဝိနယံ အဝိနယောတိ ဒီပေတိ၊ အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ၊ ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ၊ အနာစိဏ္ဏံ တထာဂတေန အာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ၊ အာစိဏ္ဏံ တထာဂတေန အနာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ၊ အပညတ္တံ တထာဂတေန ပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ ပညတ္တံ တထာဂတေန အပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ အနာပတ္တိံ အာပတ္တီတိ ဒီပေတိ၊ အာပတ္တိံ အနာပတ္တီတိ ဒီပေတိ၊ သာဝသေသံ အာပတ္တိံ အနာဝသေသာ အာပတ္တီတိ ဒီပေတိ၊ အနာဝသေသံ အာပတ္တိံ သာဝသေသာ အာပတ္တီတိ ဒီပေတိ၊ ဂရုကံ အာပတ္တိံ လဟုကာ အာပတ္တီတိ ဒီပေတိ၊ လဟုကံ အာပတ္တိံ ဂရုကာ အာပတ္တီတိ ဒီပေတိ၊ ဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ၊ အဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ။ ဣမေ ဟိ ခေါ သာရိပုတ္တ အဋ္ဌာရသဟိ ဝတ္ထူဟိ အဓမ္မဝါဒီ ဇာနိတဗ္ဗော။-ဟု

ကောသမ္ဗကက္ခန္ဓက၌ ဟောတော်မူသော၊ အဓမ္မဝါဒီ၏ဝတ္ထု ၁၈-ပါးတို့တွင်၊ အဓမ္မံ ဓမ္မောတိ ဒီပေတိ-အစ, အာပတ္တိံ အနာပတ္တီတိ ဒီပေတိ-အဆုံးရှိသော၊ ၁၂-ပါးသော ဝတ္ထုတို့နှင့် ပြည့်စုံရကား၊ အဓမ္မဝါဒီဖြစ်၏။ နေ့လွဲသောကာလ ဆင်ခြင်၍ ကွမ်းစား,ဆေးဝါး,

ဆေးသောက်ခြင်းကို မအပ်၊ အာပတ်သင့်၏ဟု ပညတ်ခြင်းကြောင့်၊ အပ်သည့်ကိုပယ်၍ ပဋိက္ခေပ ဒုက္ကဋ် အာပတ်သင့်၏။ အနုညာတ ပညတ်ကို ပယ်ဖျက်၏ဟူလို။ အာပတ်သင့်သောကြောင့် သဂ္ဂန္တရာယ်လည်းဖြစ်၏၊ မဂ္ဂန္တရာယ်လည်းဖြစ်၏။ ပညတ်တော်မူပြီးကိုလည်း မပယ်မဖျက်အပ်၊ မပညတ်သေးသည့်ကိုလည်း မပညတ်အပ်၊ ပညတ်တော်မူတိုင်း ကောင်းစွာဆောက်တည်၍သာ ကျင့်အပ်၏။

> အပညတ္တံ န ပညာပေတဗ္ဗံ ပညတ္တမ္ပိ န သမုစ္ဆိန္ဒိတဗ္ဗံ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တာမ။-ဟု

အရှင်ဥပသေနထေရ်က မြတ်စွာဘုရားအားလျှောက်ထားရာ၊ သဘာဝမွေကျ၍ သာဓု သာဓုဟု မြတ်စွာဘုရား အနုမောဒနာပြုပြီ မဟုတ်လော။

ဣဒါနေဝ ဟိ စေတံ အနုသာဝိတံ သာဝကော အပညတ္တံ န ပညာပေတိ ပညတ္တံ န သမုစ္ဆိန္ဒတီတိ။ – ဟု အဋ္ဌကထာ ဆရာလည်း မိန့်သည့်ပင် မဟုတ်လော။

ဣဒါနေဝစ၊ ယခုအခါကပင်လျှင်။ သာဝကော၊ သာဝကသည်။ အပညတ္တံ၊ မပညတ်အပ်သည့်ကို။ န ပညာပေတိ၊ မပညတ်နိုင်။ ပညတ္တံ၊ ပညတ်ပြီးကို။ န သမုစ္ဆိန္ဒတိ၊ မပယ်မဖြတ်နိုင်။ ဣတိ ဧတံဝစနံ၊ ဤစကားကို။ အနုသာဝိတံ၊ တဆင့်စကားကြားခဲ့အပ်ပြီ။

နေလွဲသောကာလ ငါတို့ဆရာ အဆက်ဆက်မအပ်ဟု ကွမ်းစား၊ ဆေးဝါး၊ ဆေးသောက်ကိုမပြု၊ တပည့် အဆက်ဆက်ကိုလည်း မပြုစေရ။ အာစရိယ အာစိဏ္ဏကပ္ပ – ဟူသော ဆရာတို့၏အလေ့ အလာသည်၊ အပ်သော အလေ့အလာပင်တည်းဟု ဆိုသော်လည်း၊ ပါဠိတော်နှင့်ညီ သော်သာလျှင် အပ်သောအလေ့အလာဖြစ်သည် မညီသော် မဖြစ်။

အာစိဏ္ဏကပ္ပေါ ကပ္ပတီတိ ကောဧွာ အာစိဏ္ဏကပ္ပေါ ကပ္ပတိ ကောဧွာ အာစိဏ္ဏကပ္ပေါ န ကပ္ပတိ။-ဟု ဒုတိယ သင်္ဂါတိ ဝဏ္ဏနာ၌ အဋ္ဌကထာပင် ဖွင့်ပြီမဟုတ်လော။

အာစိဏ္ဏကပ္ပေါ ကပ္ပတီတိ၊ အာစိဏ္ဏကပ္ပေါ ကပ္ပတိ-ဟူသည် ကား။ ကောဧွာ၊ အချို့သော။ အာစိဏ္ဏကပ္ပေါ၊ ဆရာတို့၏ အလေ့အလာသည်။ ကပ္ပတိ။ အပ်၏။ (ပါဠိတော်နှင့်ညီ၍အပ်သည်ဟူလို) ကောဧွာ၊ အချို့သော။ အာစိဏ္ဏကပ္ပေါ၊ ဆရာတို့၏ အလေ့အလာသည်။ န ကပ္ပတိ၊ မအပ်။ (ပါဠိတော်နှင့်မညီသောကြောင့် မအပ်-ဟူလို)။

## အပ်သည်ကို မအပ်ဟု ပြောဆိုခြင်းသည် မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်းကို ပြခြင်း

အပ်သော အလေ့အလာမဟုတ်ဘဲ၊ ဤသူကား ဆရာပေတကား ဟု သူ့အထံမှ နာယူခြင်း၊ မိမိ အသင့်အားဖြင့် နှလုံးမသွင်းခြင်း သည်၊ မိစ္ဆာဒိဋ္ဌိ၏အကြောင်းဖြစ်၏။ အပ်သော အလေ့အလာဖြစ် ၍ ဤသူကား ဆရာပေတကားဟု သူ့အထံမှ နာယူခြင်း၊ မိမိအသင့် အားဖြင့် နှလုံးသွင်းခြင်းသည်၊ သမ္မာဒိဋ္ဌိ၏အကြောင်းဖြစ်၏။

ဒွေမေ ဘိက္ခဝေ ပစ္စယာ မိစ္ဆာဒိဋ္ဌိယာ ဥပ္ပါဒါယ။ ကတမေ ဒွေ၊ ပရတော စ ဃောသော ယောနိသော စ အမနသိကာရော။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပစ္စယာ မိစ္ဆာ ဒိဋ္ဌိယာ ဥပ္ပါဒါယ။

ဒွေမေ ဘိက္ခဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါ ယ။ ကတမေ ဒွေ၊ ပရတော စ ဃောသော ယောနိ သော စ မနသိကာရော။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပစ္စ ယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။

အပ်သော အလေ့ အလာမဟုတ်သော ဆရာအထံမှနာယူ၍ မိစ္ဆာဒိဋ္ဌိ၊ အပ်သော အလေ့အလာဟုတ်သော ဆရာအထံမှ နာယူ

၍၊ သမ္မာဒိဋ္ဌိ၏အကြောင်းဖြစ်ရုံမျှ မဟုတ်သေး၊ ဂေလည, ဆာတ, ပိပါသ အကြောင်းရှိမှ ဆေးကိုသုံးဆောင်အပ်သည်ဟု ဘုရားမဟောဘဲ၊ ဟောသည်ဟု ပြခြင်းကြောင့် မြတ်စွာဘုရားကို စွပ်စွဲမိခြင်း၊ သတိဖြင့်ဆင်ခြင်၍ ဆေးကိုသုံးဆောင်ခြင်းသည်၊ အပ်၏ဟု ဘုရားဟောတော်မူသည်ကို ဟော၏ဟုပြခြင်းကြောင့်၊ မြတ်စွာဘုရားကို မစွပ်စွဲမိခြင်း။

ဒွေမေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ၊ ယော စ အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ၊ ယော စ ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တိ။

ဒွေမေ ဘိက္ခဝေ တထာဂတံ နဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ၊ ယော စ အဘာသိတံ အလပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ၊ ယော စ ဘာသိတံ လပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ နဗ္ဘာစိက္ခန္တိ။

အပ်သော အလေ့အလာမဟုတ်သော၊ အဆက်ဆက်သော ဆရာအထံမှနာယူသင်ကြား၍၊ အဆက်ဆက်သော တပည့်အပေါင်း၊ ဘုရားကို မဟုတ်မလျှား စွပ်စွဲမိ၏၊ မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ ဂေလည,ဆာတ,ပိပါသအကြောင်းရှိသော်သာ ဆေးကိုသုံးဆောင်ခြင်းသည် အပ်၏။ ဆင်ခြင်ရုံမျှမအပ်ဟု အပ်သည်ကိုမအပ်၊ မအပ်သည်ကို အပ်၏ဟု ပညတ်ခြင်း ပယ်ခြင်းကြောင့်၊ ပညတ္တိ ဒုက္ကဋ်သင့်၏။ အာပတ်သင့်သဖြင့် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ကိုလည်းပြုမိ၏။ အဘယ်သို့လျှင် သာသနာတော်ကို ကွယ်စေသနည်း။

ယေ တေ ဘိက္ခဝေ ဘိက္ခူ ဒုဂ္ဂဟိတေဟိ သုတ္တန္တေဟိ ဗျဉ္ဇနပဋိရူပကေဟိ အတ္ထဉ္စ ဓမ္မဉ္စ ပဋိဗာဟန္တိ။ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ။ တေစိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ယေ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်၊ ဗျဉ္ဇနပဋိရူပကေဟိ၊ သဒ္ဒါတု ဝါကျတုဖြစ်ကုန်သော၊ ဒုဂ္ဂဟိတေဟိ၊ မသင့်သော အနက်ကိုသာ ယူကုန်သော၊ သုတ္တန္တေဟိ၊ ပါဠိဟူသော သုတ်တို့ဖြင့်၊ အတ္ထဉ္စ၊ သင့်သောအနက်ကိုရင်း၊ ဓမ္မဉ္စ၊ သင့်သော ပါဠိကိုရင်း၊ ပဋိဗာဟန္တိ၊ တားမြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်၊ ဗဟုဇနဟိတာယ၊ များစွာသော သူတို့၏ စီးပွါးခြင်းငှါ၊ ဗဟုဇန သုခါယ၊ များစွာသောသူတို့ချမ်းသာခြင်းငှါ၊ ပဋိပန္နာ၊ ကျင့်လိုပါကုန်လျက်၊ ဗဟုနော ဇနဿ၊ များစွာသောသူအပေါင်း၏၊ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ၊ အဟိတာယ၊ အစီးပွါးမဲ့ခြင်းငှါ၊ ဒေဝမနုဿာနံ၊ နတ်လူတို့၏၊ ဒုက္ခာယ၊ ဆင်းရဲခြင်းငှါ၊ ပဋိပန္နာ၊ ကျင့်မိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်၊ ဗဟုဉ္စ၊ များစွာလည်း၊ အပုညံ၊ မကောင်းမှုကို၊ ပသဝန္တိ၊ ပွါးစေကုန်၏။ တေစ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း၊ ဣမံ သဒ္ဓမ္မံ၊ ဤငါဘုရား သာသနာတော်ကို၊ အန္တရဓာပေန္တိ၊ မကျင့်ဖျက်ဖျောက် ပျောက်ကွယ်စေကုန်၏။ ။ဤသို့သာသနာတော်ကို ကွယ်စေ၏ဟူပေ။

## သာသနာတော်အရှည်တည်တန့်၍ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ်ရအောင် ကျင့်အပ်သည်ကို ပြခြင်း

သာသနာတော်ကိုလည်း မကွယ်စေ တည်လေအောင်၊ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်လည်း မဖြစ်အောင်၊ ပဋိက္ခေပပညတ်ကိုလည်း အပ်၏ဟု ခွင့်မပြုမိအောင်၊ အနုညာတပညတ်ကိုလည်း မအပ်ဟု

မပယ်မိအောင်၊ မှားသောဆောက်တည်ခြင်းကိုလည်း ပယ်စွန့်နိုင်အောင်၊ သင့်မြတ်သော ဆရာတို့၏အကျင့်အယူကိုလည်း ကျင့်ယူနိုင်အောင်၊ အကြင် အခြင်းဖြင့် တည်သည့်ရှိသော်၊တရားသဖြင့် သင့်၏၊ ထိုတရားသဖြင့်သင့်သော အခြင်းဖြင့်သာ တည်ကြပါကုန်၊ အဓမ္မဝါဒီ၏ဝတ္ထု ၁၈-ပါးကို ပယ်ရှား၍၊ ဓမ္မဝါဒီ၏ဝတ္ထု ၁၈-ပါးသောအခြင်းအရာအားဖြင့် တည်ရမည်ဟုလို။ ။ထို့ကြောင့်၊ ကောသမ္ဗကခန္ဓက၌။........

ကထာဟံ ဘန္တေ တေသု ဘိက္ခူသု ပဋိပဇ္ဇာမီတိ။ တေန ဟိ တွံ သာရိပုတ္တ ယထာ ဓမ္မော၊ တထာ တိဋ္ဌာဟီတိ။ ကထာဟံ ဘန္တေ ဇာနေယျံ ဓမ္မံ ဝါ အဓမ္မံ ဝါတိ။ အဋ္ဌာရသဟိ သာရိပုတ္တဝတ္ထူဟိ ဓမ္မဝါဒီ ဇာနိတဗ္ဗော၊ ဓမ္မံ ဓမ္မောတိ ဒီပေတိ၊ အဓမ္မံ အဓမ္မောတိ ဒီပေတိ၊ ဝိနယံ ဝိနယောတိ ဒီပေတိ၊ အဝိနယံ အဝိနယောတိ ဒီပေတိ၊ ဘာသိတံ လပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ၊ အဘာသိတံ အလပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ၊ အာစိဏ္ဏံ တထာဂတေန အာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ၊ အနာစိဏ္ဏံ တထာဂတေန အနာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ၊ ပညတ္တံ တထာဂတေန ပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ အပညတ္တံ တထာဂတေန အပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ အာပတ္တိံ အာပတ္တီတိ ဒီပေတိ၊ အနာပတ္တိံ အနာပတ္တီတိ ဒီပေတိ၊ သာဝသေသံ အာပတ္တိံ သာဝသေသာ အာပတ္တီတိ ဒီပေတိ၊ အနာဝသေသံ အာပတ္တိံ အနာဝသေသာ အာပတ္တီတိ ဒီပေတိ၊ လဟုကံ အာပတ္တိံ လဟုကာ အာပတ္တီတိ ဒီပေတိ၊ ဂရုကံ အာပတ္တိံ ဂရုကာ အာပတ္တီတိ ဒီပေတိ၊ ဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ၊ အဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ။ ဣမေဟိ ခေါ သာရိပုတ္တ အဋ္ဌာရသဟိ ဝတ္ထူဟိ ဓမ္မဝါဒီ ဇာနိတဗ္ဗော။-ဟု ဟောတော်မူပြီ။

ဘန္တေ၊ မြတ်စွာဘုရား။ တေသု ဘိက္ခူသု၊ ထိုကောသမ္ဗက ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့၌။ ကထံ၊ အဘယ်သို့လျှင်။ အဟံ၊ သည်း၊ ပဋိပဇ္ဇာမိ၊ ကျင့်ပါရအံ့နည်း။ ဣတိပုစ္ဆိ တော၊ ဤသို့မေးလျှောက်အပ်သည်ရှိသော်၊ သာရိပုတ္တ၊ သာရိပုတ္တရာ။ တေနဟိ၊ ထိုသို့မကျင့်တတ်သဖြင့်၊ တွံ၊ သင်သည်၊ ယထာ၊ အကြင်အခြင်းဖြင့်၊ တိဋ္ဌမာနေ၊ တည်သည်ရှိသော်။ ဓမ္မော၊ တရားသဖြင့် သင့်၏၊ တထာ၊ ထိုတရားသဖြင့်သင့်သော အခြင်းဖြင့်။ တိဋ္ဌာဟိ၊ တည်လော ဣတိ ဝုတ္တော၊ ဤသို့စကားမိန့်ကြားအပ်၏။ ။ယထာ တထာ၊ ဥပမာ မဟုတ်၊ ယင်းသို့ထုတ်မူ၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာလက္ခဏာ အနက်ဖြစ်မြဲ။ ။-ဟူသော နိယံနှင့် အညီပေးသည်။

ဘန္တေ၊ မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဓမ္မံဝါ၊ ဓမ္မကိုဝင်း။ အဓမ္မံဝါ၊ အဓမ္မကိုဝင်း။ အဟံ၊ တပည့်တော်သည်၊ ဇာနေယျံ၊ သိရာအံ့နည်း။ ဣတိ ပုစ္ဆိတော၊ ဤသို့ မေးလျှောက်အပ်သည်ရှိသော်၊ သာရိပုတ္တ၊ သာရိပုတ္တရာ။ အဋ္ဌာရ သဟိ ဝတ္ထူဟိ၊ ၁၈-ပါးသော ဝတ္ထုတို့ဖြင့်။ ပ ။ဓမ္မဝါဒိံ၊ ဓမ္မဝါဒီကို။ ဇာနိတဗ္ဗော၊ သိအပ်၏။ ဣတိ ဝုတ္တော၊ ဤသို့သောစကား မိန့်ကြားတော်မူအပ်ပြီ။

## နိဂုမ်း

ဣတိ ဣမိနာ ဗြဟ္မဝတာ ဗြဟ္မဝန္တေန ဝစနက္ကမေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော သဒ္ဒါအစဉ်, အနက်အစဉ်, စကားအစဉ်ဖြင့်။ ဇေယျာပုရ နဂရဿ၊ စစ်ကိုင်းမြို့၏။ ဥတ္တရာယ ဒိသာယ၊ မြောက်အရပ်၌။ ပဥ္စသဟဿ ယဋ္ဌိဒူရေ၊ ငါးတိုင်ဝေးသော။ ဒွိန္နံ ဟေဋ္ဌုပရိ မဟာတဠာကာနံ၊အောက်ကန်,အထက်ကန် ကန်ကြီး ၂-လုံးတို့၏။သမီပထလဋ္ဌိတ ဂါမတ္တ၊အနီးကုန်းမှာတည်သောရွာ၏အဖြစ်ကြောင့်။ မဟာတဠာက ထလဂါမေ၊ ကန်ကြီးကုန်းရွာ၌။ ဝိဇာတ ဇာတေန၊ ဖွါးရာဇာတိရှိသော။ သန္တဂါမေ၊ မင်းကွန်း၌။ ဝသန္တ ပုဗ္ဗတ္တာ၊ နေဘူးသည်၏ အဖြစ်ကြောင့်။ သန္တဂါမ ဘိက္ခုတိရှဠ် နာမေန၊ မင်းကွန်းဘုန်းကြီးဟု တွင်သော အမည်ရှိသော။ သုဝဏ္ဏနဂရေ၊ မြို

လှ၌။ ဝဿန္တ ပုဗ္ဗဏှာ၊ နေ့ဘူးသည့်၏အဖြစ်ကြောင့်၊ သုဝဏ္ဏ နဂရ ဘိက္ခူတိ ရဋ္ဌ နာမေန၊ မြို့လှဘုန်ကြီးဟုတွင်သော အမည်ရှိသော။ ဒါနိ၊ ယာခ၊ သုဝဏ္ဏဘူမိ သုမ္မနဂရေ၊ သုဝဏ္ဏတံ့ သထုံမြို့၌၊ ဥတ္တရာယ အနုဒိသာယ၊ အရှေ့ မြောက်ထောင့် အရပ်၌၊ အဋ္ဌော ဒိဂုဏပါကာရာနံ၊ အတွင်းမြို့ရိုး နှစ်ထပ်တို့၏။ အန္တရေ၊ အကြား၌၊ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌၊ ဝသန္တေန၊ နေသော။ ထေရေန၊ မထေရ်သည်။ ဝိနိစ္ဆိတော၊ ဆုံးဖြတ်အပ်သော။ သတိပဋ္ဌယောတိ ဝိနိစ္ဆယော၊ သတိပဋ္ဌယေ၏အဆုံးအဖြတ် သည်၊ ကောသိတိ ဒွိသတ ဧကသဟဿဝဿေ သာဝဏမာသေ ကဏှပက္ခ ဒွါဒသာဟ ဝိကာလေ၊ ၁၂၈၁-ခုနှစ် ဝါခေါင်လဆုတ် ၁၂-ရက် နေ့လွဲသောကာလ၌။ နိဋ္ဌိတော၊ အပြီးအဆုံးသို့ရောက်ပြီ။

သတိပဋ္ဌယေ အဆုံးအဖြတ်

ပြီး၏ပြီ